www.burmeseclassic.com


စိန်ရတု

ရန်ကုန်မြို့
နင်းဆီကုန်း ဘိုးဘွားရိပ်သာ
မျက်မှောက်ကာလ
ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိအခြေအနေတိုင်အောင်ဖွဲ့ဆိုသော
နင်းဆီကုန်းဘိုးဘွားရိပ်သာ
၇၅ - နှစ်ပြည့် စိန်ရတုဂုဏ်ပြု

BURMESE CLASSIC .com

# မော်ကွန်းတင်ကဗျာကြီး

သီကုံးရေးစပ်သူ
ဒေါက်တာထီလာစစ်သူ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀

✧✧✧

စာမူခွင့်ပြုချက်အမှတ် - ၄၂၀၀၄၄၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၂၀၀၄၄၁၂၀၇

✧✧✧

မျက်နှာဖုံးကွန်ပျူတာဒီဇိုင်း
လူဖော်သစ်

✧✧✧

မျက်နှာဖုံးနှင့်အတွင်းစာသား
ဒေါ်မြင့်မြင့်တင် (၀၄၀၈၀)
မြင့်သီရိပုံနှိပ်တိုက်
၂၀၈၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်

✧✧✧

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (၀၄၂၃၂)
သင်းစာပေ
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်

✧✧✧

စာအုပ်ချုပ်
မောင်မြင့်
၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။


BURMESE CLASSIC .com

ရန်ကုန်မြို့
နှင်းဆီကုန်းဘိုးဘွားရိပ်သာ
မျက်မှောက်ကာလ
ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိသော
အခြေအနေတိုင်အောင်ဖွဲ့ဆိုသော

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
(၇၅) နှစ်ပြည့် စိန်ရတုဂုဏ်ပြု

# မော်ကွန်းတင်ကဗျာကြီး


သီကုံးရေးစပ်သူ
**ဒေါက်တာထီလာစစ်သူ**



နှင်းဆီကုန်းဘိုးဘွားရိပ်သာ
အမှတ် (၂၀) ကမ္ဘာအေးစေတီလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၅၄၁၇၉၆၊ ၅၄၁၇၉၇



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အမှာစာ | ၁ |
| ၂။ | နှင်းဆီရနံ့ ဆွတ်ပျံ့ထုံမွှေး မွှေးလွန်းလေ၊ ကဗျာရှည်အတွက်အမှာစာ (အမှတ်ထင်ထင် - မှတ်တမ်းတင်တစ်စောင်) | ၅ |
| ၃။ | နိဒါန်းကဗျာ (မော်ကွန်းကဗျာ) | ၁၉ |
| ၄။ | ပထမကဏ္ဍ မော်ကွန်းကဗျာ | ၂၉ |
| ၅။ | ဒုတိယကဏ္ဍ မော်ကွန်းကဗျာ | ၅၇ |
| ၆။ | တတိယကဏ္ဍ မော်ကွန်းကဗျာ | ၁၁၃ |
| ၇။ | စတုတ္ထကဏ္ဍ မော်ကွန်းကဗျာ | ၁၂၃ |
| ၈။ | ပဉ္စမကဏ္ဍ မော်ကွန်းကဗျာ | ၁၃၁ |
| ၉။ | ဆဋ္ဌမကဏ္ဍ မော်ကွန်းကဗျာ | ၁၃၅ |
| ၁၀။ | သတ္တမကဏ္ဍ မော်ကွန်းကဗျာ | ၁၄၃ |
| ၁၁။ | ရောက်သူတိုင်းစိတ်ချမ်းသာသည် ဘိုးဘွားရိပ်သာဆောင်ပုဒ်နှင့်အညီ မေတ္တာရွှေရည် မွှေးပျံ့သင်းသင်းရီ | ၁၄၈ |
| ၁၂။ | နှင်းဆီကုန်းဘိုးဘွားရိပ်သာဖြစ်တန်း လာခဲ့သော ၇၅ နှစ်မြောက်စိန်ရတုသဘင် ဆင်ယင်ကျင်းပချိန် မင်္ဂလာအချိန် | ၁၅၀ |
| ၁၃။ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ ၇၅ နှစ်မြောက် စိန်ရတုသဘင် မော်ကွန်းတင်ကဗျာကြီးဖွဲ့ဆိုမှု | ၁၅၃ |



နှင်းဆီကုန်းဘိုးဘွားရိပ်သာ စတင်တည်ထောင်သူ
ဘွားဦးခွန်း



www.burmeseclassic.com

www.burmeseclassic.com






နှင်းဆီတုန်းတိုးဘွားရိပ်သာ ဆက်လက်တည်ထောင်သူ
သတိုးသီရိသုဓမ္မ ဦးတင် (မြန်မာ့အာလင်း)

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ အဆက်ဆက် ဥက္ကဋ္ဌများ



သတိုးသီရိသုဓမ္မ ဦးတင်(မြန်မာ့အလင်း)
(၄-၄-၁၉၄၃) မှ (၃-၁၀-၁၉၇၈)



မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမောင်
(၁၅-၁၁-၁၉၇၈) မှ (၂၀-၆-၁၉၈၀)



သီရိပျံချီ ဦးထွန်းကျော်
(၂၆-၆-၁၉၈၀) မှ (၂၆-၆-၁၉၈၂)



သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်
(၂၆-၆-၈၂) မှ (၁၁-၆-၈၇)



ဗိုလ်မှူးမောင်လွင်(ငြိမ်း)
(၂၀-၁၀-၁၉၈၇) မှ (၁၀-၂-၁၉၉၅)



ဇေယျကျော်ထင် ဗိုလ်ကြီးမောင်တင်(ငြိမ်း)
(၂-၄-၁၉၉၅) မှ (၃၁-၃-၂၀၀၆)



ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)
(၁-၄-၂၀၀၆) မှ (ယနေ့ထိ)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့

အမှုဆောင် အဖွဲ့ဝင်များ

(၁–၄–၂၀၀၆ နေ့မှစ၍ ယနေ့အထိ)

| စဉ် | အမည် | တာဝန် | ရာထူး |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) | ဥက္ကဋ္ဌ | ယခင်ဦးဆောင်ညွှန်ကြားရေးမှူး |
| | B.A, B.L | | မြန်မာ့သစ်လုပ်ငန်း |
| ၂။ | ဦးသောင်းထွန်း | ဒုတိယဥက္ကဋ္ဌ | ယခင်ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီး |
| | B.A, B.Ed, M.S (Ed) (Indiana Uni) | | ဌာန (ငြိမ်း) |
| ၃။ | ဗိုလ်မှူးအောင်သန်း | အတွင်းရေးမှူး | ယခင်တိုင်းပြည်သူ့ကောင်စီ |
| | B.Sc | | အတွင်းရေးမှူး |
| ၄။ | ဦးသိန်းအောင် | တွဲဖက်အတွင်းရေးမှူး | တွဲဖက်ညွှန်ကြားရေးမှူး (ငြိမ်း) |
| | B.A | | သာသနာရေးဦးစီးဌာန |
| ၅။ | ဦးတင်မောင်ဝင်း | တွဲဖက်အတွင်းရေးမှူး | ဒုတိယအတွင်းဝန်/ဌာနစုမှူး (ငြိမ်း) |
| | B.A | | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၆။ | ဦးအောင်သန်း | ဘဏ္ဍာရေးမှူး | တွဲဖက်ညွှန်ကြားရေးမှူး (ငြိမ်း) |
| | B.A, D.S.W (Swansea, U.K) | | လူမှုဝန်ထမ်းဦးစီးဌာန |
| ၇။ | ဦးမောင်မောင်ကြီး | တွဲဖက်ဘဏ္ဍာရေးမှူး | ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) |
| | B.Com (A.A) | | အမှတ် (၂) စက်မှုဝန်ကြီးဌာန |
| ၈။ | ဦးစိုးညွန့် | စာရင်းစစ် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) |
| | B.Com, C.P.A (DEP) | | စာရင်းစစ်ချုပ်ရုံး |
| ၉။ | ပါမောက္ခဒေါက်တာဒေါ်မဝင်းအောင်ခင် | အမှုဆောင်အဖွဲ့ဝင် | ပါမောက္ခချုပ် (ငြိမ်း) |
| | M.B.B.S, M.Med.Sc (Pharmacology) | | သူနာပြုတက္ကသိုလ် |
| | Ph.D (Yangon) | | |
| ၁၀။ | ဦးချစ်မြိုင် | အမှုဆောင်အဖွဲ့ဝင် | စာရင်းကိုင် (ငြိမ်း) |
| | တက္ကသိုလ်ဝင်တန်း | | လူမှုဝန်ထမ်းဦးစီးဌာန |
| ၁၁။ | ဒေါ်ခင်သန်းရွှေ | အမှုဆောင်အဖွဲ့ဝင် | လက်ထောက်ညွှန်ကြားရေးမှူး |
| | B.Com (A.A), R.A.D.S, D.A.C, | | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| | H.G.P, R.L | | |
| ၁၂။ | ဒေါက်တာဦးယဉ်ထွန်း | အမှုဆောင်အဖွဲ့ဝင် | ဆေးမှူး (ငြိမ်း) |
| | M.B.B.S (Ygn) | | ရေကြောင်းပို့ဆောင်ရေး |
| ၁၃။ | ဗိုလ်မှူးကြီးဒေါက်တာတင်သိန်းလွင် (ငြိမ်း) | အမှုဆောင်အဖွဲ့ဝင် | တပ်မှူး (ငြိမ်း) |
| | M.B.B.S, D.P.T.M (Ygn) | | တပ်မတော်ဆေးရုံကြီး |
| ၁၄။ | ဦးသန်းထွန်း B.Arch | အမှုဆောင်အဖွဲ့ဝင် | ဗိသုကာအင်ဂျင်နီယာ |



www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ
## အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏
## အမှာစာ

" နှင်းဆီရနံ့၊ ဆွတ်ပျံ့ထုံမွှေး၊ မွှေးလွန်းလေ " ခေါင်းစဉ်းဖြင့် [The Great Poet Laureate] ဒေါက်တာထီလာစစ်သူ [ပညာရှင်၊ Ph.D., D.Litt DUBLIN] က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၇၅) နှစ်ခရီး သမိုင်းကဗျာရှည်ကြီးကို ဂုဏ်ပြုစပ်ဆိုပါသည်။

### ဘွားဒေါ်ဦးဇွန်း

တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဘွားဒေါ်ဦးဇွန်းသည် မင်းကွန်းလူအိုရုံ (၁၉၁၅)၊ သထုံလူအိုရုံ (၁၉၂၃)၊ ပေါင်းတည်လူအိုရုံ (၁၉၂၉)၊ နှင်းဆီကုန်းလူအိုရုံ (၁၉၃၃) နှင့် ပခုက္ကူလူအိုရုံ (၁၉၃၇) စသည့် လူအိုရုံ (၅) ရုံကို တည်ထောင်ပေးခဲ့ပါသည်။ ထိုလူအိုရုံ (၅) ရုံများ၏ ခိုကိုးရာမဲ့ ဘိုးဘွားများကို ပြုစုရင်း ဘွားဒေါ်ဦးဇွန်းသည် သီလရှင်သုမာလာဘာဝဖြင့် မင်းကွန်းလူအိုရုံ၌ သက်တော် (၇၆) နှစ်အရွယ်၊ ၁၉၄၄ ခုနှစ်၊ မေလ (၁၁) ရက် နေ့တွင်ကွယ်လွန်ခဲ့ပါသည်။

### မြန်မာ့အလင်းဦးတင်

ဘွားဒေါ်ဦးဇွန်းသည် ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တိုင်း၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်၌ " နှင်းဆီကုန်းလူအိုရုံ " ကို စတင်တည်ထောင်ပေးခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း နှင်းဆီကုန်းလူအိုရုံ၏ ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းကို မြန်မာ့အလင်းဦးတင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော " နှင်းဆီကုန်းလူအိုရုံ စောင့်ရှောက်ရေးအဖွဲ့ " က ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ဤအဖွဲ့ အမည်မှ ၁၉၅၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် " နှင်းဆီကုန်း ဘိုးဘွား စောင့်ရှောက်ရေးအဖွဲ့ " အမည်သို့ ပြောင်းခဲ့ပါသည်။ သယ်န်းကျွန်း

www.burmeseclassic.com



ရိပ်သာမှ ၁၉၅၆ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် အမှတ် (၂၁) ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယခု တိုင်ဖြစ်ပါသည်။

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စိန်ရတုစရီး

ဤရိပ်သာကြီး၏ သက်တမ်းသည် ၂၀၀၈ ခုနှစ် တွင် (၇၅) နှစ်ရှိပါသည်။ ခိုကိုးရာမဲ့ ဘိုးဘွားပြုစုရေး လုပ်ငန်းကြီးမှာလည်း (၇၅) နှစ်ရှိပြီဖြစ်ပါသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးကို စတင် တည်ထောင်ပေးခဲ့သော တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဘွားဒေါ်ဦး ဖွန်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း အခက်အခဲများကြားမှ နှင်းဆီကုန်း ရိပ်သာကြီးတည်တန့်လာအောင်ဆောင်ရွက်ပေးခဲ့သော သတိုးသီရိ သုဓမ္မ မြန်မာ့အလင်းဦးတင်တို့၏ဂုဏ်ကျေးဇူးများကို လည်းကောင်း၊ ထိုကျေးဇူးရှင်ကြီးများ၏၊ ခိုကိုးရာမဲ့ ဘိုးဘွားများ ပြုစုရေးလုပ်ငန်းကြီး ကိုလည်းကောင်း ချီးကျူးဂုဏ်ပြုရန်ဖြစ်ပါသည်။

## ဒေါက်တာထီလာစစ်သူ၏ စေတနာ

ထိုအကြောင်းအား ရေးသားပေးပါရန် [The Great Poet Laureate] ဒေါက်တာထီလာစစ်သူ [Ph.D., D.Litt DUBLIN] အား မေတ္တာရပ်ခံခဲ့ပါသည်။ စာရေး ဆရာကြီးက နှင်းဆီကုန်းဘိုးဘွား ရိပ်သာနှင့် ပတ်သက်သော စာအုပ်စာတမ်းများ ဖတ်ကြားခြင်း၊ ရိပ်သာသို့ အကြိမ်ကြိမ်လာရောက်လေ့လာဆွေးနွေးမှုများ ပြုလုပ်ပြီး ကဗျာရှည်ကြီးကို အားသွန်ခွန်စိုက် ရေးသားပြုစုပေးခဲ့ပါသည်။ စာမူ ပိုင်ခွင့်ကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာသို့ လှူဒါန်းခဲ့ပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ “ ရောက်သူတိုင်းစိတ်ချမ်း



သာသည် ” ဆိုသည်နှင့်အညီ ရိပ်သာ၏ဂုဏ်သတင်းကိုဖေါ်ကျူး သည့် “ နှင်းဆီရနံ့၊ ဆွတ်ပျံ့ထုံမွှေး၊ မွှေးလွန်းလေ ” ကဗျာရှည်ကြီး ရေးသားစပ်ဆိုပေးသော ကဗျာဆရာကြီး၊ သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဒေါက်တာထီလာ စစ်သူအား အထူးပင်ကျေးဇူး တင်လျက်၊ ဂုဏ်ပြုလျက်ရှိပါသည်။

စာရေးဆရာကြီး ဒေါက်တာထီလာစစ်သူသည် ကျန်းမာ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာ၏ တိုးတက်ရာတိုးတက် ကြောင်း ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့အပ်ပါသည်။

ဦးကျော်ရှိန် B.A, B.L.
ဒုတိယမိုလ်မှူးကြီး (အငြိမ်းစား)
ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့
နှင်းဆီကုန်းဘိုးဘွားရိပ်သာ

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရနံ့ ထွတ်ပျံ့ထုံမွှေး မွှေးလွန်းလေ၊ ကဗျာရှည်အတွက်
အမှာစာ

## အမှတ်ထင်ထင် မှတ်တမ်းတစ်စောင်

ဒေါက်တာထီလာစစ်သူ Ph.D., (2004) D.Litt (2006)
F.D MU 2006 DUBLIN
The Great Poet Laureate JAPAN (1996)
ပညာရှင်၊ မြန်မာနိုင်ငံ

(၁)

အခန်းအပြင်ဘက်တွင် ငွေနှင်းတွေဝေနေသည်။ မွှေးပျံ့သင်းထုံသော နှင်းဆီနီနီတို့၏ ရနံ့သည် အခန်းထဲတွင် မွှေးကြိုင်နေပြန်သည်။

အေးမြလန်းဆန်းသော မြောက်ပြန်လေသည် သူ၏အခန်းထဲသို့ ခုန်ပေါက်ဝင်ရောက်လာကာဝှေ့ရမ်းသွားတော့သည်။ သူ၏ငွေရောင်ဆံပင်တို့သည် ဖွာရာရာကြဲဖြန့်သွားကုန်သည်။ သူသည် အေးမြစိမ့်ကျင်သည့် ဟေမာန်ဆောင်း၏ အတွေ့ဝယ် ချမ်းမြေ့ကြည်နူးနေမိသည်။

တစ်ဆောင်းရောက်ခဲ့ပြန်ပြီ။

ရန်ကုန်ဆောင်းသည် ချစ်စရာကောင်းလှသည်။ ကောင်းကင်ပြာပြာမှိုင်းမှိုင်းတွင် တိမ်တောင်တိမ်လိပ် အချို့က မင်းမူနေဆဲပင်။

ဟိုအဝေးမှာ အို မနီးမဝေးပါလေ။ ရန်ကုန်မြစ်၏ မြစ်ပြင်ရေပြင်က ငြိမ်သက်စွာ စီးဆင်းနေဆဲပါ။ ရန်ကုန်မြစ်ထဲမှာတော့ ကျောက်ချထားသော ပင်လယ်ကူး ကုန်တင်သင်္ဘောကြီးတွေ။ သို့ချစ်သော ရန်ကုန်မြို့၏ ဆောင်းတစ်ရာသီ တစ်ဥတုမှာ ၂၀၀၇ ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဦးဇွန်း၊ အမေဒေါ်ဦးဇွန်းအတွက် ကဗျာရေးခဲ့သည်။

သူသည် ကမ္ဘာပေါ်တွင် ခိုကိုးရာမဲ့သော ဘဝဒုက္ခများနှင့် ရင်ဆိုင်ရရှာသော၊ ဆင်းရဲနွမ်းပါးပြွမ်းတီးသော အကြင်လူသားများကို ပြုစုစောင့်ရှောက်သော၊ ဆေးကုသပေးသော မဟာကရုဏာရှင်များအဖြစ် ရပ်တည်ခဲ့ကြသူ၊ မာသာထရီဇာ၊ ဒေါက်တာအယ်လ်ဘတ်ရွိက်ဇာ၊ ဒေါက်တာဟင်နရီနော်မန်ဖက်သွန်း၊ ဖလော့ရင့်စ်နိုင်တင်ဂေးလ်တို့နှင့်အတူ အမေဒေါ်ဦးဇွန်း၊ အဖွားဒေါ်ဦးဇွန်း၏ ဖြူစင်သန့်ရှင်း ဝင်းလက်လှသော စိတ်ဓာတ်နှင့် စေတနာတရားကို အောက်မေ့ဂုဏ်ပြုနေမိသည်။ သူ၏ရင်ထဲဝယ်ဤမဟာဂရုဏာရှင်ကြီးများ၏ မွန်မြတ်မြင့်မားလှသော စိတ်နေစိတ်ထားနှင့် ကြိုးပမ်းဆောင်ရွက်အားထုတ်ခြင်းများကို အလေးအမြတ်ဦးညွှတ်နေမိသည်။ လူသားအချင်းချင်းကို ကူညီစောင့်ရှောက်ရာ၌ တစ်ဘဝလုံးရင်းနှီးမြှုပ်နှံ၍ ကိုယ်ကျိုးဟူသမျှကို စွန့်လွှတ်လျက် ပရဟိတလုပ်ငန်းကြီးတို့ကို ထူထောင်လုပ်ကိုင်အကောင်အထည်ဖော်သွားကြသည်မှာ ကမ္ဘာကြေသော်လည်း ဥဒါန်းကြေမည်မဟုတ်ချေ။

သူသည် အမေဒေါ်ဦးဇွန်း၊ အဖွားဒေါ်ဦးဇွန်းအား များစွာပင် လေးစားကြည်ညိုလေးမြတ်သည်။ လွန်ခဲ့သောနှစ်များစွာကပင် အမေဒေါ်ဦးဇွန်း၊ အဖွားဒေါ်ဦးဇွန်းအကြောင်း အကောင်းဆုံးသော ဆောင်းပါးတစ်စောင် (သို့မဟုတ်) အလှပဆုံးသော ကဗျာရှည်တစ်ပုဒ်ရေးသားဖွဲ့ဆိုမည်ဟူသောစိတ်ဆန္ဒသည် သူ၏ရင်တွင်းသို့ ကိန်းအောင်းတည်ရှိနေခဲ့သည်။

ယခု သူ၏စိတ်ဆန္ဒကို ကဗျာရှည်ကြီးတစ်ပုဒ်ဖြစ်အောင် အချိန်၊ နာရီ၊ ရက်၊ လယူ၍ ရေးသားဖွဲ့ဆိုနိုင်လိုက်ပြီ။



✻ စစ်ကိုင်းတောင်ရိုး
မြူခိုးလွှင်
သခင်လွမ်းဘိ
စောင်းကြိုးညှိ
ဆိုသည့်တေးလျှင် သံလွင်လွင်။

✻ ရောဝတီ
စိမ်းမြရည်
စီးလည်ရစ်ခွေ
လွမ်းဆွတ်နွေ
ရေလှိုင်းငြိမ့်ငြိမ့် သိမ့်သိမ့်ထင်။

✻ ကောင်းကင်မှိုင်းပြာ
ဝတ်ရုံလွှာ
တိမ်ဇာတစ်ပွေ့
တရွေ့ရွေ့
ဝေ့ဝေ့မျောပြန် အထီးကျန်။

✻ မင်းကွန်းနေခြည်
ရွှန်းလဲ့ရီ
ဝင်ကြည်ဖိတ်ဖိတ်
တရိပ်ရိပ်
တောင်ထိပ်ရိုက်ခတ် တဖြတ်ဖြတ်။

✻ အမေဦးဇွန်း
ဘွားဦးဇွန်း
ထွန်းတောက်သဒ္ဒါ
ဝန်းဖြာပျံ့
ရနံ့ မွှေးမွှေးကြိုင်၊ တလှိုင်လှိုင်
ကြိုင်ကြိုင်သင်းသင်း တဝေဝေ။

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့၏ လောကကို မေတ္တာတရား အကြင်နာတရား၊ ကရုဏာတရားတို့ဖြင့် အစဉ်သွန်းလောင်းပက်ဖျန်းနေအပ်ပါသည်။ လူသားတို့၏ စိတ်ချမ်းမြေ့သာယာဝပြောစည်ပင်မှု၊ ငြိမ်းချမ်းချစ်ခင်နှစ်သက်မြတ်နိုးမှု၊ ကူညီထောက်ပံ့စောင့်ရှောက်ထိန်းသိမ်းမှုတို့ကို အချိန်ရသရွေ့၊ ကိုယ်စိတ်နှစ်ပါး ထမ်းဆောင်သည်ပိုးနိုင်သရွေ့၊ လုပ်ဆောင်အကောင်အထည်ဖေါ်ရမည်မှာ စိတ်ကောင်းရှိသော လူသားတိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။ စိတ်ကောင်းစိတ်မြတ်မွေးထားနိုင်သည်နှင့်အမျှ ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရား မြင့်မြတ်ကြီးမားသည်နှင့်အမျှ၊ စိတ်ထားနူးညံ့သိမ်မွေ့ ပြောပြောင်းသည်နှင့်အမျှ၊ ရည်ရွယ်ချက်ကောင်းမွန်လှသော အပြုလုပ်ငန်းကုသိုလ်လုပ်ငန်းတို့ကို ဦးတည် တည်ဆောက်သွားနိုင်ကြစမြဲပင်ဖြစ်ပါသည်။

ထိုစိတ်ကောင်းနှလုံးကောင်းရှိသူတို့၏ မျက်နှာအသွင်အပြင်သည် အစဉ်ချိုမြ ရွှင်လန်းကြည်လင်လျက်ရှိနေတတ်ပြီး လန်းဆတ်ပူဇွေးရှင်သန်သော အပြုံးပန်းပွင့်တို့သည်အစဉ် ဖူးပွင့်နေတတ်ပါသည်။

ထိုစိတ်ကောင်းနှလုံးကောင်းရှိသူ၊ သူတော်ကောင်းသူတော်စင်တို့နေရာသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာဖြစ်ပြီး မြင့်မြတ်ဖြူစင်သော အလှူရှင်၊ ဒါနရှင်ကုသိုလ်ရှင်တို့ အစဉ်မပြတ်ဝင်ရောက်လှူဒါန်းမှုလာရောက်ပြုရာနေရာလည်းဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုဒါနအလှူအတန်းပြုမှုများဖြင့် နေ့စဉ်ပွင့်မောဝေစည်ရွှင်ကြည်ရာ ဌာနသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာဖြစ်ပါသည်။ သို့နှင့် ကဗျာရေးဖွဲ့ဖြစ်ပြန်ပါသည်။

# နှင်းဆီရနံ့



www.burmeseclassic.com

www.burmeseclassic.com



※ နှင်းဆီနီနီ
ရန့်ကြည်
ရီရီပျံ့မွှေး
မွှေးမှမွှေး။
※ နေဝန်းနီနီ
ရွှန်းမြကြည်
နေခြည်ဖွေးဖွေး
နွေးမှနွေး
※ မေတ္တာရွှေရည်
ပွင့်မောစည်
ကြည်သာအေးအေး
အေးမှအေး
※ ငါတို့ဘိုးဘွား
စောင့်ရှောက်ထား
အားလုံးကူညီ
တို့မြန်ပြည်
နှစ်ရှည်ကာလ
ဖွံ့ဖြိုးစွ။

လောကတစ်ခွင် ၊ ကျော်ဇောထင်၏
ချစ်ကြင်မြတ်နိုး ၊ မေတ္တာစိုးခဲ့
အမျိုးဘာသာ ၊ သာသနာလျှင်
ဝေဖြာပွင့်လင်း ၊ ရွှန်းပဝင်းနေ
ချစ်ခြင်းဂုဏ်သိန်၊ တရှိန်ရှိန်ပင်
စိန်ရတုသည် ၊ နှစ်ပတ်လည်ပြီ
မြန်ပြည်သိက္ခာ ၊ မြင့်မားစွာတည်း
ကမ္ဘာအလည် တို့ရပ်တည်
ဂုဏ်ရည်တွန်းပြောင် မျိုးဂုဏ်ရောင်

www.burmeseclassic.com



ရောင်ခြည်တထောင် အလင်းဆောင်။

ဤနှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုနှစ်ပတ်လည်အတွက် ဤကဗျာရှည်ကြီးဖွဲ့ဆိုရေးနှင့် စပ်လျဉ်း၍ ပြန်ပြောင်းစဉ်းစားခဲ့မိပြန်ပါသည်။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလဆန်းက စာရေးဆရာရွှေစွန်ညို က ဖုန်းဆက်လာပါသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ စိန်ရတုနှစ်ပတ်လည်အတွက် ကဗျာတစ်ပုဒ်ရေးပေးပါရန်၊ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ရှိန်မှ အကူအညီတောင်းခံလာ၍ ဆောင်ရွက်ပိုင်းဝန်းပေးပါရန်ပြောလာပါသည်။ အထောက်အထား စာအုပ်စာတမ်းများ တောင်းခံရာရောက်ရှိလာသည်။ သို့နှင့် ဗိုလ်မှူးကြီးကျော်ရှိန်ထံ ဖုန်းဆက်ပြောဆိုဆက်သွယ်လိုက်ရာ ဗိုလ်မှူးကြီးကျော်ရှိန်က ဝမ်းပမ်းတသာကြိုဆိုလက်ခံပြီး စကားများပြောဆိုဆွေးနွေးဖြစ်ပါသည်။

သူက သူ့အနေဖြင့် စင်္ကာပူနိုင်ငံ စင်္ကာပူအထွေထွေရောဂါကုဆေးရုံကြီးသို့ ရက်ပိုင်းအတွင်း သွားရောက်ကုသခံယူရန် အရေးကြီးဆေးဝါးကုသမှုရှိနေ၍ အပြန် ပြန်ရောက်မှ ရေးဖွဲ့ပေးမည်ဟု ပြောပြဖြစ်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်က ဖြစ်ခဲ့ပါသည်။ သူသည် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်မှ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အထိ စင်္ကာပူနိုင်ငံမှာ ဆေးဝါးကုသမှုခံယူနေခဲ့ရပါသည်။ ပြန်ရောက်သောအခါ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)၊ ဗိုလ်မှူးအောင်သန်း (ငြိမ်း)၊ ဦးသောင်းထွန်း၊ ဦးမောင်မောင်ကြီး စသူတို့နှင့် တွေ့ဆုံပြီး အထောက် အထားစာအုပ်၊ စာရွက်စာတမ်းများရယူပြီး အနားယူရင်း ကဗျာ စတင်ရေးဖွဲ့လိုက်ပါသည်။ ၁၈ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၀၇ ခုနှစ်၊ ဗုဒ္ဓဟူးနေ့မှစတင်ရေးသားဖွဲ့ဆိုခဲ့ပါသည်။ ဤကဗျာရှည်ရေးရာတွင် စိတ်တိုင်းကျအချိန်ယူ၍ ရေးသားအားထုတ်နိုင်ခဲ့ပါသည်။ သူ၏ ဘဝတွင် ရေးဖွဲ့သူ၏ ကဗျာဆရာဘဝတွင် အချိန်ကာလ အယူဆုံးသော ကဗျာရှည်ကြီးတစ်ပုဒ်



ဖြစ်နေပါပြီ။ ၇ ရက်၊ ဇွန်လ ၂၀၀၇ ခုနှစ်၊ ကြာသပတေးနေ့ ၁၈း၀၉း၁၅ နာရီအချိန်တွင် လက်စသတ် နိုင်ခဲ့ပါပြီ။ သူတာဝန်ယူထားသော တာဝန်ကြီးတစ်ရပ်လည်း ပြီးဆုံးပြီးမြောက်သွားပါပြီ။

သူ၏အခန်းထဲမှာတော့ မွှေးပျံ့သင်းထုံသော နှင်းဆီနီနီ တို့၏ ပန်းရနံ့တို့သည် မွှေးကြိုင်နေဆဲပင်။

မုတ်သုန်မိုးရာသီဥတု၏ ငွေပုလဲ မိုးဥတု၏ ငွေပုလဲဥများ၊ ငွေရည်စက်ငွေမျှားတန်များက သူ၏ အခန်းအပြင်နံရံမှာ ကြွေကျဖျန်းပက်ရိုက်ခတ်နေပြန်ပါပြီ။

အေးမြချမ်းစိမ့်သော မုတ်သုန်မိုး၏ အအေးဓာတ်များက သူ့အား စိတ်ချမ်းမြေ့အေးချမ်းစေပါပြီ။ မြန်မာနိုင်ငံတွင် ခိုကိုးရာမဲ့ရှာသော၊ ဘဝဒုက္ခများ၏ဖိစီးမှုဒဏ်ခံရရှာသော၊ ဆင်းရဲနွမ်းပါးမှုပြွမ်းတီးနေရရှာသော ထိုထိုသော အဘိုးအဘွားများအတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် သုခဘုံဗိမာန်အစစ်ပင်ဖြစ်ကြောင်း တွေးတောသိရှိနေသည်မှာ ကြာမြင့်ခဲ့ပါပြီ။

အမေဒေါ်ဦးဇွန်း၊ အဖွားဒေါ်ဦးဇွန်း၏ ဘဝတစ်ခုလုံးနှင့်ရင်းနှီးမြှုပ်နှံခဲ့သော ပရဟိတစေတနာရှင်လုပ်ငန်းကြီးသည် ဆက်၍ဆက်၍ ဆက်ခံလုပ်ကိုင်ကြသော စေတနာရှင်၊ မေတ္တာရှင် သူတော်ကောင်းတို့၏ လုံ့လဝီရိယ ဇွဲစိတ်ဓာတ်ခွန်အားတို့ကြောင့် ကြီးထွားကြီးမားဖွံ့ဖြိုးစည်ပင်နေသည်မှာ ဘာက်စုံပင်ဖြစ်နေပါပြီ။

ဤတွင် သူသည် အမေဒေါ်ဦးဇွန်း၊ ဖွားဒေါ်ဦးဇွန်း စတင်တည်ထောင်ခဲ့သော မင်းကွန်းလူအိုရုံ မြန်မာသက္ကရာဇ် ၁၂၇၇ (ခရစ်နှစ် ၁၉၁၅ ခုနှစ်) အချိန်ကာလမှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက်စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသူ ပရဟိတစေတနာရှင်၊ ဥက္ကဋ္ဌများနှင့် အမှုဆောင်များကို သတိရမိပြန်ပါသည်။ သူတို့အား ဂုဏ်ကျေးဇူးကားကြီးမားလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဘွားဦးဇွန်း၊ ကမ္ဘာ့လူမှုဝန်ထမ်းအမျိုးသမီးကြီး၊ တိုင်းကျိုးပြည်ကျိုးဆောင် TPS ဘွဲ့ရ (၁၉၃၃ ခုနှစ်)

၂။ ဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ မြန်မာ့အလင်းဦးတင်၊ သတိုးသီရိသုဓမ္မ၊ ၄. ၄. ၁၉၄၃ မှ ၃. ၁၀. ၁၉၇၃ ခုနှစ်ထိ ၃၅ နှစ် ၆ လ

၃။ ဥက္ကဋ္ဌ၊ ဦးလှမောင်၊ နိုင်ငံတော်ကောင်စီဝင် (၁) နိုင်ငံ့ဂုဏ်ရည်ပထမဆင့် (၂) မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့။
၁၅. ၁၁. ၇၈ မှ ၂၀. ၆. ၁၉၈၀ ထိ ၁ နှစ် ၇ လ

၄။ ဥက္ကဋ္ဌ၊ အငြိမ်းစားသစ်တောမင်းကြီးဦးထွန်းကျော်၊ သီရိပျံချီ
၂၀. ၆. ၁၉၈၀ မှ ၂၆. ၆. ၁၉၈၂ အထိ ၂ နှစ်

၅။ ဥက္ကဋ္ဌ၊ အငြိမ်းစားတရားဝန်ကြီးချုပ်၊ ဦးချန်ထွန်းအောင်သရေစည်သူ။ (၁၉၅၀) သတိုးမဟာသရေစည်သူ ၁၉၅၅ နိုင်ငံ့ဂုဏ်ရည်ပထမဆင့် ၁၉၈၀။
၂၆. ၆. ၁၉၈၂ မှ ၁၁. ၆. ၁၉၈၇ ထိ ၅ နှစ်

၆။ ဥက္ကဋ္ဌ၊ ဗိုလ်မှူးမောင်လွင် (ငြိမ်း) (ကြည်း ၅၀၈၇) စစ်မှုထမ်းကောင်းတံဆိပ်၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ကွန်ဂိုနိုင်ငံ၊ ပြည်ပရန်နှိမ်တံဆိပ်၊ (တရုပ်ဖြူစစ်ဆင်ရေး)။ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ် ၂၀. ၁၀. ၁၉၉၇ မှ ၁၈. ၂. ၁၉၉၅

၇။ ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင် (ငြိမ်း) သူရဲကောင်းဓါးဆု (၁၉၅၁ ခုနှစ်) သူရဲကောင်း မှတ်တမ်းဝင် (၁၉၅၂ ခုနှစ်) ဇေယျကျော်ထင်ဘွဲ့ (၁၉၆၀ ပြည့်နှစ်) လူမှုထူးချွန် (တတိယ) (၁၉၈၀ ပြည့်နှစ်)။
၂. ၄. ၁၉၉၅ မှ ၃၁ မတ်လ ၂၀၀၆ အထိ

၈။ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) (က) နိုင်ငံတော်စစ်မှုထမ်းကောင်းတံဆိပ် (ခ) ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ် (ဂ) ပြည်ပရန်နှိမ်တံဆိပ်။ ၁. ၄. ၂၀၀၆ မှ ယနေ့အထိ ဆောင်ရွက်ထမ်းဆောင်နေဆဲ ပစ္စုပ္ပန်ကာလ)



ထိုထိုသော နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသီးသီးသောဒါနရှင်၊ ပရဟိတစေတနာရှင်၊ ပုဂ္ဂိုလ်သူတော်ကောင်းအပေါင်းတို့၏ ဖြူစင်သန့်ရှင်းသော စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတရားတို့ စွမ်းပကားကြီးမားမှုများကြောင့်ပင်ဟု ဆိုရပါမည်။ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်ကြီးပွား ကြီးမားလာသောအခြေအနေကောင်းရလဒ်ကောင်းများ ရရှိလာနေသည်ကို တွေ့မြင်နေရသည်။ သက်န်းကျွန်းလူအိုရုံ၊ မင်းကွန်းလူအိုရုံတို့ အခြေအနေအဆင့်အတန်းမှသည် ယနေ့ရောက်ရှိဖြစ်ထွန်းနေသော နှင်းဆီကုန်းဘိုးဘွားရိပ်သာ ကမ္ဘာအေးစေတီလမ်းမဘေးရှိတောင်ကုန်းပေါ်တွင် များပြားသော အဆောက်အဦများ တိုးပွားဆောက်လုပ်တည်ရှိနေသည်တို့က လက်တွေ့သက်သေပြနေပြီမဟုတ်ပါလော။ ဤအဆက်ဆက်သော ဥက္ကဋ္ဌများနှင့်အလုပ်အမှုဆောင်တို့၏ ရိုးသားဖြောင့်မတ်စင်ကြယ်မှု၊ မွန်မြတ်သန့်ရှင်းဖြူစင်မှု၊ တစိုက်မတ်မတ်ပင် လုံ့လဝီရိယဖွဲ့သတ္တိစိတ်နှလုံးကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းစွမ်းဆောင်နိုင်မှုတို့ကို ချီးကြူးဂုဏ်ပြုရမည်သာဖြစ်ပါသည်။ ထို့ကြောင့် ဤနေ့ဤအခါ ဤကာလစိန်ရတုတွင် မော်ကွန်းကမ္ဗည်းစာတမ်းထိုး၍ ဂုဏ်ပြုမှတ်တမ်းတင်လိုက်ပါပြီ။ သို့ဖြစ်ပါ၍ ဤသမိုင်းဝင်မော်ကွန်းတင်ကဗျာရှည်ကြီးဖြင့် ဖွဲ့ဆိုသီကုံး၍ ပုလဲပန်းလျှင်တင်ဆက်လိုက်သည်ဟု ဆိုရပါသတည်း။

ရောက်သူတိုင်းစိတ်ချမ်းသာသည်။
ဘိုးဘွားရိပ်သာဆောင်ပုဒ်နှင့်အညီ
မေတ္တာရှေ့ရှည် မွေးပျံ့သင်းရီ

www.burmeseclassic.com

www.burmeseclassic.com



-- တွေးသောပီတိ ဂွမ်းဆီထိသို့
ဖြစ်ဘိရတုံ့ စိတ်အာရုံတွင်
မြင်မိဝင်းပြက် တလက်လက်ပင်
ဘက်စုံဖွံ့ဖြိုး ဆောက်ဦးမျိုးစုံ
တိုးတက်ကြီးပွား တမားမားတည့်
မျက်ဝါးထင်ထင် လွန်ပေါ်လွင်နေ
တွေ့မြင်သည်ကား တို့ဘိုးဘွားတို့
အားကိုးမဲ့ရာ အားထားရာတည့်
မြန်မာနိုင်ငံ ဂုဏ်တင့်လျှံကြည်
ဝေဖိတ်စည်နေ
ပြည်သူပြည်သား ဂုဏ်ဝင့်ကြွားနေ
ထူးခြားမြင့်စွ ကိုးကွယ်ကြသော
ဗုဒ္ဓဘာသာ သာသနာတော်
မဟာယဉ်ကျေးမှု စံတင်ပြုနိုင်
သာဓုသာဓု ဤကောင်းမှုတို့
ပြုသူရိပ်သိမ်း ချမ်းမြငြိမ်းဘိ ----
သန္တိသုခ လူ့ဘဝတွင်
ရကြလေပြီ ရတုသီခဲ့
အောင်စည်အောင်မောင်း ရိုက်ခညောင်း၍
အောင်ကြောင်းလက်ာ ဖွဲ့နွဲ့ပါသည်
မြန်မာတည်သရွေ့ တည်စေသော်ဝ်
ကမ္ဘာရှည်သရွေ့ ရှည်စေသော်ဝ်။ ။



※ ယောဘိက္ခဝေ
ဥပဠ္ဌဟေယျ
သောဂိလာနံ
ဥပဠ္ဌဟေယျ

※ ချစ်သားတို့
ငါဘုရားကို
လုပ်ကျွေးလိုသော
ထိုပုဂ္ဂိုလ်သည်
ဂိလာနဘိုးဘွား
လုပ်ကျွေးသွားလော့။
(မဟာဝါပါဠိတော်)

※ အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဍာ ပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊
အာယုဝဏ္ဏော သုခံဗလံ။
(အာင္ဂုတ္တရနိကာယသုတ်တော်)

ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့သော ဂေါတမမြတ်စွာဘုရား၏ အဆုံးအမသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်မှစ၍ တည်ရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်တည် ရှင်သန်လျက်ပင်ရှိဆဲဖြစ်ပါသတည်း။

※ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု
ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု
ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

www.burmeseclassic.com

www.burmeseclassic.com



⁕ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည်
အနှစ်ငါးထောင်မက တည်တန့်တည်ရှိပါစေသတည်း။

⁕ ဤနှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့်အတူ မြန်မာပြည်ရှိအခြား သောဘိုးဘွားရိပ်သာများအပါအဝင် အားလုံးသောဘိုးဘွား ရိပ်သာများသည် အခွန့်ရှည်တည်တံ့ပါစေသတည်း။

⁕ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ချစ်ခင်နှစ်သက်မြတ်နိုး ကြကုန်လျှက် ငြိမ်းချမ်းသာယာခြင်း၊ ဝပြောစည်ပင်တိုးတက် အောင်မြင်ခြင်း၊ စပါးဆန်ရေ သီးနှံအလျှံပယ် ပေါကြွယ်ဝ၍ ချမ်းသာကိုလုံပြည့်စုံခြင်း၊ ဘေးအန္တရာယ်ဟူသမျှ မြူမျှပင် မရှိ ကင်းစင်ကင်းဝေးခြင်း၊ ကပ်ကြီးသုံးပါးမှ လွတ်မြောက်ခြင်း၊ ဖွံ့ဖြိုးကြွခိုင်တောင့်တင်းသန်မာခြင်း၊ ယဉ်ကျေးမှုပညာ ဝိဇ္ဇာ သိပ္ပံစာပေ လက်ာကဗျာ၊ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဒဿနိကဗေဒသမိုင်းပညာ၊ အလုံးစုံတို့ တဟုန်တည်းတိုးတက် စွမ်းဆောင်နိုင်ခြင်းတို့ဖြင့် ပညာရှင်အပေါင်းတို့နှင့် ပြည့်စုံကုံ လုံကြွယ်ဝပါစေသတည်း။

ကဗျာရှည်ကြီးရေးစပ်ပွဲ့နွဲ့သီကုံးသူ

ဒေါက်တာထီလာစစ်သူ၊ ပညာရှင်
Ph.D. Hon F.D.M.U (2004)
DLitt F.D.M.U (2006)
DUBLIN ME TROPOLITAN
UNIVERSITY,
IRELAND RE PUBLIC
The Great Poet Laureate
(1996) JAPAN. I.V.F TOKYO
One Thousand Greats IB. C
Cambridge ENGLAND. 2002
IBC Cambridge ENGLAND



ဒေါက်တာစိုးညွန့်၊ ပညာရှင်
ဒုတိယဝန်ကြီး (အငြိမ်းစား)
မြန်ကြားရေးဝန်ကြီးဌာန (၁၉၉၂-၁၉၉၃)
ယဉ်ကျေးမှုဝန်ကြီးဌာန (၁၉၉၃-၂၀၀၃)
Winner of President Marshall Tito's Military Merit Dagree Third
(1954) & Diploma
စာပေဗိမာန်ကဗျာစာပေဆု ၁၉၆၂ (မြန်မာနိုင်ငံ)
Military Good Service Medal (1982)
Literary Messenger of Friendship CHINA (2001)
The Friendship Medal LAO 2003
Leading Educations of the World 2005

ကျမ်းကိုးစာရင်း

၁။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သမိုင်းဖြစ်စဉ် (ခမ္ဘဒါန) စာအုပ်
၂။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူ တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဘွားဦးဖွန်းအတ္ထုပ္ပတ္တိစာအုပ်
၃။ ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ပထမဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဘွဲ့ရ၊ မြန်မာ့အလင်းဦးတင် အတ္ထုပ္ပတ္တိ စာအုပ်၊ ခမ္ဘဒါန၊ ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ ခုနှစ်။ ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့မှ ခမ္ဘဒါနအဖြစ်ထုတ်ဝေပါသည်။

အကူအညီပေးသူများ

၁။ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့
၂။ ဦးသောင်းထွန်း ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့
၃။ ဗိုလ်မှူးအောင်သန်း (ငြိမ်း) အတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့
၄။ ဦးမောင်မောင်ကြီး တွဲဘက်ဘဏ္ဍာရေးမှူး အမှုဆောင်အဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်းကဗျာ

# မော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း



www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီရနံ့၊ ထွေတပျံ့ထုံမွှေး

(၁)

✲ နှင်းဆီနီနီ
ရနံ့ကြည်
ရိရိပျံ့မွှေး . . . မွှေး မွှေး မွှေး။

✲ နေဝန်းနီနီ
ရွှန်းမြကြည်
နေခြည်ဖွေးဖွေး
နွေးမှနွေး . . . နွေး နွေး နွေး။

✲ မေတ္တာ ရွှေရည်
ပွင့်မောစည်
ကြည်သာအေး
အေးမှအေး . . . အေး အေး အေး။

✲ ငါတို့ ဘိုးဘွား
စောင့်ရှောက်ထား
အားလုံးကူညီ
တို့မြန်ပြည်
နှစ်ရှည် လတွေ
ဖွံ့ဖြိုး ဝေ . . . ဝေ ဝေ ဝေ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

✻ လောကတစ်ခွင် ကျော်ဇောထင်၏
ချစ်ကြင်မြတ်နိုး မေတ္တာစိုးခဲ့
အမျိုးဘာသာ သာသနာလျှင်
ဝေဖြာပွင့်လင်း ရွှန်းပဝင်းနေ
ချစ်ခြင်းဂုဏ်သိန် တရှိန်ရှိန်ပင်
စိန်ရတုသည် နှစ်ပတ်လည်ပြီ
မြန်ပြည်သိက္ခာ မြင့်မားစွာတည်း
ကမ္ဘာအလည် တို့ရပ်တည်
ဂုဏ်ရည်ထွန်းပြောင် မျိုးဂုဏ်ရောင်
ရောင်ခြည်တထောင် အလင်းဆောင်
အမှောင်ကင်းရှင်း ပပဝင်း၊ ဝင်းဝင်းဝင်း။

(၃)

✻ သင်လည်းဤသို့
အိုရအံ့။

✻ ရောက်သူတိုင်းသည်
စိတ်ချမ်းသာသည်။

✻ ဘိုးဘွားများက
မေတ္တာဝေ
ကျန်းမာချမ်းသာကြပါစေ။



၁၉၃၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်
စိန်ရတုနှစ် ၇၅ နှစ်

(၄)

✻ ယောဘိက္ခဝေ - မံ
ဥပဋ္ဌဟေယျ
သောဂိလာနံ
ဥပဋ္ဌဟေယျ။

✻ ချစ်သားတို့
ငါဘုရားကို
လုပ်ကျွေးလိုသော
ထိုပုဂ္ဂိုလ်သည်
ဂီလာန ဘိုးဘွား
လုပ်ကျွေးသွားလော့။

(မဟာဝါပဠိတော်)

(၅)

✻ အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာ ပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊
အာယုဝဏ္ဏော သုခံဗလံ

(အာရှာနာဋိယသုတ်တော်)

✻ အသက်အရွယ် လူ့ဝယ်ကြီးမား
ဘိုးဘွားပြုစု ယုယလုပ်ကျွေး
စောင့်ရှောက်ပေးခြင်း ကျွေးမွေးခြင်းတွက်
အသက်ရှည်ခြင်း၊ ရုပ်ဆင်းဝင်းပ

www.burmeseclassic.com

www.burmeseclassic.com



လှပတင့်မော　　စိတ်ရောကိုယ်ပါ
ချမ်းသာများပြား　　ကိုယ်အင်အားနှင့်
ဉာဏ်အားကြီးခြင်း　　ပြည့်စုံခြင်းတို့
ရခြင်းများပြား　　ကျိုးတရားတို့
ခံစားရရှိ　　ပြည့်စုံဘိ၏
အသိပညာ　　ထင်လင်းသာသည်
မဟာလူသား　　သင်တကား
ကမ္ဘာထင်ရှား　　မြင်တကား။ ။

(၆)

❋ ဤဘိုးဘွားရိပ်သာ
ဒါနပေးသူ
အလှူပုဂ္ဂိုလ်
ထိုနိဗ္ဗ
မြဲစွ အလှူ ဟူသတည်း။

❋ ကာလဒါန
မွန်မြတ်စွသော
လှပကုသိုလ် ဟူသတည်း။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဖြတ်သန်းလာခဲ့သော ၇၅ နှစ်မြောက် စိန်ရတုသဘင် ဆင်ယင်ကျင်းပချိန်၊ မင်္ဂလာအချိန်

❋ နှင်းဆီကုန်းထိပ်　　ဘိုးဘွားရိပ်သာ
မဟာဒါန　　လှူဒါန်းကြသည်
ဘဝရိပ်မြုံ　　သုခဘုံပင်
ခိုလှုံနားခို　　သက်ရွယ်အိုတို့
ဘာဆိုဘာမှ　　မကြောင့်ကြတော့
လောကအေးချမ်း　　စိတ်ရွှင်လန်းနေ
ဆန်းထွန်းမန်းတဏှာသိုလ်　　စာတိုဆိုလျှင်
အားအင်ယုတ်ယို　　သက်ရွယ်အိုအား
ရှိစေသမှု　　စေးယူပြုသော်
စုစေရာစေနာင်ပါ　　စိုးမွမ်းရာနှင့်
နတ်ရွာနိဗ္ဗာန်　　ရောက်ကြောင်းမှန်၏။
ကြိမ်ဖန်ဖန်ပင်　　ကုသိုလ်ရှင်တို့
နေ့စဉ်နေ့တိုင်း　　စိတ်ဖြတ်ပိုင်း၍
မဆိုင်းလာလျက်　　အလှူဆက်ကြ
ရေစက်ချသွန်း　　နိဗ္ဗာန်ညွှန်း၏
ထွန်းပေါက်သဒ္ဓါ　　ဖြူစင်စွာသည်
မြန်မာပြည်ဝှမ်း　　ခြုံ၍လွှမ်းခဲ့
စိတ်ချမ်းမြေ့မြေ့　　တဝေ့ဝေ့လျှင်
မွေ့မွေ့ပီတိ　　ခံစားမိကြ
သတိရှိချိန်　　စံရိပ်ငြိမ်သည်
စိန်ရတုလည်　　ပွင့်မောစည်၍
ကြေးစည်ရိုက်သံ　　ခေါင်းလောင်းသံတို့
လျှံဝေမြည်ခဲ့　　ဆုတောင်းဖွဲ့၏
လေးတွဲ့သံစဉ်ချိုမှချို　　ဖွဲ့နွဲ့ဉာဏ်လျှင် ပိုမှပို။

www.burmeseclassic.com

www.burmeseclassic.com



※ နှင်းဆီကုန်းတွင် ဖောင်ပွဲယင်ပြီ
ဤယနေ့ပြု စိန်ရတုလေ
ပြည်သူ့ဘိုးဘွား ရွှယ်အိုများတွက်
ကြိုးစားလုံးပမ်း လာသောလမ်းတွင်
ဝမ်းသာဝမ်းနည်း ပျော်လည်းပျော်ရွှင်
ငိုချင်ငိုလိုက် အိပ်ငိုက်အိပ်လေ
စားနေစားသောက် မကြောက်မရွံ့
မတွန့်မဆုတ် လုပ်မြဲကိုင်မြဲ
ဖွဲလည်းဖွဲကောင်း စုပေါင်းစုစည်း
အားကြီးအားမာန် ဆန်လည်းဆန်တက်
အခက်အခင်း ဖြေရှင်းဖြေဖျောက်
ပေါက်ရောက်ခရီး ရလဒ်ကြီး၏
စီးရစ်ဝိုက်ရစ် လောကမြစ်လျှင်
ခေတ်များနှစ်များ ဖြတ်သန်းသွားနေ
ရပ်နားမရှိ သွားနေဘိ၏
သတိစိတ်မှာ ခိုင်မြဲစွာကား
ငါတို့တတွေ သက်ရှင်နေစဉ်
လှုပ်ခွင်လုပ်ရပ် လုပ်ကိုင်အပ်က
မရပ်လေရာ ဗီဇနာပင်
သေချာသုံးချ ဆုံးဖြတ်ကြလျက်
လောကကောင်းကျိုး သည်ဆောင်ပိုး၏
အမျိုးဝန်ထမ်း လက်ဆင့်ကမ်းလျက်
ဤလမ်းတူရှု အောင်လံလူလျက်
လွှင့်ထူကိုင်ဆောင် ပွဲတိုင်းအောင်၍
အောင်စည်အောင်မောင်း ရိုက်ခတ်ညောင်းပြီ
ကောင်းကင်မိုးလုံး တေးသံလွှင့်
ကောင်းချီးသံဖုံး မဆုံးထင်။ ။



※ နိဒါန်းအစ မင်းကွန်းကလျှင်
ဒါနအဦး ကုသိုလ်ထူးသူ
ဖွားဦးဇွန်းသည် လုပ်ငန်းတည်၍
နှစ်လည်ယခု စိန်ရတုတိုင်
လှုပြုစီရီ ပန်းကုံးသီသို့
နှင်းဆီကုန်းထက် အလှူဆက်ကြ
ရက်ရက်ရောရော စိတ်မနောဖြင့်
ပြုသောလှူရှင် ဖြူသန့်စင်ဘိ
ရင်ထဲချမ်းမြ စိတ်ချမ်းမြဘိ
အေးမြလင်းကြည် ဝေ့ဝေ့လည်ခဲ့
ပီတိဆွတ်ပျံ့ မွှေးရနံ့လျှင်
အနှံ့ကိုယ်လုံး လွှမ်းခြုံဖုံးနေ
မဆုံးကုသိုလ် မျှဝေဆိုသူ
ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရည်သူ
ပြည်တွင်းပြည်ပ များပြားလှ၏
ဒေသသီးသီး မြစ်ရေစီးလျှင်
စီးဝင်ဆုံရာ သမုဒ္ဒရာသို့
သည်မှာပေါင်းဆုံ ဒါနဘုံတည်း
ဂုဏ်အင်ကြီးမား လွန်လေးစားသော
ဘိုးဘွားရိပ်သာ ငါတို့ရွာတွင်
သူတော်စင်ပေါင်း သူတော်ကောင်းတို့
ဆုတောင်းပေးပို့ မေတ္တာပို့ကြ
နှစ်လို့ဝမ်းသာ ကြည်ဖြူစွာဖြင့်
သဒ္ဓါပိုလျှမ်း စဉ်လှူဒါန်း၍
လွမ်းမောသာဘွယ် စိတ်ထားကြွယ်သည်
တွယ်တာပြုံးရိပ် ထိပ်တင်နိုင်
ဘယ်ခါဆုံးရိပ် မထင်နိုင်။ ။

www.burmeseclassic.com

www.burmeseclassic.com



အတွားဦးဖွန်း၊ စစ်ကိုင်းတောင်ရိုးမင်းကွန်းဒေသလူ့အိုရှိ၊
၁၉၁၉ ခုနှစ်မှစ၍ သထုံမြို့၊ ပေါင်းတည်မြို့၊ သင်္ကန်းကျွန်း
ရန်ကုန်မြို့တို့၌ တိုးချဲ့ဆောက်လုပ်တည်ဆောက်
နှမ်းဆောင်ခဲ့ပုံ အစိုးရက တွဲ့ထူးချီးမြှင့်ခဲ့ပုံများနှင့်
တွားဦးဖွန်း ကွယ်လွန်အနိစ္စရောက်ခြင်း

# ပထမကဏ္ဍ မော်ကွန်းကဗျာ

www.burmeseclassic.com



## နှင်းဆီရနံ့ ဆွတ်ပျံ့ထုံမွှေး
## မွှေးလှိုန်းခလ ... ဂုဏ်ပြုကဗျာရှည်

✕ စစ်ကိုင်းတောင်ရိုး
မြူခိုးလွှင်
သခင်လွမ်းဘိ
စောင်းကြိုးညှိ
ဆိုသည့်တေးလျှင် သံလွင်လွင်။

✕ ရောဝတီ
စိမ်းမြရည်
စီးလည်ရစ်ခွေ
လွမ်းဆွတ်နွေ
ရေလှိုင်းငြိမ့်ငြိမ့် သိမ့်သိမ့်ထင်။

✕ ကောင်းကင်မှိုင်းပြာ
ဝတ်ရုံလွှာ
တိမ်ဖဲတစ်မွှေ့
တရွေ့ရွေ့
ဝေ့ဝေ့မျှောပြန် အထီးကျန်။

✕ မင်းကွန်းနေခြည်
ရွှန်းလဲ့ရီ
ဝင်းကြည်ဖိတ်ဖိတ်
တရိပ်ရိပ်
တောင်ထိပ်ရိုက်ခတ် တဖြတ်ဖြတ်



✕ အာမေဦးဌွန်း
ဘွားဦးဌွန်း
ထွန်းတောက်သဒ္ဓါ
ဝန်းဖြာပျံ့
ရနံ့မွှေးကြိုင် တလှိုင်လှိုင်
မြိုင်မြိုင်သင်းသင်းတာဝေ တာ ဝေ ဝေ။

✕ အဘွားဦးဌွန်း အမိဦးဌွန်း
ရွှန်းတင့်ဝေဖြာ စေတနာ
ရောင်ဝါလမင်း မြေခြင်း
သတင်းရနံ့ ကြိုင်လှိုင်ဖြန့်
မဆန့်လူပြည် နတ်တို့ပြည်
ထက်ပြည်ဖြဟ္မာ သာခုပါ
ထပ်ခါပဲ့တင် မဆုံးပင်
မင်္ဂလာတည့် မင်္ဂလာ
ချစ်မေတ္တာတည့် ချစ်မေတ္တာ။

၁၂၇၇ ခုနှစ် (၁၉၁၅) တော်သလင်းလ

✕ အဖွားဦးဌွန်း
မင်းကွန်းမြေဘုံ လူအိုရုံတွက်
ချုံနွယ်ကိုရှင်း သစ်ပင်ရှင်း၍
ရှင်းလင်းမြေကောင်း အားစုပေါင်း၍
ခေါင်းလောင်းကြီးတည် မြတ်စေတီတို့
မြေညီအကြား တည်ဆောက်ထားပြီ
ဤကမ္ဘဌာန်းကျောင်း ကျောင်း (၃) ကျောင်းတည်း

www.burmeseclassic.com

www.burmeseclassic.com



ညိုမောင်းစိမ်းမှောင် စစ်ကိုင်းတောင်ရိုး
မြူခိုးဝေဝေ မြတ်ဌာနေတွင်
ဘိုးတွေဘွားတွေ ခိုလှုံနေပြီ
ပျော်နေမဆုံး ပီတိဖုံး၏
  အပြုံးပန်းတွေ လှိုင်လှိုင်ဝေ
  ချစ်ဆုံး စိတ်တွေ မြိုင်မြိုင်ချွေ။

✂ အမေဦးဖွန်း ဘွားဦးဖွန်းသည်
မင်းကွန်းရိပ်မြုံ လူအိုရုံ၌
လှူဘုံခမ်းဝါ ဧချမ်းစွာဖြင့်
သက်ဝါကြီးရင့် သက်တမ်းမြှင့်၍
ချင့်ချိန်လက်ခံ စောင့်ရှောက်ပြန်ခဲ့
တုံ့ပြန်မေတ္တာ ပြုစုပါသော်
မြို့ရွာအနှံ့ သတင်းပြန့်၍
(၂) နှစ်ခန့်ဝယ် ဘိုးဘွားနှစ်ဆယ်လျှင်
ဆက်သွယ်အပ်နှံ ရောက်ရှိပြန်ပြီ
ခေတ်မီလျှပ်စစ် တပ်ဆင်ရစ်၏
(၈) နှစ်ရှည်လျား ဆောက်ဦးများနှင့်
ဆောက်ထားတန်းသွယ် ရေပိုက်သွယ်၏
စိတ်ဝယ်ချမ်းအေး ယုယတွေး၍
  ပျံ့မွှေးရနံ့ တကြိုင်ကြိုင်။
  မေတ္တာပန်းပွင့် အခိုင်ခိုင်။

✂ လူကိုလူချင်း စာနာခြင်းဖြင့်
ချင်းချင်းစောင့်ရှောက် ကူပံ့ထောက်ပံ့
✂ ထွန်းတောက်ရှိန်ဝါ ပွင့်လင်းဖြာ၏



သာခု သာခု ဤကောင်းမှုသည်။
ဇမ္ဗူမြေပြင် ပဲ့ထပ်တင်၏
ယဉ်ကျေးသိမ်မွေ့ မြန်မလေ့တည်း
ညနေ့မပြတ် ကြည့်ရှုလတ်၏
စိတ်မာတ်ကောင်းဘိ လှူဒါန်းဘိသည်
ရှိရှိသမျှ အမွေရသော
ကြွယ်ဝချမ်းသာ ရတနာတို့
ရောင်းခါထည့်သွင်း မြှုတ်နှံရင်း၍
ထမင်းတစ်နပ် ဟင်းတစ်နပ်ဖြင့်
ရပ်တည်ရောင့်ရဲ ငြိုးခြံမြဲခဲ့
လှူရဲတန်းရဲ အလှူပွဲတွင်
လန်းရွှင်ရက်ရော မနှမြောချေ
ကျော်ဇောကောင်းခြင်း တဝင်းဝင်းလျှင်
  ဖြန့်ခင်းဖြန့်ကျက် ဆယ်မျက်နှာ။
  အလင်းပြန့်ထွက် လက်လက်ဖြာ။

✂ ပတ္တမြားကျောင်း
အုတ်ကျောင်းအစ်မ အမည်ရခဲ့
ဒါနအလှူ မွေးပျံ့ကြူ၏
လူမှုအသိ နိုင်ငံရေးသိဖြင့်
ဇာတိပုည ဂုဏ်မာနတည့်
မျိုး၏ဘာသာ သာသနာလျှင်
ဝံသာနုရှိ ရက္ခိတတရား
နားလည်တတ်မြောက် သဘောပေါက်ခဲ့
တည်ဆောက်လှူဘုံ အတွေ့ကြုံတို့
စုံလင်တိုးတက် တွေးဖြန့်ကျက်က
ရင့်ကျက်ခိုင်မာ စွဲမြဲလာသည်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစိတ်ဓာတ် တဖျတ်ဖျတ်လျှင်
လှည့်ပတ်လှုပ်ရှား လွှန်းကြိုးထွားခဲ့
အဖွားဦးဝှန်း တို့ဦးဝှန်း။

※ ရန်ကုန်မြို့တွင် ရောက်ရှိစဉ်က
ပြင်သစ်ဗရင်ဂျီ သီလရှင်များ
တည်ထောင်ထားကုန် လူ့အိုရုံလျှင်
ပြင်သစ်ဗရင်ဂျီ ဘီဂင်ဒတ်ဘုန်းကြီး
စတင်ပြီးတည် စတော့ဂိတ်ဆီတွင်
မြင်တွေ့ခဲ့ဆုံ ထိုဖြစ်ပုံကား
တွေ့ကြုံခဲ့ရာ ထိုရိပ်သာ၌
သီလရှင်ပြင်သစ်
မေတ္တာပို့သ ဘွားအိုပြောပြသော်
ထာဝရဘုရား သခင်အားလျှင်
ကျေးဇူးတင်ပါ
မြန်မာဘွားကို ပြောင်းလွှဲဆိုထား
ထိုစကားကို ကြားမိမြင်မိ
ဘွားဦးဝှန်းသိ၍
ရင်ဖိတုန်မိ ချောက်ချားဘိ၏
သတိသံဝေ ရခဲ့လေပြီး
တုန်လှုပ်သည်းမိ
အိုကြီးအိုခဲ့ ခိုကိုးမဲ့ရ
ဤဘဝတွင် ဗုဒ္ဓဘာသာ
“စွန့်ခွာရမလို ပြောင်းရမလိုပင်”
ညိုညှင်ပူလုံး ကြိမ်မီးအုံးသို့
ယူကြုံးမနိုင် သောကလှိုင်ရင်း



တွေးမိခြင်းကား သားထောက်သမီးခံ
မရှိပြန်သော မြန်မာလူမျိုး
အဘိုးအဘွား စောင့်ရှောက်သွားမည်
ရှေးရှုတည်အံ့ ရည်ရွယ်ဆန္ဒ
ထွန်းသစ်ရပြီ။

※ လပြည့်လဝန်း ဘွားဦးဝှန်း
ဘွားဦးဝှန်းလင်း ချစ်လမင်း
ထိန်လင်းမြေ ရွှန်းရွှန်းပ
လောကဖြန့်ကျက် ဝင်းဝင်းလက်
ရက်ရောသဒ္ဒါ ပွင့်အံလာ
မြန်မာဘိုးဘွား သက်ကြီးများ
ခိုနားအိပ်စက် ပျော်မွေ့ရက်
နှစ်သက်ကွန်းခို နေညိုညို
ဘာကိုဘာမျှ မပူရ
ဘဝကူးကောင်း ပြည့်ဆုတောင်း
အကြောင်းရင်းဖန် စိတ်ကူးမှန်
ပြည့်လျှံပေးပို့ မေတ္တာပို့
သူတို့စိတ်တွင်း ဖြစ်ပေါ်ခြင်း
လမင်းဦးဝှန်း လပြည့်ဝန်း
ထွန်းလင်းဝေဖြာ သူ့မေတ္တာ။

www.burmeseclassic.com

www.burmeseclassic.com



## လူအိုရုံများ တိုးချဲ့ဆောက်လုပ်တည်ထောင်ခြင်း

✱ ၁၂၈၉ ခုနှစ်၊ မြသပိတ်တောင်ခြေ၊ သထုံမြို့။

✱ ၁၂၉၀ ပြည့်နှစ်၊ ပေါင်းတည်မြို့

✱ ၁၂၉၅ ခုနှစ်၊ သင်္ကန်းကျွန်း၊ နှင်းဆီကုန်းရပ်၊ ရန်ကုန်မြို့။

✱ ၁၂၉၉ ခုနှစ်၊ ပခုက္ကူမြို့။

✱ ဘိုးဘွားရိပ်သာ တိုးချဲ့ပါခဲ့
သဒ္ဓါတရား လှူငွေများလျှင်
ထည့်ဝင်ပေးလှူ ဝိုင်းဝန်းကူ၍
ပြည်သူလူထု အာရုံပြု၍
စုပေါင်းငွေထည့် စိတ်ထားပြည့်စွ
အမိဒေါ်ဦးဇွန်း သွန်းချရေစက်
ဆုံးဖြတ်ချက်ဖြင့် ရက်ရောစိတ်ဝယ်
သိန်းနှစ်ဆယ်အား အလှူဒါန်းသွားပြီ
တိုးပွားဆောက်ကုန် လူအိုရုံကောင်း
စုပုံရောင်းလေ စိန်နှင့်ရွှေတို့
မျှဝေရင်းရ လှူလိုက်ရ၏
ဘဝအသက် နှစ်ဝေရက်တွင်
သီလရှင်ပြု ဘွဲ့ခံမှုကား
ဘွားသုမာလာ တွင်ရစ်ပါပြီ
မြန်မာတစ်ဝှမ်း မည်ကျော်လွှမ်း၏
စိတ်ဝမ်းချမ်းသာ ဧရိပ်သာ
    မင်္ဂလာတည့် မင်္ဂလာ
    မွှေးပျံ့စွာတည့် မွှေးပျံ့စွာ။



## ဒုတိယကမ္ဘာစစ်မီးနှင့် ရန်ကုန်
## နှင်းဆီကုန်းလူအိုရုံမှ မင်းကွန်းလူအိုရုံသို့
## ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃၊ ၂၅ ရက်များ

✱ ဆိုးကြမ္မာပင်,
ကမ္ဘာစစ်မီး တောက်လောင်ညီး၍
စစ်ကြီးရောက်လာ ပြည်မြန်မာတွင်
ဂျပန်စစ်လေယာဉ် တိုက်စစ်ဆင်ပြီ
ဝင်လာဝဲပျံ ကောင်းကင်ယံမှ
ရန်ကုန်မြို့၌ သူတို့တိုက်ကြ
တိုက်ရိုက်ဗုံးကြဲ သွေးသံရဲ၏
သေပွဲဝင်ကြ ပျက်စီးကြပြီ
ရှောင်ရပြေးရ မြို့ခွာရသော်
ဖွားဒေါ်ဦးဇွန်း သူတိုက်တွန်းလျက်
မင်းကွန်းခေါ်သွား အဘိုးအဘွားတို့
ချထားစစ်ရှောင် စစ်ကိုင်းချောင်တွင်
တောင်ရိပ်နေခို တောရိပ်ခို၏
ကုသိုလ်ပွားများ ကျင့်ကြံသွားကြ
အားလုံးဘေးကင်း စစ်ရန်ရှင်း၏
ညှင်းညှံ့လေပြည် ဝေ့ခတ်နေစဉ်
    ဧရာဝတီ တေးချင်းသီ
    ချိုမြအေးကြည် ဝေဝေစီ။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ်အတွင်း ရန်ကုန်တိုင်း၊ သယ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းလူအိုရုံ ပြန်လည်တည်ထောင်မှု ဆောင်ရွက်ချက်များ

※ စစ်ကြုံကြိုက်တွင်,
အခိုက်တန့်လျှင်　　အေးချမ်းစဉ်၌
မြို့ပြန်ဝင်သူ　　ထိုမြို့သူတို့
ထူထောင်ကြကုန်　　မြို့ရန်ကုန်တွင်
လူအိုရုံဆီ
ပြန်လည်ရောက်ကြ　　ခိုကိုးကြသည်
မြန်မာ့ဘိုးဘွား　　သက်ကြီးများကို
တတ်အားသရွေ့　　စောင့်ရှောက်၍လျှင်
နေ့စဉ်အားထုတ်　　အလုပ်လုပ်၏
ဦးဥတ္တရ　　ဘောက်ထော်မှလျှင်
ကြွလာစောင်မ　　ဦးစံလှနှင့်
ဒေါ်ဥာဏရသေ့　　ဒေါ်ဆိုင်　တွေ့၍
နေ့နေ့ညည　　ကြည့်ရှုကြပြီ
အာရှလူငယ်　　မျိုးချစ်နွယ်တို့
သည်ဝယ်စုပေါင်း　　ကူညီဆောင်း၏
ပြန်ပြောင်းတည်ရစ်　　လူအိုဖြစ်၍
　မေတ္တာစောင်းသံ　　ဝေ့ဝဲပျံ့။
　သစ္စာလောင်းပြန်　　နေ့ညမှန်။



## မြန်မာ့အလင်းသတင်းစာတိုက် အယ်ဒီတာ ဦးတင်ထံ သွားရောက်အကူအညီတောင်းခံ ဆောင်ရွက်ခြင်း

※ ဝိုင်းဝန်းကူရန်,
ပြည်သူများစွာ　　သိရှိပါရန်
မြန်မာအလင်း　　ထိုသတင်းစာ
ချက်ခြင်းရေးကာ　　ဖော်ပြပါရန်
ဒေါ်ဥာဏနှင့်　　အာရှလူငယ်
မျိုးချစ်နွယ်များ　　ပေါင်းစုသွားပြီ
အယ်ဒီတာဦးတင်　　တွေ့ဆုံမြင်၍
ကျိုးစဉ်ကြောင်းစုံ　　ပြောပြကုန်သော်
အပုံအယင်　　သတင်းစဉ်၌
လှူရှင်ဖိတ်ခေါ်　　နှိုးလှုံ့ဆော်ခဲ့
မျှော်ခေါ်စဉ်းစား　　လူသူများလျှင်
ဖတ်ကြားသတင်း　　သိရလျှင်းက
ချက်ခြင်းလှူဒါန်း　　ဒါနပန်းဝေ
စေတနာရှင်　　လွှန်သန့်စင်ဘိ
ရင်မှာပေါက်ဖွား　　ပီတိပွားသည်
စိတ်ထားမွန်မြတ်　　တလှပ်လှပ်
　လွှမ်းပတ်လွှမ်းခြုံ　　ဤလှူဘုံ
　အေးစာတ်စုပုံ　　တို့ရင်ခုံ။　॥

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းလူအိုရုံ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း ၄ ရက် ဧပြီလ၊ ၁၉၄၃ ခုနှစ် (တနင်္ဂနွေနေ့) သယ်မ်းကျွန်း ကျိုက္ကဆံစေတီ ဦးဘတူဇရပ်၌ အစည်းအဝေးကျင်းပခြင်း

⁂ တွေးမြော်ခေါ်၍,
ဆရာတော်နာယက ဦးဥတ္တရလျှင်
ရှင်လူပါသော
တရားဟောဆရာ ပါဝင်ဦးဘိုးတူ
ဦးတူလုပ်ငန်း ဆောင်ရွက်ခန်း၌
ဝိုင်းဝန်းအုံဖွဲ့ စုပေါင်းခဲ့၍
အဖွဲ့ ဖွဲ့ကြ ဥက္ကဋ္ဌကို
မြန်မာ့အလင်း သတင်းစာရှင်
ဦးတင်, တင်မြှောက် (၁၂) ယောက်တို့
စောင့်ရှောက်ကြမည် သဘောညီကြ
ဤအဆောက်အအုံ လူအိုရုံထက်
အိုးခွက်ပန်းကန် စားသောက်ရန်တွက်
လှူခံဖြည့်တည် အဝတ်ထည်တို့
ကြည်ဖြူစုံပုံ ပြည့်ကုံလုံစေ
နေထိုင်ဘွားဘိုး (၁၂) ဦးတို့၏
ကြိုးစားဆက်လက် လက်ချင်းယှက်ကြ
သက်ရှည်ကျန်းမာ ရှိပါစေ
ဆက်တည်၍သာ ပြည့်ပါစေ။



## စစ်ကိုင်းတောင်ရိုး မင်းကွန်းရှိ ဘွားဦးဖွန်းထံ မြန်မာ့အလင်းဦးတင်က ၁၉၄၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် စာတစ်စောင်ရေးသားပေးပို့ခြင်း

⁂ လူသားအကျိုး,
အဘိုးအဘွား စောင့်ရှောက်ထားပြီ
ဘွားဦးဖွန်းသို့ စာရေးပို့၏
နှစ်လို့ဝမ်းသာ ရှိလေပါလော့
စာရေးထည့်သွင်း ကြောင်းကြားခြင်းလျှင်
"နှင်းဆီကွန်းလူအိုရုံ" ဖွဲ့စည်းပုံဖြင့်
လုံခြုံစောင့်ရှောက် ကူပံ့ထောက်ကြ
(၁၂) ယောက်ဘိုးဘွား ပြုစုထားပြီ
စားသောက်နေရေး ကျန်းမာရေးတို့
နွေးထွေးချမ်းသာ ရှိနေပါပြီ
အညာမင်းကွန်း ဘွားဦးဖွန်း၌
ထွေးပိုက်ခေါ်သွား အဘိုးဘွားတို့
ပြန်ကြားလိုက ပြန့်လို့ရပြီ
ပြန်လည်လက်ခံ ပြုစုရန်တွက်
ဆုံးဖြတ်ချက်ချ ပေးပို့ကြ၏
ဘဝချမ်းမြေ့ ပျော်ရွှင်မွေ့ရန်
လက်တွေ့ဖေါ်ဆောင် တိုးတက်နေ
ကိုယ်တွေ့တည်ထောင် အောင်မြင်နေ။

www.burmeseclassic.com

www.burmeseclassic.com



꩜ ဤဇမ္ဗူတွင်၊
လူနှင့်လူချင်း စောင့်ရှောက်ခြင်းတည်း
ကိုယ်ချင်းစာနာ မွန်မြတ်စွာသော
လူ့ရွာစိတ်ထား ဤတရားလျှင်
ပွားများရှင်သန် ဖွံ့ဖြိုးမှန်၏
မြန်မာစိတ်ရင်း ကောင်းမြတ်ခြင်းပင်
ကြင်နာသနား လျှော့ဒါန်းသွားကြ
ဘိုးဘွားသက်ရှည် အေးချမ်းရည်၍
တည်ဆောက်ကျိုးပြု ဝိုင်းပြုစုခဲ့
ယုယထွေးပိုက် ဂရုစိုက်ကြ
လိုက်လှဲကြည်နူး မေတ္တာဖူးဝေ
ယစ်မူးပျံ့နှံ့ မရပ်တန့်တော့
ဆွတ်ပျံ့ရင်မှာ လှပစွာတည့်
လူ့ရွာ၌လျှင် သံယောဇဉ်တို့
ခင်မင်ရစ်ပတ် အထပ်ထပ်သည်
မပြတ်ဖြစ်ပေါ် သာခုခေါ်၏
ရှင်ပျော်ရပ်ဝန်း ထွန်းပနေ
တို့ ဒေါ်ဦးဇွန်း ဝမ်းသာစေ။



## ဘွားဦးဇွန်းထံမှ ပြန်စာတစ်စောင်
## ၁၃၀၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀) ရက်
## ၁၉၄၃ ခုနှစ်၊ မေလ ၂၈ ရက် နေ့စွဲဖြင့် စာပြန်ကြားလာခြင်း

꩜ ဘွားဦးဇွန်းက ပေးစာရ၍
ရရှိသည်မှာ ဖိုးထိုက်စွာပင်
သေချာသိမ်းထုပ် ဘဏ္ဍာထုပ်တို့
ရွှေထုပ်ငွေထုပ် ထိုအထုပ်ထက်
ကျွန်ုပ်ဝမ်းသာ ပီတိဖြာမိ
စာရေးရာတွင်
“ ဦးတင်ဥက္ကဋ္ဌ
ဖေါ်ပြအကြောင်း မြော်လင့်ကြောင်းဖြင့်
ကောင်းရန်တာရှည် စိတ်သန်ရည်၍
တည်ထောင်ပြုကြ စောင့်ရှောက်ကြသော
နာယကဆရာတော် ကောင်ထည်ဖေါ်၍
ကောင်းမြော်လင့်ခဲ့ တည်ထောင်ခဲ့၍
အဖွဲ့ကဝင်များ လူကြီးများပါ
အားလုံးကြံ့တိုင်း အောင်ပါစေ။
သုံးပါးကပ်မှ ကျော်လွှားနိုင်ပါစေ ”
ဆုတွေတောင်းဆို စေတနာပိုဘိ
“ လူအိုအကျိုး သည်ပိုးလိုဟန်
အပေါ်ယံဟန်ပြ လောဘမောဟ
အတ္တဟိတ ငိုဘတွေ့လျှင်
ထင်မြင်ပါလျှင် ဆောလျှင်ဖယ်ရှင်း
နှိမ်နှင်းဖယ်ရှားနိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



စာအိပ်ခေါင်းဖြင့်
အသင့်ဝယ်မရ　　စာပြန်ရရာ
ကြန့်ကြာခြင်းကို　　သည်းခံဆိုလျက်
စာကိုပြန်ရေး　　ပြန်စာပေးသည်
　　ချမ်းအေးမေတ္တာ　　လှိုင်လှိုင်ဝေ။ ။



**ဘွားဦးဖွန်းထံမှ ဒုတိယအကြိမ် ပြန်စာတစ်စောင်**
**၁၃၀၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်**
**၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်**

✼ စာဖြင့်ရေးသား　　ဖေါ်ပြထားသည်
အဘွားသည်လည်း　　အသက်ကြီးပြီ
လူလည်းမကျန်းခိုင်　　မတတ်နိုင်ပါ
တာဝန်ဆက်လက်　　မောင်တို့ဆက်ပါ
ခေါ်လာဘိုးဘွား　　ထိုအများမှ
အဘွား (၁၀) ဦး　　ဘိုး (၈) ဦးကို
လူအိုရုံမင်းကွန်း　　ဤတောင်တန်းမှာ
ရှင်လန်းမပျော်　　ပြန်၍ခေါ်ပါ
ပြန်လွှတ်ပါသည်　　စာရေးစီ၍
ဤစာပို့ခဲ့　　ဖတ်ရခဲ့၏
လွမ်းဘွဲ့စာတို　　နေမင်းညိုချိန်
ဘွားအိုဦးဖွန်း　　ဖေါ်ပြညွှန်း၏
နှုတ်ခွန်းချိုသာ　　ဆိုခဲ့ရှာမော
ဇရာထောင်းချိန်　　ဘဝမှိန်ပြီ
အိမ်ပြန်ရန်ကုန်　　လူအိုရုံသို့
စုန်ဆင်း (၇) ယောက်　　ပြန်၍ရောက်ခဲ့
စောင့်ရှောက်ကြည့်ရှု　　ကြင်နာမှုဖြင့်
ယုယအမြဲ　　ကျင့်ဝတ်မြဲ၏
စွဲမြဲဝီရိယ　　ထိုလုံ့လကြောင့်
လောကပါလ　　မြတ်ဓမ္မသည်
　　ထွန်းပဝင်းစည်　　ဝင်းဝင်းကြည်
　　ရွှန်းမြရောင်ခြည်　　လင်းလင်းရီ။ ။

www.burmeseclassic.com

www.burmeseclassic.com



⁂ ဂျပန်ခေတ်တွင်၊
နေလျှင်ဆင်းရဲ  စားဆင်းရဲ၏
ဝတ်လဲမလှ  ချို့တဲ့လှ၏
ကာလစစ်တွင်း  ထိတ်လန့်ခြင်းများ
ပြေးရင်းလွှားရင်း  မီးဝင်းဝင်းလျှင်
ပြင်းထန်ပုံးကြွ  စစ်ခင်းပွဲတွေ
သေပွဲဝင်ကြ  ဒါဏ်ရာ ရနေ
ဘဝခေတ်ပျက်  ဆင်းရဲနက်ဘိ
ခက်ခဲကြားတွင်  တို့ဦးတင်သည်
ဤအဘိုးအဘွား  သူအိုများကို
ကြိုးစားဆောင်ခဲ့  မှုဆောင်ဖွဲ့ဖြင့်
ထမ်းခဲ့ကြရာ  ထိုဝန်တာတို့
များစွာမှပင်  ကြီးလေးတင်ခဲ့
နေ့စဉ်ကျွေးမွေး  နပ်မှန်ကျွေးရန်
စုဝေးငွေစု  စုဆောင်းမှုဖြင့်
ပြုစုစောင့်ရှောက်  အထမြောက်၏
ပေါ်ပေါက်ခဲ့ရာ  မြန်မာလူ့ဘောင်
ပုဇွန်တောင်မှ  ဒါနလှူပေး
သူဌေးဦးညို  သဒ္ဓါပိုသော်
ဒေါ်ဒေါ်ညွန့်ဇနီး  ရှုမငြီးတို့
ကြီးမားလှူပြု  စုစုငွေပေါင်း
တစ်သောင်းနှစ်ထောင်  လှူပွဲအောင်ပြီ
ချောင်လည်သက်သာ  ရှိခဲ့ပါပြီ
စေတနာမိုး  ဖြိုးဖြိုးစွေ
မေတ္တာငွေမိုး  တိုးတိုးဝေ။ ။



⁂ ဤသို့သာလျှင်  ဆက်နေလျှင်က
ရှုမြင်မကောင်း  ဆောက်အုံဟောင်းများ
အကြောင်းမလှ  ပြိုပျက်ကျလိမ့်
ဒေသကင်းကွာ  အုပ်ချုပ်ရာမူ
လွယ်ကူမရှိ  ဖြစ်နေဘိရှင့်
လှူမည့်ပုဂ္ဂိုလ်  လူထိုထိုလည်း
မနီးကွာလှမ်း  ခရီးလမ်းကြောင့်
စိုးနှောင့်ဗျာပါ  ရှိနိုင်ပါတည့်
သည်မှာ ဘွားဘိုး  ဆင်းရဲမျိုးတို့
ခိုကိုးရာမဲ့  မှီခိုခဲ့ကြ
ဘဝဝမ်းရေး  ထမင်းကျွေးရုံ
တောင်သင့်ရုံဖြင့်  ဆိုရုံမျှထား
ပြည်သူများတို့  ပွားများသဒ္ဓါ
စေတနာလျှင်  များစွာခံယူ
အားပေးလှူအောင်  ဆောင်ရွက်ရာဝယ်
မယ်မယ်ရရ  မရှိကြလျှင်
ငြိုငြင်စိတ်ကွက်  ဆက်လက်ရှည်လျား
သည်တိုင်းထားက  ပျက်ပြားဆုတ်ယုတ်
ဤအလုပ်တို့  ပြုတ်ပြုန်းသွားမည်
သိနားလည်ကြ
ပြည်သူလူထု  ကျေနပ်မှုဖြင့်
ပြုသည့်ကုသိုလ်  ထက်သန်ပိုအောင်
ဆိုသည့်အတိုင်း  မှုဆောင်တိုင်း၏
စိတ်တိုင်းကျလျှင်  ကြိမ်ကြိမ်ပင်တည်း
တိုင်ပင်ဆွေးနွေး  ဆုံးဖြတ်ပေး၍
အေးချမ်းရိပ်မြုံ  ရှာဖွေမည်
မွေးမြုပန်းရုံ  လန်းစေမည်။ ။

www.burmeseclassic.com

www.burmeseclassic.com



⁜ ရန်ကုန်မြို့တွင်,
သူတို့ရှာဖွေ ဆောက်အုံမြေကွက်
နေရာသစ်မှန် ကြိုးစားပြန်ခဲ့
နက်သန်ဘူမိ မှန်ဖြစ်သည့်မြေ
လက်ရှိနေရာ တွေ့ကြပါပြီ
ကမ္ဘာအေးမည် စေတီလမ်းဖြစ်
နှစ်ဆယ့်တစ်ပင် တွေ့ရှိမြင်ကြ
အိမ်ရှင်ရှိလတ် ပိုင်ဆိုင်အပ်သူ
ဘိလပ်နေရာ ဘားလ်သဇာမည်
ကိုယ်စားလည်နှင့် တစ်ဆင့်လွှဲထား
စုံးစမ်းသွားရာ အိမ်ပါမြေပေါင်း
ငွေသုံးသောင်းနှင့် ရောင်းချလိမ့်မည်
ပိုင်ရှင်ဆီသို့ အတည်ပြုရေး
စရန်ပေးပါ ငွေသုံးသောင်းနှင့်
ရောင်းချလိမ့်မည် ပိုင်ရှင်ဆီသို့
အတည်ပြုရေး စရန်ပေးရာ
ငွေကြေးသုံးထောင် ပေးချေဆောင်သည်
၁၉၅၁ ထိုနှစ်ဇန်နဝါရီ
ရက်သည် ၁၅ အောင်မြင်သွားပြီ
ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါခဲ့
လှူရှာလှူဘုံ ဆောက်အုံမြေသစ်
တည်ရစ်နိဒါန်း အောင်မြင်ခဏ်းလျှင်
စိတ်ဝမ်းပီတိ တသိမ့်သိမ့်
ရွှင်လန်းကြည်ဘိ တငြိမ့်ငြိမ့်။ ။



## ဒေါ်ဦးဖွန်းအား အစိုးရက
## တိုင်းပြည်ကျိုးဆောင် ဘွဲ့ဂုဏ်ထူး (T.P.S) ချီးမြှင့်အပ်နှင်းခြင်း

⁜ ပန်းသတင်းလျှင် လေညှင်းဆောင် . . . . .
လူ့သတင်းလျှင် လူချင်းဆောင် . . . . .
ထွန်းပြောင်ဝင်းဝင်း ငွေလမင်း
ထွန်းလင်းအေးစွ ရွှန်းမြမြ
လောကမြေပြင် အလှဆင်
ယဉ်ကျေးသိမ်မွေ့ မြန့်ခလေ့ဖြင့်
လက်တွေ့တည်ထား စောင့်ရှောက်သွားသော
ဘိုးဘွားရိပ်သာ ဂုဏ်လင်းဖြာသော်
လွန်စွာ မွန်မြတ် ချီးကျူးအပ်၍
ဘွဲ့အပ်နှင်းပြီ အစိုးရသည်လျှင်
ဤသူတော်စင် ဒေါ်ဦးဖွန်း
မြန့်ဝန်းကျင်တိုင်း ဂုဏ်ပြည့်လှိုင်း၍
“တိုင်းပြည်ကျိုးဆောင်” ဂုဏ်ရောင်ထိန်ထိန်
ဂုဏ်ထူးဆောင်ဘွဲ့ ရရှိခဲ့ပြီ၊
ထွန်းခဲ့လင်းရောင် လှူမှုအောင်ပွဲ
ဂုဏ်ရှိန်ရှိန်တက် ဂုဏ်လင်းလက်၏
ကျိုးဆက်ခံစား မီးရထားနှင့်
ရေသွားမီးသင်္ဘော စီးနင်းသောလမ်း၊
ပထမတန်းမှ အခလည်းမဲ့
လိုက်ပါခဲ့ရာ ခွင့်ပြုပါသည်
နေရာနှံ့ပြား များပါစေ
ဒေါ်ဦးဖွန်းဘွား သွားပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com



### ဘွားဦးဖွန်းသည် စစ်ကိုင်းတောင်ရိုး မင်းကွန်းလူအိုရုံ၌ သက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ခရစ်နှစ် ၁၉၄၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်သွားရှာခြင်း

✻ မြန်မာပြည်ဘွား တိုင်းရင်းသားတွင်
အရင်ဦးဆုံး ပထမဆုံးပင်
လုံးပမ်းအားပြု တည်ထောင်မှုဖြင့်
လူမှုဝန်ထမ်း ဤလုပ်ငန်းကို
ကြိုးပမ်းလုံ့လ မျိုးစေ့ချသူ
လောကအလယ် ဂုဏ်ပေါင်းကြွယ်သူ
သက်ရွယ် ၇၆ နှစ် ကွယ်လွန်ရစ်ပြီ
ဤမင်းကွန်းဘုံ လူအိုရုံ၌
လူ့ဘုံပျော်ညောင်း နတ်ဘုံပြောင်းပြီ
ကောင်းမှုကုသိုလ် တောင်းဆုဆိုကြ
တောင်ညိုပြိုမ့်ပြိုမ့် မြစ်သိမ့်သိမ့်ပင်
လှူးလှိမ့်တိမ်တောင် ငိုမဲ့မှောင်ခဲ့
လေဆောင်ပတ်ဝိုက် ငို၍ရှိုက်၏
အရိုက်အရာ ဆက်ခံပါသော
ရိပ်သာလူအိုရုံ သူခဘုံတို့
အပုံအယင် ပေါ်ပေါက်ထင်ခဲ့
လူလျှင်လူချင်း စောင့်ရှောက်ခြင်းကို
လမ်းခင်းပြညွှန်း ဘွားဦးဖွန်းသည်
မော်ကွန်းစာတိုင် ခိုင်ပေပြီ
ပေါ်ထွန်းပန်းခိုင် မြိုင်လေပြီ။ ။



### ဘွားဦးဖွန်း၏ စိတ်နေသဘောထား နေထိုင်စားသောက်မှုပုံရိပ်ရှာ

✻ ဘွားဦးဖွန်းသည် အာဇာနည်
ရဲနီနီရင့် မြတ်ပန်းပွင့်
ရဲရင့်ပြတ်သား ပြဋ္ဌာန်းထားက
စိတ်ထားမြဲရစ် မဖြစ်မနေ
ပြုလုပ်လေသည့် ပိုင်းပြတ်ရှိသည့်
သံမဏိစိတ်ဓာတ် ပိုင်ဆိုင်လတ်၏
သပ်ယပ်ဆွတ်ပျံ့ မွှေးကျော်လွှံ့သူ
နူးညံ့သိမ်မွေ့ မြန်မလေ့ဖြင့်
ပျော်၍နေသွား အဝတ်စားလည်း
အခြားသူ့ပုံ နေထိုင်ပုံသို့
ဂုဏ်တုဂုဏ်ပြိုင် မလုပ်တိုင်ချေ
နေထိုင်ရှောင့်ရဲ တင်းတိမ်မြဲပင်
ဝတ်ဆဲအကျႌ ချောပင်နီပင်
တည်ကြည်စိတ်နေ စိန်ရွှေမဆင်
ရိုးရိုးယဉ်ယဉ် ပွဲလမ်းတွင်လည်း
ဆင်ယင်ဝတ်လှ အမရပူရ
လုံချည်မျှသာ သာမှုနာမှု
ဝတ်ဆင်မှုသည် အေးချမ်းကြည်၏
ပီသ သမီးကောင်း ရတနာကောင်း
ပိုင်းကောင်းကျောက်ဖိ အိန္ဒြေရှိ
ကျောင်းကောင်းတစ်စေ့ ပြည်တန်ဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com



✻ ကုသိုလ်ပြုမည်　　ပြဋ္ဌာန်းရည်လျှင်
ဤပြဋ္ဌာန်းချက်　　ထမြောက်ရက်တိုင်
ဆောင်ရွက်နိုင်ရာ　　အောင်မြင်ခါဌ
နှစ်ခြိုက်ပျော်ရွှင်　　စိတ်သန်ရှင်သူ
လူပေါင်းသင်းဆုံ　　နယ်အနှံ့ပင်
ပတ်လွှဲ့ကျော်ကြား　　လူသိများ၏
များပြားသုတ　　ရှိကြွယ်ဝသူ
ဘဝနေ့စဉ်　　မင်္ဂလာတရား
၃၈ ပါးနှင့်　　ညီအောင်ကျင့်သူ
ထိုက်သင့်လျှောသော　　သူစိတ်စောက
ရက်ရောပေးကမ်း　　မြဲလှူဒါန်းနေ
ခြိုးခြံလေရာ　　ထိုအခါတွင်
စားလျှင်တစ်နပ်　　ဟင်းတစ်နပ်ဖြင့်
ရပ်တည်ခဲ့သည်　　ပိုးကုန်သည်ပင်
ပိုးထည်ရောင်းဝယ်　　အနယ်နယ်သို့
အမြို့မြို့ရောက်　　ခရီးပေါက်သူ
လူသူများပြား　　ဆက်ဆန်ပြောလည်း
ယောကျ်ားမယူ　　စိတ်မပူချေ
သူတစ်ကိုယ်တည်း　　အပျိုကြီးပင်
ချီးမွမ်းဖွယ်ဖြစ်　　ကျင့်ကြံရစ်၍
ကျစ်လျစ်သိပ်သည်း　　နိုင်ဘိတောင်း
တခေတ်တစ်ယောက်　　ခိုင်ဘိတောင်း။

✻ ဘွားဦးဇွန်းသည်　　လွန်တည်ကြည်ဘိ
စွမ်းရည်ထက်မြက်　　ဉာဏ်ရည်ထက်၍
ရက္ခိတရား　　လက်ကိုင်ထားသူ



စိတ်ထားဖြူစင်　　သီလရှင်သည်
နေ့စဉ်ရှိခိုး　　ဘုရားကိုးကွယ်
ရိုးရိုးလျှင်ကျင့်　　မြင့်မြင့်လျှင်ကြံ
ထက်သန်စေတနာ　　သန့်စင်စွာဖြင့်
နစ်နှစ်ခံလျက်　　မဖက်ကိုယ်ကျိုး
အမျိုးစောင့်ရာ　　ဘဝတာတွင်
ခိုင်မာသောဓွဲ　　လုံ့လမြဲသူ
တုယှဉ်လိုက်နာ　　စံထားရာပင်
သူငါအားကျ　　ဝီရိယသည်
လောကတည်ဆောက်　　ထွန်းသစ်ပေါက်၏
ထွန်းတောက်ကြွယ်ပွင့်　　ငွေကြွယ်ဖြူ
မိုးအောက်စင်မြင့်　　တင့်တယ်သူ။　　။

www.burmeseclassic.com

www.burmeseclassic.com



## ယခေ့ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပေါ်ပေါက်ထွန်းသစ်လာချိန်

※ သက်ကြီးသက်အို နေမင်းညိုချိန်
ခိုကိုးရာမဲ့ ခြွေရံမဲ့ချိန်
ယိုင်နဲ့စီးပွား ငွေရှားပါးချိန်
အားကိုးမရှိ ညှိုးငယ်ဘိ၏
ချိနဲ့ဘဝ ကြုံတွေ့ရချိန်
ဒုက္ခရောက်စဉ် တရားယှဉ်၍
ကြင်နာဆပွား တည်ထောင်ထားသော
ဘိုးဘွားရိပ်သာ ပေါ်ပေါက်လာ၍
ပြန်၍အံ့တု ခိုကိုးပြုနိုင်
ပူမှုကင်းဝေး ငြိမ်းချမ်းအေးပြီ
နေရေးလည်းကောင်း မမွှကောင်း၏
ဆေးကောင်းဝါးကောင်း သမားကောင်းတို့
စုပေါင်းကုသ ပြုစုကြပြီ
ဘဝအေးချမ်း တရားလွှမ်း၏
ပင်ပမ်းမရှိ ပြည့်စုံသိခဲ့
သတိမြဲစွာ ဘာဝနာပွား
စားသောက်နားနေ မြန်မာ့မြေတွင်
ယဉ်ကျေးသိမ်မွေ့ လွှန်ချမ်းမြေ့သည်
ဆုံတွေ့ချိန်ကောင်း ဘဝပင်
ရွှေ့ရွှေ့ခေတ်ပြောင်း ကာလတွင်။



※ နှင်းဆီရနံ့
မွှေးဆွတ်ပျံ့
ပတ်လွှံ့ထုံမွှေး မွှေးတည့်လေ။

※ အေးမြမေတ္တာ
စေတနာ
ကရုဏာပွား ပွားတည့်လေ။

※ ရပ်နီးရပ်ဝေး
လာစုဝေး
ကျွေးမွေးလှူဒါန်း လှူတည့်လေ။

※ လှူငွေထည့်ဝင်
သဒ္ဓါရှင်
ကြည်လင်လှုပ လှုတည့်လေ။

※ ရောက်သူတိုင်းမှာ
စိတ်ချမ်းသာ
ဘယာကင်းဝေး ဝေးတည့်လေ။

※ လူနတ်ပြုဟွာ
ပို့မေတ္တာ
ကမ္ဘာတိုင်ထိ တိုင်တည့်လေ။ ။


※ သက်ကြီးရိပ်မြုံ
သုခဘုံ
ကုံလုံပြည့်ဝ ပြည့်တည်လေ။

www.burmeseclassic.com

www.burmeseclassic.com



※ လူ့ပြည် နတ်ပြည်
ဖြုဟ္မာပြည်
ရှည်လျားပေါ်ထွန်း
အလင်းထွန်း
ဖြာဝန်းလင်းထိန်
ဝင်းဝင်း ရှိန်ရှိန်
လူ့အိမ်နတ်အိမ်
ဗြဟ္မာအိမ်
အေးငြိမ့် ပျံ့မွှေး
မွှေးလွှန်းမွှေး
ရေးဖွဲ့ကဗျာ ရေးတည့်လေ။




www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ် (၁၉၄၂–၁၉၄၅ ခုနှစ်) မှစ၍

ဉက္ကဋ္ဌကြီးဦးတင်၊ သက်နီးကျွန်း နှင်းဆီကုန်းလူ့အိုးအိမ်ကို

စတင်တာဝန်ယူခဲ့ပုံ၊

ကမ္ဘာ့အေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ

မြေနေရာဝယ်ယူ ပြောင်းရွှေ့ဆောက်ရွက်ပုံ

အဆောက်အဦသစ်များ တိုးချဲ့တည်ဆောက်ပုံ

အဆင့်ဆင့်တိုးတက်ကြီးမြင့်လာပုံများနှင့်

၁၉၇၈ ခုနှစ်၌ ဉက္ကဋ္ဌကြီးဦးတင်ကွယ်လွန်အနိစ္စရောက်သွားခြင်း

## ဒုတိယကဏ္ဍမော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ် လူ့အိုးရုံအခြေအနေ
## ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့စတင်ဖွဲ့စည်းချိန်
## ဥက္ကဋ္ဌ ဦးတင်နှင့်
## အဖွဲ့ဝင်များ ဆောင်ရွက်ရသည့်အခြေအနေများ

ჯ ဂျပန်ခေတ်တွင်
နေလှျင်ဆင်းရဲ    စားဆင်းရဲ၍
ခက်ခဲများစွာ    ကြုံခဲ့ရာ၏
ရှိသည့်ကြေးငွေ    ရုံပုံငွေလည်း
နည်းပါးချို့တဲ့    မလောက်ခဲ့ချေ
ချက်ခဲ့ထမင်း    ချဉ်ပေါင်ဟင်းနှင့်
ပဲဟင်းပါ၏    ငါးပိရေကြည်
တည်ခင်းကျွေးရ    တိုင်ပင်ကြ၍
ဖွဲ့နာယက    မထေရ်ကလျှင်
ကျွေးရတစ်လှည့်    မွေးတစ်လှည့်ပင်
တစ်လှည့်ဥက္ကဋ္ဌ    ဦးတင်ကလျှင်
ထည့်ဝင်ငွေစု    ကျွေးမွေးပြု၏
ကောင်းမှုပြုရာ    ဖွဲ့ဝင်ပါကြ
မကြာခဏ    လုပ်ခဲ့ရဘိ
ဘဝမှန်မြတ်    ကောင်းစိတ်ဓါတ်ဖြင့်
ရပ်တည်ကြံ့ခိုင်    ထူမတ်နိုင်ခဲ့
ပန်းတိုင်ရှေ့ရေး    ဖြည့်ဆည်းပေးရန်
    ကြံစည်နည်းလမ်း    ရှာဖွေနေ။
    မျှော်ရည်ကြိုးပမ်း    ထမ်းရွက်နေ။    ။



ჯ ဂျပန်ခေတ်လျှင်
ခေတ်ကြပ်ဖြစ်ရ    ဆင်းရဲလှ၏
အစစမှာ    အရာရာပင်
လွှန်စွာရှားပါး    လွန်နွမ်းပါး၍
ဝတ်စားအကျီ    ချည်လုံချည်ပင်
မပေးဆင်ရ    ရှိသမျှတွင်
ဝတ်ဆင်ပေးထား    ကြားကြားကြောင်ကြောင်
ရောင်စုံအဝတ်    ပေး၍ဝတ်ရ
လျှော်ဖွပ်မည့်သူ    လူလည်းမရှိ
ရှိသည့်လုပ်သား    (၃) ဦးနေထားနေ
စေတနာမွန်    သူဝန်ထမ်းသူ
ပေးကမ်းကျွေးမွေး    မုန့်ဖိုးပေးနိုင်
စည်းဝေးပြီးချိန်    ပြန်သွားချိန်၌
အိမ်တကာတည့်    တောင်းရမ်းလှည့်ကြ
သွားကြဘိုးဘွား    မထိန်းထားနိုင်
သွားလာနေရဲ့    စည်းကမ်းမဲ့ဖြစ်
စစ်တွင်းကာလ    ပုံးကြချ၍
သေကြပက်လက်    စက်သေနတ်ပစ်
ချုံးထပ်မီးလောင်    ရပ်ကွက်ပြောင်ခဲ့
တိမ်းရှောင်ကွင်းလတ်    အနီးကပ်လျှင်
ကြပ်မတ်စီမံ    အုပ်ချုပ်ရန်မှာ
ခက်ခဲပါသော    နေရာဖြစ်၍
ခက်ခဲတွေ့ရ    လူ့ဘဝကို
    လောကကြုံကြိုက်    မြင်နိုင်ခဲ့
    သောကရင်ပိုက်    ရင်ဆိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာ့အလင်းဦးတင်နှင့်
အလုပ်အမှုဆောင်အဖွဲ့ဝင်များ
သယ်မ်းကျွန်းနှင်းဆီကုန်းဘိုးဘွားရိပ်သာကို
ဆက်လက်စောင့်ရှောက်ပြုစု။
၁၉၄၅ ခုနှစ်၊ မေလ အင်္ဂလိပ်စစ်တပ်များ ရန်ကုန်သို့
ပြန်လည်ဝင်ရောက် ဂျပန်ငွေစက္ကူများ တန်ဖိုးလုံးဝမရှိကြောင်း
ကြေညာ။
အခက်အခဲများတွေ့ကြုံရ
၁၉၄၅ ခုနှစ်၊ မေလ

ဒုတိယကမ္ဘာစစ်　　နိဂုံးနှစ်၌
ထိုးစစ်ကြီးလတ်　　အင်္ဂလိပ်တပ်များ
ရောက်လတ်ရန်ကုန်　　အာဏာကုန်ဖြင့်
စုပုံရှိနေ　　ဂျပန်ငွေများ
စက္ကူများပင်　　"ထောင်လျှင်မလဲသဲကော်"
အားလုံး　　သုံးပြုမရ
ငွေသုညဟု
ရှာနစ်အုပ်ချုပ်　　အမိန့်ထုတ်ကြောင့်
ရပ်သေးကြိုးပြတ်　　ငွေပြတ်လတ်ခဲ့
ထိုရပ်အခါ　　များပြားလာသော
မြန်မာဘိုးဘွား　　(၄၈) ဦးနေ
ကြိုးစားရဆဲ　　အခက်ခဲများ
များပြားလာလည်း　　တို့မညည်းနိုင်
ခါးစည်းရုန်းကန်　　စိတ်ဖွဲ့မာန်ဖြင့်
ကြံဆညှိနှိုင်း　　ကူညီဝိုင်းကြ
ရှိုင်းပင်းငွေကြေး　　စိုက်ထုတ်ပေးကြ



ကျွေးမွေးစောင့်ရှောက်　　ချိန်တောက်လျှောက်ပင်
ထောက်ပံ့ဝိုင်းအုံ　　မေတ္တာပုံ၏
မျိုးဂုဏ်သိက္ခာ　　မြင့်မားလာခဲ့
ကြင်နာသောစိတ်　　ယိုစီးဖိတ်၏
အတိတ်ဖြစ်စဉ်　　စိတ်စောမြင့်
ပုံရိပ်လွှမ်းကြင်　　လွှမ်းမောထင်။　　။

www.burmeseclassic.com

www.burmeseclassic.com



## သယ်န်းကျွန်းနေရာမှ ရန်ကုန်မြို့တွင်းတစ်နေရာ သင့်လျော်ရာနေရာကို ရှာဖွေ၍ ပြောင်းရွှေ့ရန်ကြိုးပမ်းအားထုတ်ခဲ့ကြပုံ

※ သယ်န်းကျွန်းသည်　　မြို့စွန်တည်နေ
နှင်းဆီကုန်းရိပ်မြုံ　　လူအိုရုံ၏
ဆောက်အုံများမှာ　　သက်တမ်းကြာလျက်
များစွာအိုမင်း　　ထိမ်းသိမ်းခြင်းလည်း
နည်းပါးရှားပါး　　ပျက်စီးများပြီ
သစ်သားနဲ့ယိုင်　　မကြံ့ခိုင်ပြီ
အိမ်တိုင်မကောင်း　　ယိုင်ယွဲ့စောင်းပြီ
မိုးကောင်းသောရပ်　　ရေစိမ့်ဝပ်နေ
နွေရာသီရောက်　　ပူရှိန်လှောက်၍
သောက်သုံးရေပြတ်　　ရှားပါးလတ်၏
ပတ်ဝန်းကျင်တွင်　　စီးပွားခွင်ပင်
နေ့စဉ်ကြော်လှော်　　ငရုတ်ညှော်တို့
နံစော်တိုက်ရိုက်　　အညှော်တိုက်နေ
ထိခိုက်ဘိုးဘွား　　နာ၍ဖျားကြ
ဆိုးဝါးညှော်ဘေး　　ကျန်းမာရေးတွက်
ရွှေ့ရေးစဉ်းစား　　ပြောင်းရွှေ့သွားစို့
သွားလာရေးမှာ　　မလွယ်ပါပြီ
ကြာမြင့်တည်ရစ်　　နှစ် (၁၀) နှစ်ပင်
အသစ်နေရာ　　လိုက်လံရှာစို့
တွေးကာကြံဆ　　တိုင်ပင်ကြပြီ
　ပြောပြဉာဏ်နှစ်　　ဖေါ်ဆောင်စို့
　လောကအသစ်　　ထူထောင်ဖို့။　　။



※ ဤသို့သာပင်　　ဆက်နေလျှင်က
ရှုမြင်မကောင်း　　ဆောက်အုံဟောင်းများ
အကြောင်းမလှ　　ပြိုပျက်ကျလိမ့်
ဒေသဝေးကွာ　　အုပ်ချုပ်ရာမှု
လွယ်ကူမရှိ　　ဖြစ်နေဘိခဲ့
လှူမည့်ပုဂ္ဂိုလ်　　လူထိုထိုလည်း
မနီးကွာလှမ်း　　ခရီးလမ်းကြောင့်
စိတ်နှောင့်ဗျာပါ　　ရှိနိုင်ပါ၏
သည်မှာဘွားဘိုး　　မနည်းဴ၍
ခိုကိုးရာမဲ့　　မှီခိုခဲ့ကြ
ဘဝဝမ်းရေး　　ထမင်းကျွေးရုံ
တော်သင့်ရုံဖြင့်　　ဆိုရုံမျှထား
ပြည်သူများတို့　　ပွားများသဒ္ဓါ
စေတနာလျှင်　　များစွာခံယူ
အားပေးလှူအောင်　　ဆောင်ရွက်ရာဝယ်
မယ်မယ်ရရ　　မရှိကြလျှင်
အလှူရှင်တို့　　ငြိုငြင်စိတ်ကွက်
ယုံကြည်ပျက်လိမ့်　　ဆက်လက်ရှည်လျား
သည်တိုင်းသွားက　　ပျက်ပြားဆုတ်ယုတ်
ဤအလုပ်တို့　　ပြုတ်ပြုန်းသွားမည်
သိနားလည်ကြ
ပြည်သူလူထု　　ကျေနပ်မှုဖြင့်
ပြုသည့်ကုသိုလ်　　ထက်သန်ပိုအောင်
ဆိုသည့်အတိုင်း　　အဖွဲ့ဝင်တိုင်း၏
စိတ်တိုင်းကျလျှင်　　ကြိမ်ကြိမ်ပင်တည်း
တိုင်ပင်ဆွေးနွေး　　ဆုံးဖြတ်ပေး၍
　အေးချမ်းရိပ်မြုံ　　ရှာဖွေမည်
　မွေးမြူပန်းရုံ　　လန်းစေမည်။

www.burmeseclassic.com

www.burmeseclassic.com



✳ ရန်ကုန်မြို့တွင်
သူတို့ရှာဖွေ ဆောက်အုံမြေကွက်
နေရာသစ်မှန် ကြိုးစားပြန်ခဲ့
နက်သန်ဘူမိ မှန်ဖြစ်သည့်မြေ
လက်ရှိနေရာ တွေ့ကြပါပြီ
ကမ္ဘာ့အေးမည် စေတီလမ်းဖြစ်
နှစ်ဆယ့်တစ်ပင် တွေ့ရှိမြင်ကြ
အိမ်ရှင်ရှိလတ် ပိုင်ဆိုင်အပ်သူ
ဘိလပ်နေရာ ဘားလ်သဇာမည်
ကိုယ်စားလယ်နှင့် တစ်ဆင့်လွှဲထား
စုံစမ်းသွားရာ
အိမ်ပါမြေပေါင်း ငွေးသုံးသောင်းနှင့်
ရောင်းချလိမ့်မည် ပိုင်ရှင်ဆီသို့
အတည်ပြုရေး စရံပေး၍
ငွေကြေးသုံးထောင် ပေးချေဆောင်သည်
တစ်ထောင်ကိုးရာငါးဆယ့်တစ် ထိုနှစ်ဇန်နဝါရီ
ရက်သည် ၁၅ အောင်မြင်သွားပြီ
ဦးတည်ခြေလှမ်း ခရီးလမ်းတွင်
ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါခဲ့
လူ့ရွာလူ့ဘုံ ဆောက်အုံသစ်မြေ
တည်ရစ်နိဒါန်း အောင်မြင်ခဏ်းလျှင်
ရွှင်လန်းပီတိ တဝေဝေ
စိတ်ဝမ်းကြည်ဘိ အဆွေတွေ။ ။



၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်
ရန်ကုန်မြို့၊ ဆန်းကဖေး၌ လူကြီးလူကောင်းများအား ဖိတ်ကြား၍
ဥက္ကဋ္ဌဦးတင်မှ အခြေအနေရှင်းလင်းပြောပြ အလှူစုံငွေရရှိ
နှင်းဆီကုန်းဘိုးဘွားရိပ်သာ
ကမ္ဘာအေးစေတီမြေအဆောက်အုံဝယ်ယူရရှိခြင်း

✳ ဖေါ်ပြနေရာ ဆောက်အုံပါပင်
သေချာပိုင်ဆိုင် ဝယ်ယူနိုင်ရန်
ညှိခံကျွေးမွေး ဆန်းကဖေး၌
ဆိုရေးပြောရ ဥက္ကဋ္ဌပင်
ဦးတင်ဖွင့်ဆို ထိုလူအိုရုံ
စုပုံခက်ပွေ စားဝတ်နေတို့
နေရေးဒုက္ခ ရှင်းလင်းပြပြီ
လောကအသစ် ပြောင်းရွှေ့ရစ်အံ့
မြေသစ်အိမ်သစ် ဝယ်ယူရစ်အံ့
အားသစ်လောင်းဖြည့် လှူငွေထည့်ပါ
ဖိတ်ကြားပါသော် သဒ္ဓါရွှင်ကြည်
စေတနာတည်၍ ထည့်ပြီလှူငွေ
ငွေခြောက်သောင်းမျှ စုပုံရပြီ
မူလပိုင်ရှင် ထိုချိန်တွင်၌
ဆောလျှင်ပြန်ကြား
အားလုံး (၃) သောင်း ရောင်းချလိုက်ပြီ
ဝယ်နိုင်ပြီလေ ငွေချေစာချုပ်
အလုပ် လုပ်ခဲ့ ပိုင်ဆိုင်ခဲ့ပြီ
ဤနေရာကောင်း အိမ်ရွှေ့ပြောင်းကြ
စိတ်ပြောင်းပျော်ရွှင် အိမ်သစ်ဆင်ခဲ့
ကြွင်ကောင်းပါတည့် ကြွင်ပါလေ
မြင်ကောင်းပါတည့် မြင်ပါလေ
ခင်ကောင်းပါတည့် ခင်ပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီး ဦးတင် နှင်းဆီကုန်းလူ့အိုးရှဲစောင့်ရှောက်ရေးအဖွဲ့
စည်းမျဉ်းရေးဆွဲ
၁၉၅၁ ခုနှစ်၊ ဇွန်လ (၅) ရက် မှတ်ပုံတင်၊ စည်းမျဉ်းနှင့်အညီ
၁၉၅၂ ခုနှစ်၊ မတ်လ (၂၉) ရက် အစည်းအဝေး၌ ဆုံးဖြတ်၍
နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဟု
မှတ်ပုံတင်ရုံး၌ တင်သွင်းပြောင်းလဲပေါ်ပေါ်သတ်မှတ်၍
၁၉၅၄ ခုနှစ်၊ မတ်လ (၁၅) ရက် မြေပေါ်တွင် နေထိုင်သူများ
ရွှေ့ပြောင်း၊ အဆောက်အအုံသစ်ကို ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ
၁၀ ရက်မှစ၍ဆောက်လုပ်ခြင်း

✂ နေရာဒေသ ဧကခုနစ်
ပိုင်ရစ်ပါပြီ ကျယ်ဝန်းထည်လည်း
မြေညီကျဉ်းစွ တစ်ဧကပင်
ရှိခဲ့အင်တည့် ဝန်းကျင်ကုန်းမြင့်
ချိုင့်နှင့်လျှိုမြောင် တောင်မြင့်ကုန်းတည်
ဝန်းကျင်လယ်တွင် နွယ်ပင်စီနေ
မြေညှိထိုးစက်၊
ဖြိုဖျက်ထောင်းထောင်း အိမ်ဟောင်းလည်ပြို
လမ်းကိုလည်းဖေါက် တောင်အောက်မြေဖို့
မြေညီပို့၏ လူတို့ဖန်ဆင်း
တည်ဆောက်ခြင်းလျှင် ချက်ခြင်းပေါ်ပေါက်
အိမ်သစ်ဆောက်၏ လျှောက်ထားတောင်းခံ
အစိုးရထံတွင် စာတင် တင်ပြ
(၃) သိန်းရခဲ့ လှုပဆောက်အုံ
သုခဘုံပင် ဂုဏ်ပေါင်းတင့်တယ်
ခန်းနားကြွယ်၏ ထယ်ဝါခန့်ညား
တည်ဆောက်ထားနိုင် ဘိုးဘွားရာဆုံ
ခိုင်တည်တန့်ပြီ



ဤနေစခန်း ဤမြေလမ်းသို့
သက်န်းကျွန်းမှ ပြောင်းရွှေ့ကြပြီ
နွေရာသီဆက် ၃၀ ရက်ဖြစ်
ခရစ်နှစ်ထိုး ၁၉၅၆
ရောက်သည့်နေ့လျှင် မှတ်တမ်းဝင်၏
ရှိသည့်ဘိုးဘွား လေးဆယ့်ငါးပင်
ရွှေ့ထားတည်ငြိမ် နတ်စံအိမ်လေ
ရိပ်ငြိမ်စခန်း နတ်မောက်လမ်းမှ
ဝန်ထမ်းလူမှု တည်ထားပြုရစ်
ဖွင့်လှစ်ခဲ့ရာ ဘွားဂေဟာကို
ရပ်ခါရွှေ့ထား ဘွား ၂၅ ဦး
ကူးပြောင်းရောက်လာ လွှဲပြောင်းပါခဲ့
ဤနေရာသစ် မြို့တွင်းဖြစ်၍
သွားရစ်လာရစ် ချောမွေ့ရစ်၏
ဖုထစ်ကင်းဝေး ကျန်းမာရေးလည်း
ရှေးထက်ညီညွတ် လွန်ချောမွတ်၏
ဆွတ်ပျံ့ဘွယ်အောင် လွှမ်းမိုးဆောင်ပြီ
ဆောင်လေသူ၏ မိဋ္ဌာန်လျှင်
အောင်မြေဘူမိ နက်သန်ပင်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၅၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာဖွင့်ပွဲကို ပျော်ပွဲရွှင်ပွဲများနှင့်ကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ရိပ်သာဖွင့်ပွဲ အခမ်းအနားတက်ရောက်ဖွင့်လှစ်ပေးခဲ့ခြင်း

※ ရိပ်သာအသစ် နေရာသစ်လျှင်
ထွန်းသစ်ပေါ်ပေါက် သစ်တည်ဆောက်သော်
အောက်မေ့ဖွယ်ပင် သာမျိုးထင်ခဲ့
ပျော်ရွှင်ပွဲများ စီစဉ်ထားပြီ
အားလုံးညီညွှတ် ရက်သတ်မှတ်၍
ထိုနေ့ဖွင့်ပွဲ ဆင်ယင်နွှဲရာ
ကြီးကဲအုပ်ချုပ် ဝန်ကြီးချုပ်သည်
ဤအခမ်းနားဖွင့် တက်ရောက်ချီးမြှင့်၏
မိုးနှင့်မြေပြင် ချမ်းမြေ့မြင်၏
မင်္ဂလာပေါင်း စုံခညောင်းပြီ
ကောင်းသောနိမိတ် ကောင်းအတိတ်တို့
ရိပ်သာသစ်ကို တို့ကြိုဆိုကြ
လူလိုနတ်လို လွန်ကြည်ညိုကြ
တေးဆိုကြွေးဟစ် ပျော်ရွှင်ရစ်ကြ
ချစ်ဖွယ်မူရာ တို့မြန်မာတွင်
ရိုးရာယဉ်ကျေး ယခင်ရှေးပင်
ကျွေးမွေးဘိုးဘွား ပြုစုထားကြ
ထိန်းထားသည့်ပုံ နှစ်သက်ယုံကြ
ဆောက်အုံဗိမာန် ပျော်ကြောင်းဖန်၏
ရေကန်အသင့် ကြာအသင့်ဆို
နှစ်လိုကြည်ဖြူ အောင်ဆုယူ၏
  ကူညီလှူဒါန်း မိုးသို့စွေ
  ဖြူနီမြတ်ပန်း နှင်းသို့ဝေ။



※ နှင်းဆီပန်းပွင့် ငွါးငွါးစွင့်
ဖူးပွင့်ဝေစည် သင်းပျံ့ရှိ
လန်းကြည်ဘိခြင်း သယ်ဆောင်းနှင်း
လေးခွင်းပို့နေ ဖြန့်ဖြူးဝေ
ရွှေနိုင်ငံတွင် ကျော်ဇောထင်
ချစ်ကြင်စိတ်ထား နှလုံးသား
မွေးဖွားဝင်လာ ချစ်စိတ်ဖြာ
ကမ္ဘာကပင် အံ့သြမြင်
ရင်သပ်ရှုမော စိတ်လျှင်စော
ပြောဆိုခဲ့မှု ထိုကောင်းမှု
ယုယဘိုးဘွား စောင့်ရှောက်ထား
ကြိုးစားကြံဆောင် မြန့်လူ့ဘောင်
တည်ထောင်ထွန်းပေါက် အသစ်ဆောက်
ဆောက်အုံသစ်တည် တိုးတက်ပြီ
နှင်းဆီကုန်းလျှင် အောင်ပွဲယင်
သခင်မြင်လှည့် ကြည့်ပါလှည့်
ကြည့်လေတူရှု သရဖူ
ပြည်သူနှင်းအပ် လွှန်မြင့်မြတ်
ထပ်သည့်ပုံတင် ဆုံးမထင်
သံလွင်ချိုမြ လွန်စူးရှ
  လောကပွဲလှ ဤလူ့ဘောင်
  ပရဟိတ ထွန်းလင်းပြောင်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ဓာအေးစေဘီလမ်း
## နှင်းဆီကုန်းဘိုးတွားရိပ်သာ၌ မွှာရုံဆောက်လုပ်ခြင်း

✻ ငါတို့ရွှေမြည် ပွင့်မော်စည်၍
တည်ခဲ့လေရာ သာသနာလျှင်
မြတ်စွာဗုဒ္ဓ ဂေါတမ၏
ဆုံးမဟောကြား မြတ်တရားတို့
ပွားများလိုက်နာ မြတ်ဘာသာတည်း
ဘာဝနာပွား ရှိဝတ်တွား၍
ဘုရားဝတ်ပြု ကုသိုလ်ပြုမည်
တစ်ခုဆောက်အုံ မွှာရုံလျှင်
ခိုလှုံနိုင်ရေး အုပ်ချုပ်ရေးက
ဆွေးနွေးကြရာ သဒ္ဓါလှူရှင်
စိတ်လန်းရွှင်၍ စက်ပူမှ
လှူဒါန်းခဲ့ပြီ ကုမ္ပဏီရှင်
ကီယိုတန်ဆန် စေတနာသန်ခဲ့
ရန်ကုန်မြို့သား ဂျမားလမ်းပျော်
ဦးစိ ဒေါ်ကျင်မေ ငွေစုစုပေါင်း
သိန်းခြောက်သောင်းဖြင့် ကောင်းမြတ်စုပုံ
ဆောက်နိုင်ကုန်ပြီ အောင်မြင်ပြီလေ
ဤရိပ်သာမှ ဥက္ကဋ္ဌလျှင်
ချခဲ့အုတ်မြစ် ၁၉၅၈ မှ
ဧပြီလ၏ လဆန်း ၄ ရက်
ချပန္နက်တည်း ပြီးရက်ကာလ
မြတ်ဒါနကို မူလလှူရှင်
တို့ပါဝင်၍ ရေစင်သွန်းချ
လှူဒါန်းကြပြီ
မမွှအမွှန် အမြတ်ဆုံး
ဘဝသာလွန် အကောင်းဆုံး။ ။



## ရိပ်သာအုပ်ချုပ်ရေးအဖွဲ့က
## ဆေးရုံအဆောက်အအုံဆောက်လုပ်တည်ထောင်။
## ၁၉၆၀ ပြည့်နှစ်၊ မတ်လ (၁၃) ရက်နေ့တွင် ရန်ကုန်မြို့တော်ဝန်
## မြူနီစပယ်မင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်က အုတ်မြစ်ချပေးခဲ့။
## ၁၉၆၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ရန်ကုန်မြို့တော်ဝန်
## မြူနီစပယ်မင်းကြီး ဦးကျော်မင်းဖွင့်လှစ်ပေးခဲ့ခြင်း

✻ သက်ရင့်ကြီးလာ အိုဇရာကြောင့်
နာမကျန်းသူ ဘိုးဘွားလူတို့
ကုသဖို့ရည် ဆေးရုံတည်အုံ
နားလည်သည့်လျောက် သဘောပေါက်၍
တည်ဆောက်ကြိုးပမ်း ဤစခန်းတွင်
နည်းလမ်းရှာဖွေ ကြံစည်လေရာ
ငွေစင်ပေးလှူ တို့ပြည်သူတို့
ကြည်ဖြူထည့်လတ် ကျပ်နှစ်သိန်းပေါင်း
ငွေငါးသောင်းတန် ကောင်းကောင်းဆေးရုံ
ရိပ်ခိုလုံနိုင် ကြံဆုံခဲ့ရ
မြတ်သုခတည့် ကုသဆေးဝါး
ဘိုးအားထား၍ ဘွားဆေးကုနိုင်
ကိုယ်ကြံခိုင်ပြီ
မယိုင်မယိမ်း မတိမ်းမစောင်း
မပြောင်းမရွေ့ ထိုနေ့ထိုရက်
ဆေးရုံတက်ကြ ကုသကြပြီ
ဘဝသက်ရှည် လူတို့ပြည်ဝယ်
ပွင့်စည်သာယာ ချမ်းပါခဲ့
လန်းဖြာရွှင်ကြည် မင်္ဂလာမည်၏
ခေါ်သည်သာမှု ဤကောင်းမှုလျှင်
ပူမှုကင်းဝေး စိတ်လွန်အေးဘိ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဝေးရပ်နီး ပတ်လွှဲ့ဟည်း၍
ကောင်းချီးပေးသံ သောသောညံပြီ
ခါယံမလဲပ် ငါတို့ရပ်လျှင်
မြင့်မြတ်စိတ်ထား လွန်ခိုင်ကျို။
ကောင်းရပ်ဆပွား တည်နိုင်ပြီ။ ။



## ၁၉၆၉ ခုနှစ်တွင်၊ ဘိုးဘွားရိပ်သာ၌ ၂ ထပ် အဆောက်အဦသစ်ဆောက်လုပ် ၁၉၇၄ ခုနှစ်၊ မတ်လ (၇) ရက် ၁၃၃၅ ခုနှစ်၊ တပေါင်းလပြည့်နေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိုလ်ချုပ်ကြီးစန်းယု ဖွင့်လှစ်ပေးခဲ့ခြင်း

※ ဘိုးဘွားရိပ်သာ လူ ၂၀၀ ဆံ့
နေရာဆောက်အုံ ရည်မှန်းကုန်၏
အာရုံသိမြင် လက်တွေ့တွင်မူ
လူဆံ့ ၁၀၀ ဆောက်အုံသာလျှင်
ဆောက်ခါထားရ ကြိုးပမ်းရခဲ့
တစ်စတစ်စ တိုးပွားကြပြီ
ကပ္ပလီကျွန်း ရေဝန်းဝန်းမှ
ကျွန်းပြန်ဘိုးဘွား သူအိုများကို
ပို့ထားလွှဲပြောင်း အကြောင်းကြောင်းကြောင့်
ထပ်လောင်းအင်အား တစ်ရာငါးဆယ်
တိုးပွားတိုးတက် ဦးရေတက်ခဲ့
ခက်ခဲဖြေရှင်း နေထိုင်ခင်းတွက်
လက်ငင်းယာယီ ဆောက်လုပ်တည်ရ
စီစဉ်နောက်တိုး ဘိုးဘွား ၁၀၀
ရိပ်သာတိုးချဲ့ အုပ်ချုပ်ဖွဲ့သို့
လှူခဲ့တန်းခဲ့ ပြည်သူရဲ့ငွေ
ကျပ်ငွေ ၅ သိန်း စီမံကိန်းဖြင့်
ထိန်းသိမ်းဆောက်ရာ ပြီးခဲ့ပါပြီ
ကြည်သာပျော်မွေ့ ထိုရက်နေ့၌
လာ၍ဖွင့်လှစ် ဆောက်အုံသစ်ကို
ပြည်ချစ်မျက်ဖျော် လွှတ်တော်ကိုယ်စားလှယ်
ဤဝယ်ကြွရောက် ချီးမြှင့်မြှောက်၍

www.burmeseclassic.com

www.burmeseclassic.com



ပြီးမြောက်အောင်မြင် ပျော်ကြောင်းထင်သည်
သခင်ကြည့်လှည့် မြင်ပါလှည့်
စိတ်ရွှင်ပီတိ ကြင်ပါခဲ့။



**၁၉၅၆ ခုနှစ်နောက်ပိုင်းမှစ၍ နှင်းဆီကုန်းဘိုးတွားရိပ်သာသည် အဆင့်ဆင့် အဘက်ဘက်မှ တိုးတက်မှုရှိလာခဲ့။ ဉက္ကဋ္ဌကြီး ဦးတင်သည် ကုန်သွယ်မှုဝန်ကြီးဌာန ဝန်ကြီးဖြစ်ရာ၌ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဘိုးတွားရိပ်သာကို တဖက်မှ စီမံခန့်ခွဲပေးနေခဲ့ခြင်း**

✲ နှင်းဆီကုန်းသာ ငြိမ်ရိပ်သာလျှင်
များစွာတိုးတက် အဘက်ဘက်ပင်
ဆထက်ကြီးထွား မြင့်မြင့်မားနေ
ဘိုးတွားကျန်းမာ စိတ်ချမ်းသာဖြင့်
ဘယာကင်းဝေး နေနိုင်ရေးတွက်
မြော်တွေးခဲ့ပြန် ပိုကောင်းရန်တွက်
ဝန်ကြီးအဖြစ် ထမ်းဆောင်ရစ်စဉ်
မလင်းဟင်းအောင် သူကြံဆောင်၍
ဆောင်ရွက်မနား လိုသည်များကို
ညွှန်ကြားပေးမြဲ သူခန့်ခွဲနေ
ရဲရဲဆောင်ပုဒ် ရေးသားထုတ်ပြီ
လုပ်ကိုင်သည့်မှု ဆောင်ပုဒ်ဟူကား
“ ရောက်သူတိုင်း စိတ်ချမ်းသာသည် ”
ရည်ရွယ်ချက်ကောင်း လက်တွေ့ကောင်း၏
အကြောင်းတရား ခြေခံထားကြောင့်
ကျိုးများရလဒ် ပေါ်ထွန်းလတ်ခဲ့
ဤရိပ်လှရွှာ စောင့်ထိန်းပါသော
ဗြဟ္မာစိုရ်မည် တရားတည်၍
ရွှင်ကြည်နှလုံး အစဉ်ပြုံးနေ
မဆုံးဆက်ဆက် သံသာစက်တွင်
ရမက်ကင်းငြိမ်း ကုသိုလ်တိန်း၍
ခပ်သိမ်းရှင်လူ နိဗ္ဗာန်မူကြ
ဆုယူဆုတောင်း ပြုလေပြီ။
ကုသိုလ်စုပေါင်း ပြုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီးပင်　　တို့ဦးတင်သည်
စီရင်ရေးသား　　လက်ခံထားရာ
ဘိုးဘွားအာသစ်　　ရောက်တုံလစ်သော်
ရေးရစ်စည်းမျဉ်း　　ပြုစုခြင်းဖြင့်
ထည့်သွင်းသတ်မှတ်　　လိုက်နာအပ်သော
ချမှတ်စည်းကမ်း　　ကျင့်ဝတ်ခေါ်များ
မှတ်တမ်းရေးစေ　　ကောက်ခံငွေတို့
သွင်းလေစာရင်း　　ထည့်ရေးသွင်းရ
စံနစ်ကျ၏
ရသည့်ငွေများ　　စနစ်ထား၍
အားလုံးတင်ပြ　　အစိုးရလျင်
မှတ်ပုံတင်ဖြစ်　　စာရင်းစစ်နှင့်
စစ်ဆေးစေပြီး　　လုပ်ကိုင်ပြီးလျင်
နှစ်စဉ်ထုံးမူ　　များပြည်သူသို့
ပေးပို့ရှင်းတမ်း　　ပေးဝေကမ်း၏
နည်းလမ်းတကျ　　ဆောင်ရွက်ကြ၏
ကုသဆေးဝါး　　ဤဘိုးဘွားတို့
စားဝတ်နေရေး　　ကုသိုလ်ရေးတို့
အရေးအရာ　　တာဝန်ခွဲဝေ
ဝန်ထမ်းတွေကို　　သေချာကြပ်မတ်
ခန့်အပ်အုပ်ချုပ်　　သေချာလုပ်၍
ဆုပ်ကိုင်နိုင်ခြင်း　　ကောင်းသတင်းကို
လူချင်းဆောင်ပေး　　ရနံ့မွှေး၏
လေးစားယုံကြည်　　ရရှိသည်ပင်
တည်ကြည်ဖြောင့်မတ်　　သိက္ခာဂုဏ်
ရွှန်းရည်ဝင်းလက်　　မွှေးပျံ့ထုံ။ ။



လှူသတင်းလည်း　　လူချင်းဆောင်
ပန်းသတင်းလည်း　　ပန်းချင်းဆောင်
အောင်မြင်ပြုစု　　ကုသိုလ်ထုပင်
လူမှုလုပ်ငန်း　　အောင်စည်ရွှန်းပြီ
ထွန်းကားဖွံ့ဖြိုး　　စည်ပင်တိုးပြီ
ဤရိပ်သာသို့　　ရန်ကုန်မြို့နှင့်
မြို့မြို့နယ်ရွာ　　လာရောက်ပါသော
လေ့လာသူများ　　သင်းဖွဲ့များတို့
ကြားကုန်မြင်ကုန်　　သဒ္ဓါဟုန်ဖြင့်
စုပုံလှူသွား　　နိုင်ငံခြားမှ
ဧည့်များလည်းရောက်　　လာချီးမြှောက်သူ
လှူထောက်ပံ့ငွေ　　လှူနေဖွဲဖွဲ
လှူရဲရဲတည်း　　လှူပွဲစည်ဘိ
အထူးဧည့်သည်　　အခြားပြည်မှ
ကြည်ညိုလေ့လာ　　လှူဒါန်းပါခဲ့
ရိပ်သာသတင်း　　မွှေးပျံ့သင်းပြီ
ညှင်းညှင်းလေပြေ　　သယ်ယူလေပြီ
ဤမြေစခန်း　　နတ်ပြည်နတ်ဘုံ
ဗြဟ္မာဘုံတိုင်　　ကြိုင်လှိုင်ကြိုင်လှောက်
ထိုးဖေါက်ရောက်ပြီ　　ဝေဝေစည်၍
လှဲ့လှဲ့မှူးရီ　　သင်းသင်းကြည်
နွှဲ့နွှဲ့ဖူးစီ　　ဆင်းသိင်္ဂီ။ ။

www.burmeseclassic.com

www.burmeseclassic.com



အစိုးကမြန်မာ့အလင်းဦးတင် ဥက္ကဋ္ဌဦးဆောင်မှုဖြင့်
အဖွဲ့ဝင်လူကြီးများအပါအဝင် ကြိုးပမ်းမှုကြောင့်
နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဆောက်အအုံကြီး
ထွန်းကားပေါ်ပေါက်ခဲ့
မြန်မာအစိုးရနှင့် ပြည်သူများက ဝိုင်းဝန်းကူညီခဲ့ခြင်း

✠ ညှိမှိုင်းဝေမှောင် ကုန်းရှိမြောင်နှင့်
စိမ်းရောင်မောင်းမောင်း သစ်ပင်ကောင်းတို့
ဆောင်းဆောင်းဆိုင်းဆို့ ဝန်းရံညို့ခဲ့
မို့မို့ကုန်းသာ ဤရိပ်သာလျှင်
ခိုရာအားထား အဘိုးဘွားတို့
နားနေအိပ်စက် နေညိုရက်တွင်
သက်သာအေးချမ်း ကွန်းစခန်း၌
ပင်ပမ်းမရှိ ကောင်းမြတ်ဘိသည်
တည်သည့်ဆောက်အုံ သုခဘုံလျှင်
ပြည်ရှင်အစိုးရ ပြည်သူကပါ
ထည့်ကြငွေကူ စိတ်ကြည်ဖြူ၍
လှူဒါန်းစုပေါင်း ရင်းခံကြောင်းကား
စိတ်ကောင်းစိတ်မြတ် ပိုင်ဆိုင်အပ်သူ
တို့ ဦးတင်တည်း
သူလျှင်ကြိုးပမ်း တာဝန်ထမ်း၏
ဇာတ်လမ်းအစ ပြန်ပြောကြစို့
စတင်ရည်ညွှန်း ဘွားဦးဇွန်းကြောင့်
မော်ကွန်းတင်ရာ မပါမဖြစ်
ရေးရရစ်သို့ ကမ္ဘာစစ်နွဲ
ဒုတိယပွဲချိန် ပြိုကွဲပျက်သွား
အကွဲပြားစီ ပြန့်ကျဲသည့်တွင်
ပြန်လည်စုထား ဘိုးဘွားများကို



ထိုလူ့အိုရုံ နှင်းဆီဘုံတွင်
ဦးတင်စည်းရုံး ပုခုံးပြောင်းလျက်
ဆက်လက်တာဝန် ထမ်းကျေပွန်သူ
တံခွန်ရှက်လွှင့် သမိုင်းဖွင့်ရာ
စာကမ္ပည်းက
လုံးဝချန်လှပ်
ကွက်လပ်ထားက မရစကောင်း
မလုပ်ကောင်းချေ
သူကောင်းသူမြတ် ထင်းထင်းရပ်၏
မြတ်နိုးကြည်ညို ဤပုဂ္ဂိုလ်။
လှူကျိုးသယ်လို စိတ်ထားချို။ ။

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် မြန်မာ့အလင်းဦးတင် ဦးတင်နှင့် နိုင်ငံတော်အစိုးရ အဖွဲ့များတာဝန်ပေးအပ်ချက်များ

နှင်းဆီကုန်းဘုံ ဤရိပ်မြုံတွင်
နိုလ့်ဘိုးဘွား စောင့်ရှောက်ထားမည်
အဖွဲ့အားစတင် ဖွဲ့စည်းစဉ်က
ပါဝင်လုပ်ရ ဥက္ကဋ္ဌပင်
ဘဝမြုပ်နှစ် လုပ်ကိုင်ရစ်သူ
နှစ်သုံးဆယ့်ငါး ကျော်လွန်သွားခဲ့
ခေတ်များခေတ်များ ပြောင်းလဲသွားလည်း
လူကားလုံ့လ ဥဿဟဖြင့်
ထကြွမနေး ဆောင်ရွက်ပေး၏
ပြည်ရေးရွာမှု တာဝန်ထုလည်း
အစုအစု ကြီးမားမှုတည်း
သူမျိုးချစ်စိတ် သီလရိပ်နှင့်
သိက္ခာလည်းရှိ သမာဓိကြောင့်
တက်သည့်အစိုးရ ဖဆပလ
ထိုကာလက စ၍ဆင့်ခေါ်
လွှတ်တော်ခေါင်းချုပ် စီမံအုပ်သော
ဥက္ကဋ္ဌဖြစ် ထိုတစ်ခေတ်တွင်
ချစ်ကြမုန်းကြ ကွဲလွဲကြသော်
ထိုမှတည်မြဲ သန့်ရှင်းကွဲခဲ့
ကွဲသည်ဖြစ်ကြောင့် ပြည်ရေးမှောင်ခဲ့
အိမ်စောင့်တို့တွင် တို့ဦးတင်ကို
တွေ့မြင့်တွေးမြော် ဉာဏ်၌ပေါ်၍
လွှတ်ဥက္ကဋ္ဌ တင်မြှောက်ကြပြီ
နှစ်ကြာရှည်၏ တည်တန့်မြဲစွ
အစိုးရတွင် ဖွဲ့ဝင်ကြုံပေး



နေရာပေးကြ ရွေးကောက်ပွဲဝင်
ကော်မရှင်လုပ် မင်းကြီးချုပ်ဟု
အလုပ်ခန့်ကြ စိတ်ချယုံကြည်
ရှိကြသည်တည့် တည်ကြည်နိုင်ဘိ
သမာဓိပင်
ချစ်သည့်ခင်သည့် ချစ်စိတ်ဝေ။
စစ်သည့်မှန်သည့် မေတ္တာဝေ။ ။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ပထမ
## ၁၈၉၇–၁၉၇၈ ဥက္ကဋ္ဌ သတိုးသိရိသုဓမ္မဘွဲ့ရ
## မြန်မာ့အလင်းဦးတင် အတ္ထုပ္ပတ္တိအကျဉ်း

✻ ကြံ့ခင်းမြို့တွင် ဦးတင်မွေးဖွား
စာများသင်အံ ‌ အာရ်စီအမ်ကျောင်း
စာတတ်ကောင်းခဲ့ ကျောင်းခုနှစ်တန်း
အောင်မြင်ခဏ်းတည်း ခွင့်လမ်းရှာရ
အလုပ်ရပြီ မြန်မာ့အလင်း
သတင်းစာ၌ တိုက်အထွေထွေ
မန်နေဂျာဖြစ် စံနစ်လည်းမှန်
စိတ်ရင်းမှန်သူ စိတ်မှန်ကန်သူ
ဖြူစင်စိတ်ဓာတ် စိတ်မြင့်မြတ်သူ
ဖြောင့်မတ်ရိုကျိုး ကောင်းမြတ်နိုး၍
တိုင်းကျိုးပြည်ကျိုး သယ်ဆောင်ပိုးသူ
ရိုးသားပေစွ သီလသမာဓိ
သိက္ခာရှိပြီး မြော်မြင်ကြီးသူ၊
ဉာဏ်ကြီးသုခမိန် နိုင်းချိန်တတ်သူ
ရှင်လူသိရစ် စစ်ကြိုခေတ်က
ဗြိတိသျှတို့ ရန်ကုန်မြို့၌
သူတို့ယုံကြည် ကိုးစားသည်ပင်
ပြည်သူအပေါင်း ယုံကြည်ကောင်းသော
“ သူကောင်းပြု တရားသူကြီး
ချီးကြူးခန့်၏ သမာဓိမြို့ဝန်
တန်ခွန်လွှင့်ထူ ဂုဏ်မင်းမူ၍
သူတော်သူကောင်း သူမြတ်ပင်
လူတော်လူကောင်း လူဖြောင့်ပင်။ ။



## ရန်ကုန်မြို့တော်
## ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ
## မြို့တော်ပြန်လည်စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်
## အစီပတိအရှင်မင်းကြီး ဒေါက်တာဘမော်၏ အစိုးရအတိုင်ပင်ခံ
## လွှတ်တော်အမတ်အဖြစ်ရွေးချယ်တာဝန်များအပ်နှင်း
## ၁၉၄၂ ခုနှစ် Burma Independent Army ခေတ်၊
## ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) လွတ်လပ်ရေးရချိ၊ တာဝန်များ

✻ လူသားလောက လူ့ဘဝတွင်
ကျော်ဖြတ်ရခေတ် အထစ်ထစ်ပင်
စစ်ဖြစ်သောနှစ် ကြုံရလစ်၏
ထိုခေတ်ဖြစ်လေ ဘီအိုင်အေပင်
မြို့နေမိဖ ပေးကြတာဝန်
သင့်ပေတန်၍ ဂျပန်စစ်အုပ်ချုပ်
အဖွဲ့ထုတ်ပြန် ငြိမ်းချမ်းရန်တွက်
ရန်ကုန်မြို့ပေါ် မြို့တော်ငြိမ်းချမ်းရေး
တာဝန်ပေး၏ စစ်ဘေးစစ်ဒါဏ်
ပုံးထိမှန်၍ နံရံကွဲပြို
တိုက်ကွဲပြိုသော
မြို့အိုပြိုကျ ပျက်ကြေမွနေ
လောကရှင်းလင်း ဆောက်အုံရှင်း၏
မြင်းကွင်းဆိုးရွား ပျက်စီးများခဲ့
ဖယ်ရှား၍လျှင် မြို့စည်ပင်အောင်
ခေတ်လျှင်လျော်ညီ သန့်ရှင်းတည်အောင်
ပြန်လည်စည်ကား ဖွံ့ဖြိုးထွားအောင်
ဆောင်ရွက်ခဲ့ပြီ အလီလီပင်
စည်ပင်သာယာ အိမ်များစွာကို၊ နေရာချထား
သယ်ယူသွားရေး ပို့ဆောင်ရေးတို့

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်စည်ပင် အဖွဲ့ဝင်တို့
စီစဉ်လုပ်ရ အဝဝပင်
ကျသည့်ဝန်တာ ရှိခဲ့ရာလေ
စေတနာဝန် ထမ်းကျေပွန်ကြ
မှန်မှန်ရှုံးချိန် အဟုန်ရှိန်ဖြင့်
ဂုဏ်သိန်ထိန်းကြ လုပ်ကိုင်ကြ၏
မြို့ပြရပ်ဘက် ဦးဆောင်တက်သူ
ပေါ်ထွက်ခဲ့ရာ ဒေါက်တာဘမော်
ဟိုးဟိုးကျော်ခဲ့ မြို့တော်စည်ပင်
ဦးတင်ဥက္ကဋ္ဌမှ လွှဲပေးကြပြီ
ကာလထိုခေတ် ထိုနှစ်စာတိုး
၁၉၄၁ ဖြစ်သည့်ကာလ
ဩဂုတ်လ ၁ ကျရောက်ရစ်စဉ်
ပြည်ခွင်လွတ်လပ်ရေး ဂျပန်ပေး၏
ထိုသည့်ခေတ်က ဒေါက်တာဘမော်
ခေါ်ယူပေးလာဘ် ရွေးချယ်အပ်၏
လွှတ်တော်အမတ် မားမားရပ်ရန်
"အစိုးရအတိုင်ပင်ခံ"
ရွေးချယ်မှန်၏
ဉာဏ်ရည်ကြီးမြင့် သုခမိန်
စွမ်းရည် ဂုဏ်တင့် သူ့ဂုဏ်ရှိန်။ ။



မြန်မာ့အလင်းဦးတင်အား ဖဆပလအဖွဲ့ချုပ်ကြီး၏
ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်။
ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက
လူထုအစည်းအဝေးတစ်ခုတွင် မြွက်ကြား
ဦးတင်၏ ကိုယ်ကျင့်တရား ချီးကြူးအမွှန်းတင်ခြင်း

ဗိုလ်ချုပ်အောင်ဆန်း သူ့မိန့်ခွန်းတွင်
ရည်ညွှန်းဖွင့်ဟ ပြောပြသည်တွင်
ရှေးယခင်ခါ ဗျူဗမာပြည်
လုပ်သည်ပြည်ရေး နိုင်ငံရေးကို
လေးပေးဆောင်ပြု ဝံသာနုလမ်း
ထိုလုပ်ငန်းများ ထမ်းရွက်ရှုပ်ထွေး
ငွေကြေးရေးတို့
ဆိုရေးဆိုစ ဆိုခဲ့ကြရာ
ပြဿနာများ များစွာရှိခဲ့
အဖွဲ့အစည်း နာမည်လည်းပျက်
အကျင့်ပျက်ကြ သိက္ခာကျ၏
ဖဆပလ ဖွဲ့ချုပ်မှလျှင်
တိကျစာရင်း မှန်ကန်သွင်းဖို့
ရှင်းလင်းငွေကြေး ဘဏ္ဍာရေးကို
စိတ်အေးနိုင်ရန် စီမံအုပ်ချုပ်
အလုပ်ကျွမ်းကျင် ကြည်လင်သဖြင့်
နှိုင်းချိန်ချင့်သူ ကိုယ်ကျင့်သီလ
ဘဝသမာဓိ သိက္ခာရှိထား
ရိုးသားတည်ကြည် စိတ်ရှည်ဖြောင့်မတ်
စိတ်ဓာတ်ကောင်းမွန် အလွန်စိတ်ချ
ရသည့်ပုဂ္ဂိုလ် သူကိုငွေထိန်း
ဘဏ္ဍာထိန်းမှူး အထူးရွေးခါ

www.burmeseclassic.com

www.burmeseclassic.com



သချာစဉ်းစား ရွေးချယ်ထား၏
သူကားသက်မွေး နိုင်ငံရေးမဟုတ်
မြန်မာအုပ်ချုပ် လုပ်ငန်းစီးပွား
ကြီးမားအောင်နိုင် စွမ်းဆောင်နိုင်စွ
မြန်မာ့အလင်း သတင်းစာတိုက်
တိုက်အုပ်အထွေထွေ မန်နေဂျာလျှင်
ဦးတင်ပင်တည်း စည်းဝေးလူထု
တစ်ခုကျင်းပ ရှင်းလင်းပြ၍
ပြောပြထည့်သွင်း မိန့်မြွက်ခြင်းလျှင်
သတင်းကောင်းများ နှံ့ကျော်ကြား၏
ထူးခြားစွမ်းရည် လေးစားသည်ကြောင့်
ပါတီပေါင်းစုံ ဖွဲ့ပေါင်းစုံတည်း
တစ်သီးပုဂ္ဂလ ပါဝင်ကြ၍
ဖဆပလ ဖွဲ့စည်းကြရာ
ဘဏ္ဍာထိန်းသည့် စနစ်ရှိရေး
ငွေကြေးသုံးစွဲ စည်းကမ်းမြဲရန်
ဘဏ္ဍာရေးမှူး ဦးတင်ကိုရွေး
တင်မြှောက်ပေးပြီ သဘောညီကြ
တညီညွတ်ပြု ဆုံးဖြတ်မှုတည်း
သူ့ကိုကြည်ညို လွန်နှစ်လို
မေတ္တာကဲပို လူပုဂ္ဂိုလ်။



## ဦးတင်သည်
## ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့
## လွတ်လပ်ရေးရသောအခါ
## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့တွင်
## ပထမဆုံးဘဏ္ဍာရေးဝန်ကြီးအဖြစ်စန့်အပ်ထမ်းဆောင်ခြင်း

✕ သဇင်သင်းပျံ့ မြေအနှံ့ပင်
ရန်ခွာညို ငွေနှင်းစိုချိန်
မွေးလိုတိုင်းမွေး ချမ်းမြေအေးနေ
ဖွေးဖွေးပန်းပွင့် တောလုံးတင့်နေ
သခင့်ရွှေပြည် လွတ်လပ်ပြီလေ
နှင်းရည်သောက်လျက် ပင်ယံထက်မှာ
ငှက်ငယ်တေးဆို လွတ်လပ်ကြိုနေ
တောင်ညိုရိပ်ကောင်း စိမ်းမြမောင်းတွင်
ခိုအောင်းနားနေ မြန်မာ့မြေသည်
ယူနိယံဂျက် မြေဝယ်သက်၍
လွင့်တက်ဝဲပျံ ကောင်းကင်ယံဝယ်
မြန်မာအလံ အောင်ပွဲခံခဲ့
နိုင်ငံတော်မှ အစိုးရဖွဲ့
ပါခဲ့ထိပ်ဆုံး ပထမဆုံးပင်
ဦးတင်ကိုသာ ရွေးချယ်ပါ၍
ဘဏ္ဍာဝန်ကြီး ခန့်အပ်ပြီးခဲ့
ထိပ်သီးအိုင်စီအက် လုပ်ကိုင်ဖက်တို့
ပေါင်းဖက်တာဝန် အတွင်းဝန်တွေ
ကျေပွန်ထမ်းဆောင် သူဦးဆောင်၏
ပြည်ထောင်စုသည် အခွန့်ရှည်လိမ့်
ပွင့်စည်ဝင့်မော် ပျော်ကြောင်းဖျော်လိမ့်
ကျော်ကြားအနှံ့ သတင်းပြန့်သည်
ဆွတ်ပျံ့ဘွယ်ပင် လွမ်းမျိုးထင်
လွမ်းအံ့တုန်ယင် ထမ်းမျိုးကြင်။ ။

www.burmeseclassic.com

www.burmeseclassic.com



**အဘက်ဘက်က အရည်အချင်းပြည့်ဝသော**
**မြန်မာ့အလင်းဦးတင်အား ၁၉၄၈ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့**
**တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်။**
**၁၉၅၂ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင်**
**ပြည်သူ့လွှတ်တော်အမတ်။ ၁၉၅၆ ခုနှစ်တွင်**
**ပြည်သူ့လွှတ်တော်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခံရခြင်း**

※ ပေါက်ပွင့်ရဲရဲ နွေရဲရဲလျှင်
ပွင့်ဆဲနီနီ နွေရာသီပင်
ရွှေပြည်မတ်လ ရန်ကုန်မှလျှင်
မြို့မစီရင်စု ကိုယ်စားပြုသော
တိုင်းပြုပြည်ပြု လွှတ်တော်ပြုသော
ပြည်သူ့အမတ် ရွေးချယ်လတ်ကြ
ထပ်မံတစ်ခါ လေးနှစ်ကြာသော်
အညာရွှေဘို နယ်ဗဟိုမှ
ထိုအထွေထွေ ပြုလုပ်လေသော
ဤမြေရွေးကောက်ပွဲ ဆင်ယင်နွဲကြ
တစ်ခဲနက်မြှောက် ရွေးကောက်ကြပြီ
ပြည်သူ့လွှတ်တော် အမတ်မော်၏
နောက်သော်လေးနှစ် ကြာပြန်လစ်က
မဲဆန္ဒလျှင် ကြည့်မြင်တိုင် (တောင်)
အောင်မြင်ခဲ့မှု
ရွေးချယ်ပြုကြ ပြည်သူ့လွှတ်တော်
အမတ်ကျော်ပင် သူတော်သူကောင်း
ဘက်ပေါင်းစုံရ စွယ်စုံရသူ
လောကအမွန် လူရည်ချွန်
ဘဝတာဝန် သူကျေပွန်။ ။



**ဦးတင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ၁၉၅၈ ခုနှစ်**
**အောက်တိုဘာလ ၃၁ ရက်မှ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၃၁**
**ရက်အထိ ပါလီမန်တစ်ရပ်လုံးမှ ရွေးကောက်တင်မြှောက်ခြင်းခံရခြင်း**

※ လွှတ်တော်ဥက္ကဋ္ဌ တင်မြှောက်ကြသည်
မြန်မာ့အလင်း သတင်းစာရှင်
တို့ဦးတင်ကား ကြားနေအမတ်
ရပ်တည်နေရာ သမာသမတ်
ဖြောင့်မတ်ရှိသူ စိတ်ထားဖြူ၍
ကျင့်မူသီလ ပြည့်စုံလှဘိ
သမာဓိသိက္ခာ ကြီးမားစွာပင်
ရှင်သန်ပုဂ္ဂိုလ် လူကြည်ညိုကြ
အဆိုအပြော အဟောအပြု
အနုအယဉ် အလျင်အနှေး
အရေးအရာ အခါအလိုက်
အထိုက်အတန် အကြံအစည်
နှုတ်ရည်မွေ့သိမ် သူ့ဂုဏ်ရှိန်ကြောင့်
ထိုချိန်အခါ၊ ပါလီမန်ခေတ်၊ ခေတ်သစ်ချိန်ခါ
လွှတ်တော်အားလုံး သိမ်းကြုံးထောက်ခံ၊
သိမ့်သိမ့်ညံ၍
ပွင့်လျှံသြဘာ မြိမ့်မြိမ့်ညာ၏
ရှာမှရှားလှ ဥက္ကဋ္ဌပင်
မြန်မာ့ကုသိုလ် ကောင်းခဲ့ဆိုကြ
ထူးလှဖြစ်ပုံ ကြုံတောင့်ကြုံခဲ
ထောက်ခံမြဲစွ ဖဆပလ
ထိုမှတည်မြဲ သန့်ရှင်းကွဲနှင့်
လွှဲပြောင်းအိမ်စောင့် ဖြောင့်မတ်လေရာ

www.burmeseclassic.com

www.burmeseclassic.com



ပါလီမန်အိမ် နန်းရိပ်ငြိမ်တွင်
တည်ငြိမ်အေးဆေး ထိန်းသိမ်းပေးစွမ်း
ဆောင်ယူစွမ်း၍
ငြိမ်းချမ်းပေးအပ် မတ်တပ်ရပ်၍
အမတ်အားလုံး မဆုံးချီးကျူး
ကြုံခဲ့ဘူးပြီ စိတ်ထားညီကြ
ဤလွှတ်တော်ဘုံ သက်တမ်းကုန်ထိ
ယုံကြည်မှုရ ခံယူရခဲ့
ဥက္ကဋ္ဌဝန် သူကျေပွန်၏
အသိတရား လက်ကိုင်ထား၍
ကြားညှပ်ပြောကြား အမတ်များကို
ပြောကြားမဖြစ် ပြောရရစ်က
အင်္ဂလိပ်လို ထည့်စေလို၏
မလိုပါလျှင် မြန်မာပင်ကိုယ်
စကားကိုလျှင် ဆိုကြပြောကြ
ဆွေးနွေးကြဟု သက်ပြုလေ
သုံးပြုစေရန် လမ်းမှန်တိုက်တွန်း
သူ့မိန့်ခွန်းသည် ညွှန်းပြသတိ၊ ပေးခဲ့ဘိသည်
ချစ်သည့်မြန်မာ တို့မြန်မာလေ
စာပေစကား မဏ္ဍိုင်ထား၍
ထိန်းထားမြတ်နိုး စိတ်လှမ်းမိုးလော့
ဟိုးဟိုးကျော်ခဲ့
တော်တည့်ဖြောင့်မတ် စိတ်သန်သူ
ကျော်ဘိလုပ်ရပ် မှန်ကန်သူ။ ။



ဦးတင် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းတွင်
ရွေးကောက်ပွဲမဝင်တော့ နားနေစဉ် ထိုနှစ် ဧပြီလမှစ၍ အစိုးရ
အကြံပေးအဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့ရ၊
သတိုးသီရိသုဓမ္မဘွဲ့ထူး။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ၌
နိုင်ငံတော် သမ္မတ ကိုယ်တိုင်ချီးမြှင့်အပ်နှင်းခြင်း

※ ဦးတင် တည်ငြိမ် ရိပ်သာငြိမ်တွင်
ဂုဏ်သိန်လည်းမြှင့် တရားကျင့်ခဲ့
ကြီးရင့်လာဆဲ ရွေးကောက်ပွဲကို
ဝင်နွှဲမပြု အေးဆေးမှုဖြင့်
ပြုစုရိပ်သာ စောင့်ရှောက်လာဆဲ
ထိုခါချိန်ရောက် ၁၉၆၀
ထိုနောက်ကာလ ဧပြီလတွင်
စ၍ရပ်နား နေခဲ့ပြားလည်း
သူ့အားခန့်ပြန်
"အစိုးရအကြံပေးအဖွဲ့ဝင်"
အဖွဲ့တွင်ဆောင်ရွက် ခရီးဆက်ရ
လောကအကျိုး နိုင်ငံကျိုးကို
သည်ပိုးကောင်းမွန် ထက်မြက်ချွန်၍
တာဝန်အလွန် ထမ်းကျေပွန်သူ
အားသွန်ခွန်စိုက် ဝီရိယစိုက်သူ
"လူကြီးအကြံပေးအဖွဲ့ဝင်"
တို့ဦးတင်ကို ထိုခရစ်နှစ်
၁၉၆၁ဆီ ဖေဖော်ဝါရီလ
နှင်းဆွတ်မြစဉ် ဖြူလွှပုလဲ၊ ဖြန့်ကြဲချစဉ်
သမ္မတအိမ်တော် စံနန်းတော်တွင်
ခေါ်ယူပင့်ဖိတ် တာချွန်အိပ်ဖြင့်
တံဆိပ်ဘွဲ့မြတ် ချီးမြှင့်အပ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချိုးပွဲ၏
မင်းပွဲစိုးပွဲ ဂုဏ်တင်ပွဲလျှင်
လျှံကဲဝင်းဖန် ဖိတ်ဖိတ်လျှံနေ
နိုင်ငံတော်မှ သမ္မတကြီး
ကိုယ်တိုင်ချီးမြှင့် ဂုဏ်ပေါင်းတင့်ဘိ
မြင့်မြတ်ဘွဲ့စိုး
သတိုးသီရိသုဓမ္မ
မဟာ့မဟာ ကြီးမြတ်စွာသော
မြန်မာဘွဲ့ထူး ထိုဂုဏ်ထူးကို
ဆွတ်ခူးရရှိ နှင်းအပ်ဘိသည်
ပြည်၏ဂုဏ်ဆောင် မြတ်ဂုဏ်ရောင်
တိုင်း၏ထွဋ်ခေါင် တိုင်းကျိုးဆောင်။ ။



ဤသို့လျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံ၍ အများကြည်ညိုလေးစားခြင်းခံရသော သတင်းစာဆရာကြီး တိုင်းပြုပြည်ပြု လွှတ်တော်ကိုယ်စားလှယ် ဝန်ကြီး၊ နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ ပထမဉက္ကဋ္ဌ၊ နှစ်ပေါင်း (၃၆) နှစ်မျှ တာဝန်ယူခဲ့သူ ပုဂ္ဂိုလ်ကြီး မြန်မာ့အလင်းဦးတင် ၁၃၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၂ ရက်၊ ခရစ်နှစ် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် အင်္ဂါနေ့ နံနက် ၇ နာရီ ၇ မိနစ်၊ အသက် ၈၂ နှစ်အရွယ် ရန်ကုန်မြို့၊ ဗဟန်းဝင်္ကပါရိပ်သာလမ်း၊ ခြံအမှတ် (၃) နေအိမ်တွင် ကွယ်လွန်ရှာပြီ

✗ တို့ဦးတင်သည်
လူဆိုသည်မှာ သေမျိုးသာပင်
အိုနာသေဘေး ရှောင်မပြေးနိုင်
သေရေးဆိုက်က ကွယ်လွန်ရမြဲ
ဘဝကူးပြောင်း ဇရာညောင်း၏
ကောင်းမှုကုသိုလ် ပြုလုပ်ဆိုကြ
နေ့ညမပြတ် ကြည့်ရှုမှတ်၍
ဝိပဿနာ ကျင့်ကြံပါ၏
မြန်မာ့အလင်း သတင်းစာရှင်
ဦးတင်ဆောင်ရွက် အသက်ထက်ဆုံး
ထက်မြက်ဉာဏ်ရည် ရွှန်းရွှန်းကြည်၏
နှင်းဆီကုန်းမှာ ၃၆ နှစ်ကြာမျှ
ပထမဉက္ကဋ္ဌ ရှည်ကြာလှပင်
နေရကြာရစ် ၁၉၇၈ တွင်
၈၂ နှစ်အရွယ် ကွယ်လွန်ပါပြီ
လူ့ပြည်ကိုငြီး နတ်ထီးနတ်နန်း
ပျော်စံမြန်းခဲ့ ပြီးဆုံးခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



မြန်တိုင်းပြည်တွင်
ပြည်သူအကျိုး ထမ်းသယ်ပိုးသူ
မြတ်နိုးကြည်ညို ချီးမွမ်းဆိုကြ
ဘိုးအိုဘွားအို အကျိုးလို၍
ငြိုငြင်မရှိ ဖြူစင်ဘိသော
အသိတရား လက်ကိုင်ထားသူ
မကြွားမဝါ ရိုးသားစွာဖြင့်
နေ့ခါသူလုပ် တကုပ်ကုပ်ဖြင့်
အားထုတ်ကြံဆောင် ဤလူ့ဘောင်တွင်
  အောင်မြင်ဖွံ့ဖြိုး တိုးတက်ခဲ့
  ထိပ်ခေါင်မွှန်ရှည် စိုးမိုးခဲ့။ ။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ
## ၁၉၃၈–၁၉၃၉ မှ ၁၉၈၂–၁၉၈၃ အထိ ဆောင်ရွက်ချက်များ

✲ ပရဟိတ သည်ပိုးကြပြီ
လောကကျိုးဆောင် ဦးလှမောင်သည်
နိုင်ငံတော်ကောင်စီဝင် သူလျှင်ဥက္ကဌ
ဒုတိယသည်
သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်ဟူ၏
သူတို့ပါခဲ့ ၂၀ ဦးဖွဲ့ကြ
တွေးကြခေါ်ကြ တွေ့ဆုံကြလျက်
ကိစ္စလုပ်ငန်း ထိုနည်းလမ်းတို့
ပင်ပမ်းမသိ လုပ်ကိုင်ဘိခဲ့
ညှိနှိုင်းဆုံးဖြတ် တိုင်ပင်လတ်၏
တတ်သိတွေးမြင် ပညာရှင်တို့
ဤတွင်စုဝေး မြော်မြင်တွေး၍
ရှေ့ရေး၌ကား ဤဘိုးဘွားတို့
သွားလာနေမှု ကျန်းမာမှုတို့
ဆေးကုသခြင်း စောင့်ရှောက်ခြင်းနှင့်
နေခြင်းချမ်းသာ စိတ်ချမ်းသာရန်
ကြံစည်လုပ်သော် ကောင်ထည်ဖေါ်၍
ပေါ်ပေါက်အောင်မြင် တို့ပြည်ခွင်၌
ရှင်သန်ကြီးထွား လွန်ကျော်ကြွား၏
ထွန်းကားစည်ပင် တိုးတက်မြင်ခဲ့
  သခင်မြင်လှည့် ကြည့်ပါလှည့်
  သဇင်မွှေးဘိ သင်းပါဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘွားနေ့ အထိမ်းအမှတ်အဖြစ် ဘိုးဘွားနေ့ အလံကလေးများ ဖြန့်ဝေရောင်းချခြင်း

✻ ပြည်သူ့အခကျေး ပေးလှူဒါန်းရန်
မျှော်မှန်းခဲ့၍ ဘိုးဘွားနေ့ကို
မမေ့ထိမ်းမှတ် ပြုခဲ့လတ်ပြန်
အလံလေးတွေ တို့မြန်မြေဝယ်
ဖြန့်ဝေရောင်းချ ဖြန့်ဖြူးကြပြီ
တိုင်းမှပြည်နယ် မြို့ရွာနယ်တိုင်
အလယ်တန်းကျောင်း မူလကျောင်းနှင့်
တန်းမြင့်ကျောင်းများ ကျောင်းတော်သားတွေ
တပ်သားတပ်ကြပ် တပ်အရာခံ
လှူခံအရာရှိ ရှိသည့်တပ်ရင်း
ပေးသွင်းလှူငွေ ဘိုးဘွားတွေတွက်
ဖြိုးဝေသဖွါ ပွားများလာ၏
စဉ်လာကြီးမား မြန်မာများပင်
စိတ်ထားမွန်မြတ် စိတ်ထားတတ်ကြ
လူ့ရပ်ကောင်းကျိုး သည်ဆောင်ပိုးနေ
ဆိုးဝါးစိတ်ညစ် ဖယ်ရှားပစ်ကြ
ခေတ်စဉ်ခေတ်ဆက် အကျိုးဆက်ကြ
ရက်ရက်ရောရော လှူဒါန်းသောလျှင်
အသောကထုံး ပြုကျင့်သုံး၍
နှလုံးမူခြင်း အာရုံသွင်းခဲ့
ချစ်ခြင်းမြဲမြံ မေတ္တာမှန်၏
တို့ပြန်ယှယ်သွယ် ယက္ကန်းရှယ်သို့
လူ့နယ်ပေါင်းစု အင်အားထုသည်
အပြုတည်ရစ် ခေတ်တိုင်းခေတ်၌
သစ်သစ်ပွင့်စည် တည်လေပြီ
သနစ်လင်းကြည် ရှည်ပေပြီး ။



## ဘိုးဘွားများ ပျော်ရွှင်ချမ်းမြေ့စွာနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း

တို့ ဘိုးတို့ဘွား ရိပ်ခိုနားချိန်
စိတ်ထားချမ်းမြေ့ စိတ်ပျော်မွေ့ရန်
ဘိုးနေ့ဘွားနေ့ သတ်မှတ်၍လျှင်
ပျော်ပွဲရွှင်ပွဲ ကျင်းပနွှဲ၍
စာပေလေ့လာ သတင်းစာဖတ်
မပြတ်မဂ္ဂဇင်း ဝယ်ယူသွင်းလျက်
စိတ်လက်ပန်းဖြေ ချမ်းသာစေခဲ့
တို့မြေတို့ပြည် ရွှန်းမြစည်၏
ပြည်သူ့ရိုးရာ ယဉ်ကျေးစွာသော
မေတ္တာပတ်ဝန်း ထွန်းသစ်ထွန်းသော
နှုတ်ခွန်းချိုချို ချိုမြချိုသော
လူကိုလူချင်း ကြင်နာခြင်းဖြင့်
ချင်းချင်းစောင့်ရှောက် ဝိုင်းဝန်းထောက်သော
ထောက်ပံ့စာနာ စေတနာသည်
စန္ဒာလဝန်း ဧမြသွန်းသည့်
လှဲ့ရွှန်းရောင်ခြည် ဖိတ်ဖိတ်လည်သို့
ကြည်ဖြန့်ကျင်း ထိန်ထိန်ဝင်းဘိ
လင်းလင်းလက်လက် ပြိုးပြိုးပျက်၏
ထက်အောက်စုန်ဆန် တုန့်ပြန်လူးလာ
ကြေညာအနှံ့ စိတ်ကောင်းပျံ့၏
ပတ်လွှံ့လူ့ရွာ နတ်ဗြဟ္မာတိုင်
ချမ်းသာစိတ်ဝမ်း ပီတိလွှမ်းသည်
ချမ်းကြည်၍ မွေ့သည်ကို
နတ်လမ်းရှည်၍ နိဗ္ဗာန်ကို။ ။

www.burmeseclassic.com

www.burmeseclassic.com



※ နှစ်စဉ်ဆင်နွှဲ ကျင်းပမြဲပင်
ပျော်ပွဲရွှင်ပွဲ ရိုက်ခြိမ်းဝှဲ၍
ခြိမ့်သဲလှုပ်လှုပ် လူရှုပ်ရှုပ်တည့်
အုပ်အုပ်ကျက်ကျက် ပွဲတင်ဆက်ကြ
တီးနှက်မျိုးစုံ မြန်မာ့ဂုဏ်ပင်
သံစုံတီးဝိုင်း တို့ဆိုင်းဝိုင်းကြီး
သံလှိုင်းညိမ့်ညောင်း ချစ်ဖွယ်ကောင်းဘိ
ရောင်းချစုပုံ စားဖွယ်စုံ၍
စက်ရုံ၊ အလုပ်ရုံ ဌာနစုံတို့
အုံဖွဲ့ကျင်းဖွဲ့ ပေါင်းစုခဲ့ဘိ
မိသားစုပါ စေတနာရှင်
စုံလင်လှစွာ တို့ကမ္ဘာတွင်
ထည့်ဝင်ပေါင်းပြု သဒ္ဓါပြု၍
လူမှုရေးတည်း အဖွဲ့စည်းတို့
ကြီးမားကုသိုလ် ထည့်ဝင်ပိုကြ
ထိုဘိုးဘွားနေ့ တို့မမေ့နိုင်
ပျော်မွေ့နှစ်ခြိုက် လွန်ပျော်ပိုက်၍
သည်းခိုက်အောင်ပင် တေးသံရှင်တို့
သံစဉ်ချိုမြ တေးဂီတနှင့်
သီကြဆိုကြ ဝင်နွှဲကြ၏
လောကမြေပြင် ပွဲကြီးယင်ခဲ့
စည်ပင်ပွင့်လန်း ဤပွဲလမ်းတို့
တမ်းတအောက်မေ့ တမြေ့မြေ့လျှင်
ယနေ့တိုင်ထိ မှတ်မိဆဲ။
သတင်းလှိုင်ဘိ သိနေဆဲ။ ။



※ မြို့နယ်မှလျှင် ကောင်စီဝင်နှင့်
ရပ်တွင်ကောင်စီ ကြက်ခြေနီနှင့်
ပြည်သူလူထု လူမှုသင်းဖွဲ့
ပါဝင်ခဲ့ကြ လုံ့လပြုလတ်
မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခဲ့၏
အဖွဲ့စုံလင်၊ လမ်းစဉ်လူငယ်၊ မောင်မယ်တို့ပါ
သက်ဆိုင်ရာမှ ဌာနကြီးကဲ
ကွပ်ကဲကြပ်မတ် စောင့်ရှောက်အပ်၏
မပြတ်ညည မီးထွန်းကြရာ
ပဒေသာမီး ရှုမငြီးနိုင်
မီးလုံးမီးချောင်း ကြည့်မြင်ကောင်းဘိ
စုပေါင်းလုပ်ဆောင် ပွဲတိုင်းအောင်၏
တို့မိတို့ဖ တို့လောကဟု
စိတ်မှပျော်ရွှင် မေတ္တာဝင်လျက်
ရုပ်ရှင်ဇာတ်ကား စေတနာထား၍
ညများဖျော်ဖြေ ပြသနေခဲ့
တို့မြေပြည့်ညွန့်း ရွှန်းတင့်ရွှန်းသော
မော်ကွန်းရုပ်ရှင် ပြည်ခွင်သတင်း
ထွန်းလင်းဂုဏ်ရှိန် သူ့အချိန်တွင်
တင်ဆက်ပြသ ဝိုင်းဝန်းကြ၏
ဘဝစိုပြေ ဘိုးဘွားမြေပင်
နှစ်စဉ်ကျင်းပ လွန်အားရဘိ
ခဏလူ့ပြည် တို့ကျင်လည်စဉ်
ပြည်သူကောင်းကျိုး သယ်ဆောင်ပိုးသည်
မိုးမြေအနှံ့ ဖြန့်ပါလေ။
ရိုဝေဆွတ်ပျံ့ သန့်ပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com



※ ဘိုးဘွားနေ့တွင် ဘိုးဘွားခင်တို့
ကြည်ရွှင်စေသော သာစေသောဟု
မနောစိတ်ကို ညွှတ်နူးဆိုရန်
ကုသိုလ်ကောင်းမှု ဝိုင်းဝန်းပြုရန်
စုစုသွယ်သွယ် လှူဖွယ်ဝတ္ထု
လှူမှုပြုရန် ရန်ပုံငွေဖြင့်
တင့်တယ်လှူဒါန်း ဤစခန်းတွင်
ဆွမ်းဆန်စိမ်းလောင်း အပေါင်းသံဃာ
တစ်ရာအပါး လောင်းလှူသွားစဉ်
သီလရှင်များ ပင့်ဖိတ်ထားလျက်
အပါး၄ါးဆယ် လှူဒါန်းဖွယ်ဖြင့်
ပေါကြွယ်ကုသိုလ် မိဖအိုတို့
ကြည်ညိုစိတ်သန့် ပီတိနှံ့စေ
ရအံ့နိဗ္ဗာန် စိတ်ဇောသန်စေ
မိဋ္ဌာန်ဆုတောင်း သာတင့်တောင်းတည်း
အကြောင်းညီညွတ် အောင်ပန်းဆွတ်ကြ
တုလွှတ်မဲ့ကင်း သုံးလှမင်းကို
လှူခြင်းပူဇော် ရှိကော်ရော်ကြ
အုတ်အော်သောင်းတင်း ကျော်ဇော်ခြင်းသည်
ညွှင်းညွှင်းညံ့ညံ့ လေဝယ်ပျံ့၍
အနှံ့လွှမ်းရွာ ရောက်ခဲ့ပါသည်။
သာဓု သာဓု ကြေးစည်ထု၍
ကယုကယင် လွှမ်းမောကြင်သော်
သံလွင်သံချို မြည်ခဲ့ပြီ။
တေးသံတေးဆို ကြည်ခဲ့ပြီ။ ။



**အဘိုးအဘွားများ စိတ်ချမ်းမြေ့စေရေးနှင့်**
**ဒေသန္တရလေ့လာရေးဆောင်ရွက်ချက်များ**

ဒေသန္တရ လေ့လာကြမည်
စေတီဘုရား ဖူးမြော်သွားမည်
ဘိုးဘွားရိပ်သာ နေထိုင်ပါသော
သွားလာလှုပ်ရှား အဘိုးဘွားတို့
စိတ်များကြည်လင် ပြောင်းလဲမြင်စေ
ဝန်းကျင်ရန်ကုန် ရွှေတိဂုံနှင့်
ရွှေဘုန်းပွင့်စေတီ ဆူးလေတည်ရာ
ကြည်ညိုညွှတ်နူး ပူဇော်ဖူးစေ
အထူးပို့ဆောင် ဗိုလ်တထောင်တို့
ရောင်ခြည်ကွန့်မြူး စေတီဦးဆီ
ဖူးမြော်ရောက်ရ စီစဉ်ကြခဲ့
ထိုမှတစ်ဖန် ကူးခဲ့ပြန်က
မှိုင်းမြရီမြင် လွှမ်းဖွယ်ထင်သော
မြစ်ပြင်လှိုင်းလူး ဇင်ယော်မြူးသော
မြစ်ကူးငါးပျံ သံလျှင်ကျိုက်ခေါက်
ကျောက်တန်းရေလယ် ထိုဝယ်ပဲခူး
စိတ်ကြည်နူးသော ပြန့်ပြောကျယ်ကျယ်
စပါးလယ်ကွင်း ရွှေဝင်းဝင်းနေ
ကျေးတောနေတို့ တောမြေကိုဖြတ်
လှည်းကူးဖြတ်၍ ကွင်းဖြတ်ခဲ့လေ
မွန်ရှေးမြေမှ ရွှေမော်ဓော်မည်
ရွှေစေတီတို့ လှည့်လည်ပန်းကပ်
ဆီမီးကပ်ကြ ဆွမ်းကပ်ဒါန၊ ပြုကုန်ကြပြီ
ဗုဒ္ဓဘာသာ ထေရဝါဒ၊ ပီစွာကြည်စွ

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ကြသူ စိတ်မှအားရှုံ၊ ဘဝပုံသူ
ယုံကြည်မြှုပ်နှံ တစ်သက်ပန်တည်း၊
အားမာန်နှင့်ဖွဲ့
တရားမြဲကြ မီးခဲသတ္တိ၊ ရဲရဲညီသို့
အသိဉာဏ်ရည် လင်းစေသော်။
သတိတည်ကြည် ရှင်းစေသော်။ ။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ (၂၀၀) အပြင် ရိပ်သာဝန်ထမ်းများနှင့် မိသားစုများ ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ချက်

အာရောဂျ ပရမံ
လာဘာံဆိုထား တို့ဘိုးဘွားတွက်
လေးစားစမ်းသပ် ရက်သတ္တပတ်တွင်
မပြတ်သုံးကြိမ် နှိုင်းချိန်ဆန်းစစ်
စနစ်တကျ ကုသကျေပွန်
ဆရာဝန်တို့ နှစ်လိုချမ်းသာ
ဝမ်းမြောက်စွာဖြင့် ကြည်သာကြည့်ရှု
ပြုစုခဲ့ရာ မြန်မာတိုင်းရင်း
သမားချင်းလည်း လှူခြင်းဆေးဝါး
ကြည့်ရှုသွား၏ ထွေပြားရောဂါ
ရှိပါသလော စစ်ကြောပြုလုပ်
အဆုတ်ဝေဒနာ ရောဂါအထူးကု
ပြည်သူ့ဆေးရုံအုပ် အားထုတ်ဦးစီး
ဖိဖိစီးပင် ကြည့်ပြီးစမ်းနေ
ဆောင်ရွက်လေခဲ့ ရှာဖွေစစ်ဆေး
ကုသပေး၏ ဘေးဘယာကင်း
ရောဂါရှင်းစေ ခံတွင်းသွားတွေ
ကျန်းမာစေလော့ စားနေဝါးနေ
ဘိုးဘွားတွေတွက် သေချာသန့်ရှင်း
တစ်ဦးချင်းပင် ပညာရှင်များ
ဆေးကုသွား၏ သွားအချောင်းချောင်း
သွားများကောင်းစေ ထပ်ဆောင်းအသစ်
တပ်ပေးရစ်၏ မေတ္တာသတ္တော

www.burmeseclassic.com

www.burmeseclassic.com



အနန္တောတည့် သွားရောဂါဘက်
ဆေးတက္ကသိုလ် ထိုဆရာဝန်ကြီး
ဦးဆောင်ပြီးလျှင် ကြင်နာယုယ
စောင့်ရှောက်ကြ၏
ဘဝချိုမြိန် စည်းစိမ်ရှင်။
လှပနေအိမ် ရိပ်ငြိမ်ပင်။ ။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်း သစ်ပင်ကြီးများစိုက်ပျိုးပြုစု ထိန်းသိမ်းထားခြင်း

ဘိုးဘွားရိပ်သာ ရိပ်ငြိမ်မှာလျှင်
မဟာဗောဓိ ပရိဘောဂ၊ စေတီလှ၏
ဗုဒ္ဓဟောလျှင် မြတ်ညောင်ပင်နှင့်
ညောင်ပင်ကြီးရှင် ကန့်ကော်ပင်တို့
အုန်းပင်ကျူဘား မလေးရှားပိတောက်
ပေါက်ခွဲအသောက မြိုင်ဆိုင်စွလေ
ရေတမာပင် ခရေပင်တို့
ညွန့်ရှင်ပွင့်စီ ၁၂ ရာသီပင်
ကတ္တီပါငုဝါ ပိတောက်ပါခဲ့
သည်မှာစိန်ပန်း လွန်စိမ်းလန်းနေ
အေးချမ်းရိပ်ကောင်း ညို့ညို့မောင်းဘိ
သစ်ကောင်းဝါးကောင်း တောင်နှာမောင်း၏
တောင်စောင်းရိပ်မိုး လေဝှေ့တိုး၍
သစ်ရွက်ညိုးညံ့ ငှက်တေးသံတို့
ခါယံမလပ် သည်မြေရပ်တွင်
မပြတ်မြည်ကြွေး သံသာတေးပင်
အေးမြငြိမ်းချမ်း မေတ္တာလွှမ်းနေ
လွှမ်းမောကြင်အောင် ဆောင်လေသလော
တောကြီးသစ်ကြီး ရိပ်ကာဆီးနေ
စိတ်လည်းချမ်းမြေ့ နှလုံးမွေ့ခဲ့
အောက်မေ့ဘွယ်အိမ် မြရိပ်ငြိမ်
တရားမွေ့သိမ် ဝန်းရှက်လိမ်။ ။

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်း
## စိုက်ပျိုးထားသော သီးပင်စားပင်
## အပင်မျိုးစုံ အဖုံဖုံ

※ စိမ်းညို့မြမှိုင်း ရိပ်အုပ်ဝိုင်းနှင့်
ဆိုင်းဆိုင်းမှို့မှို့ သစ်ပင်တို့တွင်
တို့လို့တွဲလောင်း သရက်ကောင်းတို့
စုပေါင်းသီးပြွတ် သစ်ကိုင်းညွတ်မျှ
ဆွတ်ချင့်စဖွယ် လှမျိုးကြွယ်၏
သည်ဝယ်ပိန္နဲ ခြေကုတ်မြဲဘိ
သီးဆဲပင်လုံး ပင်စည်ဖုံးပြီ
လုံးဆိုင်ထွာဆိုင် မွှေးပျံ့ကြိုင်လျှင်
ရင်ဝယ်အေးအေး မွှေးမြမွှေးနေ
ဆေးဖက်လည်းဝင် မန်ကျည်းပင်တွေ
ရွက်ရှင်ညွန့်သစ် ဟင်းလည်းဖြစ်၏
မှည့်ရစ်မန်ကျည်း အသီးကောင်းကောင်း
ဆေးပေါင်းလည်းခ စွယ်စုံရ၏
စိုက်ကြတမာ ထိုမှာခရမ်း၊ ပင်ခရမ်းနှင့်
စမ်းသပ်စိုက်ခြင်း ဒူးရင်းသြဇာ
မနီလာကွန်းပင် သကြားပင်နှင့်
စည်ပင်အစွရေး ငှက်ပျောမွှေးခဲ့
သီးရွေးထိုင်ဝမ် သဘော်ာမှန်၏
ခါယံမလပ် ဟင်းချက်အပ်သော
လတ်ဆတ်ဆူးပုတ် စပ်ငရုပ်ပင်
ကင်ပွန်းချဉ်ပွား များမှများ၏
စားပင်မျိုးစုံ သီးဖုံဖုံတို့
ကုံလုံနိုင်အောင် တွေးကြံဆောင်ရင်း



ပျိုးထောင်ပြုစု စိုက်ပျိုးမှုသည်
ဥယျာဉ်ကောင်းကောင်း ညို့ညို့မောင်း။
ရှုကြည့်တောင်စောင်း
မှို့မှို့ဆောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်း စိုက်ပျိုးထားသော အလှပင်များ

မှိုင်းလဲ့ကြည်စင်　　မိုးကောင်းကင်လျှင်
ပြာလွင်လွင်တည့်　　လွှမ်းမောငြိခဲ့
သတိနှင့်လျှင်　　ရှုတိုင်းမြင်မိ
ဤတွင်နှင်းဆီ　　ကုန်းမြင့်သည်လည်း
စီရီလှပင်　　မုန်တိုင်ပင်နှင့်
ပန်းပင်စက္ကူ　　စိန်တံချူတို့
မင်းမူရောင်စုံ　　လှမျိုးပုံခဲ့
ပန်းမုံပန်းခြင်း　　ထင်းရှူးပဒေသာ
နွယ်သာကီပင်　　အုန်းပွားပင်နှင့်
ပင်ပုဏ္ဏရိပ်　　အလှချိပ်ခဲ့
ဆိတ်ဖလူးပင်　　ပန်းအိရှင်၏
ပင်ယုဇန　　အုန်းနှဲလှတို့
ရွက်လှစီတန်း　　ဂဏန်းလက်မ
များစွပန်းများ　　စိုက်ပျိုးထားပြီ
ကျားမျက်လုံးဝေ　　ဂျပန်နေကြာ
ထိုမှာကြက်မောက်　　မွှေးကြိုင်လှောက်ခဲ့
ပေါက်မြောက်ရှင်သန်　　နတ်တို့ဖန်လော
ပန်းတောပန်းခြုံ　　ပန်းရုံပန်းခင်း
ပန်းကွင်းပန်းကောင်း　　ပန်းပေါင်းစုံပွင့်
ပန်းဆင့်ဆင့်နေ　　ပန်းဝေဝေရီ
ပန်းစီစီဝင့်　　ပန်းတင့်တင့်တယ်
ပန်းကြွယ်ကြွယ်မြိုင်　　ပန်းခိုင်ခိုင်လန်း
ပန်းမြတ်ရဂုံ　　အုံနှင့်ကျင်းနှင့်
　　ပွင့်လေပွင့်လေ　　ရွှန်းရွှန်းဝေ။
　　ဝင့်လေဝင့်လေ　　မြင့်မြင့်လေ။　　။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားတို့အတွက်နေ့စဉ်နှင့်အမျှလည်းကောင်း၊ အပတ်စဉ် လပြည့် လကွယ်များတွင်လည်းကောင်း နေ့ကြီးရက်ကြီးများတွင်လည်းကောင်း တရားဓမ္မထိတွေ့ပျော်မွေ့နေစေရန် အထုံပါရမီဖြည့်ဆည်းပေးပုံ

အဘိုးအဘွား　　ရိပ်ခိုနားချိန်
စားဝတ်နေရေး　　ဆေးကုရေးပြင်၊
ရှေ့ရေးပြင်ဆင်၊
တွေးဆမြင်သော်　　နေ့စဉ်နေ့တိုင်း၊ ချိန်မဆိုင်းဘဲ
ညွှတ်တိုင်းသွားကုန်　　ဓမ္မာရုံသို့
ပေါင်းဆုံအားထား　　ကုသိုလ်ပွားရန်
တရားဘာဝနာ　　အားထုတ်ပါရန်
ဖန်တီးနှိုးဆော်　　ပါအောင်ခေါ်၍
မွေ့ပျော်ခဲ့ကြ　　ငါးကြိမ်မျှပင်
နေ့ညဝတ်တက်　　စုပေါင်းဆက်ကြ
ရှုကြစီးဖြန်း　　ကမ္မဋ္ဌာန်းနှင့်
ပဋ္ဌာန်းဒေသနာ　　ဓမ္မစကြာကို
ရွတ်ဆိုသရဇ္ဈာယ်　　ကြည်ညိုဘွယ်တည်း
နှုတ်ဝယ်ရွတ်ဖတ်　　နေ့မပြတ်ပင်
ပြုလတ်ခဲ့တုံ　　မြတ်အာဂုံဖြင့်
အထုံပါရမီ　　ဖြည့်ဆည်းသည်ပင်
ပွင့်စည်ဖွံ့ဖြိုး　　ဓမ္မမိုးစွေ
ကြိုးစားအားထုတ်　　စွဲမြဲလုပ်ကြ
ကြိုးကုပ်ခြင်းဖြင့်　　ကုသိုလ်ဆင့်၍
မြင့်မြတ်ဘာဝ　　ဆောက်တည်ကြပြီ
　　ဗုဒ္ဓခေတ်ကြုံ　　မြဲခုံလှူ
　　ဓမ္မရိပ်မြုံ　　သုခဘုံ။　　။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအဘွား　　လွှန်အားထားသော
ဘုရားတရား　　သံဃာအားလျှင်
ဝတ်တွားကြည်ညို　　မြတ်ကုသိုလ်တည်း
ထိုရွှေပြည်ရပ်　　မြသတ်မှတ်သော
အပတ်စဉ်ရှိ　　ရောက်တုံသိသော
လပြည့်လကွယ်　　ပြုကျင့်ဘွယ်သော
တို့ဝယ်ပြုလုပ်　　စဉ်အားထုတ်သော
ဥပုသ်သီလ　　ဆောက်တည်ကြရန်
ကျိုက္ကဆံမှ　　ပထမရွှေကျင်
ယခင်တိုက်ကျောင်း　　မှန်ကျောင်းဆရာတော်
ဘွဲ့တော်နာမ　　ဘဒ္ဒန္တသီတ
သံဃာ့ထေရ်မြတ်　　ကြွရောက်လတ်၏၊
ဟောအပ်တရား

ကြားနာချေမ်း　　ထိုစခန်းက
ဗဟန်းရပ်ရှိ　　ပါဠိတက္ကသိုလ်
ထိုညောင်တုန်းကျောင်း　　ပျော်စံညောင်းစွ
အဂ္ဂမဟာ၊ (ပညာ) ပဏ္ဍိတ　မထေရ်ကလျှင်
ဓမ္မရေအေး　　ဟောကြားပေး၍
တိုက်ကျွေးချီးမြှင့်　　တရားပွင့်၏
ပျော်ချင့်စဖွယ်　　နေချင့်စဖွယ်ပင်
အပယ်လေးပါး　　သို့မသွားတော့
တံခါးကိုပိတ်　　ဓမ္မရိပ်လျှင်
ရိပ်ကြီးမြိုင်မြိုင်　　ကုသိုလ်လှိုင်နေ
ခိုင်ကျည်စိတ်ဓာတ်　　လွှန်မြင့်မြတ်နေ
ပတ်ဝန်းကျင်ကုံး　　တရားဖုံးနေ
နှလုံးသွင်းလျက်　　သံဃာဖက်၍
အသက်ရှည်ရာ　　အနာမဲ့ကင်း
အဆင်းလှပ　　လွှန်မွေးမြသည်



သီလတံခိုး　　မိုးပြည့်လျှံ
ဓမ္မကြီးစိုး　　ဖိုးထိုက်တန်။　　။
အဘိုးအဘွား　　ကုသိုလ်ပွားရန်
လှူထားပြုလတ်　　ပိဋကပတ်ဆွမ်း
လောင်းလှူဒါန်းလျှင်　　အပစ်စဉ်ပါ
ကြာသပတေး　　ကုသိုလ်ရေးတွက်
နေ့ရွေးမှတ်ထား　　ဆွမ်းလောင်းသွားရာ
သံဃာအမျိုး　　လေးဆယ်ပါးကျော်
ဘိုးဘွားဆက်ဆက်　　ဝတ်မပျက်ဘဲ
နံနက်အရုဏ်　　လောင်းလှူကုန်၏
အာရုံပြုကြ　　လှူဘဝတွင်
ဒါနပါရမီ　　ပြည့်မြောက်ပြီလေ
ဦးတည်ဆောင်ရွက်　　လှူပေးဆက်၏
နှစ်သက်ဖွယ်ဖြစ်　　ကြည်နူးရစ်ခဲ့
နှစ်စဉ် နှစ်ဆန်း　　(၁) ရက်ဆန်းနှင့်
ကြာပန်းဖြူနီ　　မွေးပွဲ့ရှိသည့်
သီတင်းကျွတ်တည့်　　ကျရောက်ဘိသော
လပြည့်နေ့တိုင်း　　နှစ်စဉ်တိုင်းပင်
စဉ်လာမပျက်　　ခေတ်ဆက်ဆက်ပင်
ရက်ရောလှူသော်　　ဝမ်းမြောက်ပျော်ကြ
ဆွမ်းတော်ကြီးကပ်　　ပူဇော်လတ်၏
ရိုက်ခတ်ကြေးစည်　　သံချိုမြည်ခဲ့
ဆီမီးတစ်ထောင်　　ညဥ့်သန်းခေါင်တိုင်
မီးရောင်ဝင်းဝင်း　　ထိန်ထိန်လင်းနေ
ကျင်းပပူဇော်　　မြတ်ဇိနော်သို့
ကော်ရော်ရှိခိုး　　လက်အုပ်မိုး၏
ဘိုးဘွားစိတ်အေး　　ကုသိုလ်ရေးသည်
နိုးဝေးသတင်း　　နတ်ပြည်တိုင်
ပျံ့မွှေးဘိခြင်း　　ထုံသင်းကြိုင်။　　။

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လပြည့် ဗုဒ္ဓနေ့တည့်
နေ့ထူးနေ့မြတ် ကြုံခဲ့လတ်က
မပြတ်ပဌာန်း ရွတ်စီးဖြန်း၍
ရွှင်လန်းပူဇော် ကုသိုလ်တော်ကို
ပျော်ပျော်ဆက်ရာ နှစ်စဉ်သာတည့်
ဝါဆိုလပြည့် ကြုံသည့်နေ့တွင်
ထေရ်ရှင်သံဃာ ဆက်ကပ်ပါသော်
ဝါဆိုသင်္ကန်း ကြာသင်္ကန်းတို့
ချမ်း, ချမ်းမြေ့ မြေငွေ့ဖြင့်
ခြုံ၍ကိုယ်လွှမ်း ဝါဝါလွှမ်း၏
လှူဒါန်းသည့်ပွဲ နှစ်စဉ်နွှဲကြ
ရဲရဲရင့်ရင့် စိတ်ဓာတ်မြင့်လျက်
သခင့်ဂုဏ်ဆောင် မြန့်လူ့ဘောင်တွင်
တန်ဆောင်မုန်းတည့် ထိုလပြည့်ရက်
ရောက်သည့်ရက်မြတ် စုဆောင်းလတ်သော
လှူအပ်ဂုဏ်သိန် မြတ်ဂုဏ်ရှိန်ဖြင့်
ကထိန်သင်္ကန်း ညှပ်သင်္ကန်းနှင့်
လှူဒါန်းစုံလင် ပဒေသာပင်တို့
ဆင်ယင်ကြမြဲ ဒါနပွဲလေ
အားခဲကြကုန် လှူခိုက်ကြုံ၍
စုပုံလှူလိုက် ရတနာပုံဆိုက်ပြီ
နှစ်ခြိုက်ပျော်ရွှင် ပွဲသဘင်တို့
စီစဉ်နှစ်တိုင်း ပေါ်ပြည့်လှိုင်း၏
တို့တိုင်းတို့ပြည် တို့ရွှေပြည်
သူ့တိုင်းသူ့ပြည် သူ့ငွေပြည်။ ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ၁၉၇၈ ခုနှစ်မှ ၁၉၈၂ – ၈၃ ခုနှစ်အထိ နိုင်ငံတော်ကောင်စီဝင် ဦးလှမောင် ဥက္ကဋ္ဌ၊ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်တို့ပါဝင်သော ၂၁ ဦးဖြင့် ဆက်လက်တာဝန်ယူထမ်းဆောင်ပုံ။ ပျော်ပွဲရွှင်ပွဲများ၊ ကျင်းပပေးခဲ့ပုံ။ သစ်ကြီးဝါးကြီးအပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခဲ့ပုံများ။

## တတိယကဏ္ဍ မော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇၈–၇၉ မှ ၁၉၈၂ – ၈၃ အထိ
## နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့
## နာယကဆရာတော်များနှင့် လူပုဂ္ဂိုလ်များ
## ၃.၁၀.၇၈ နေ့တွင် မြန်မာ့အလင်းဦးတင်ကွယ်လွန်ပြီးနောက်
## ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်အချို့
## မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ကောင်စီတို့မှ
## ပုဂ္ဂိုလ်များအင်အားဖြည့် ပါဝင်၍ နုတ်ထွက်သွားကြခြင်းနှင့်
## အမှုဆောင်ကော်မတီအသစ်ဖွဲ့စည်းဆောင်ရွက်ခြင်း။

**နာယကများ**

၁။ ဦးဥတ္တရ (ဒက္ခိဏာရုံကျောင်းဆရာတော်၊ နတ်စင်ဘောက်ထော်)
၂။ ဦးသေိဝံသ (မှန်ကျောင်းဆရာတော်) ရွှေကျင်တိုက်ဟောင်း၊ ကျိုက္ကဆံ
၃။ အဂ္ဂမဟာသရေစည်သူဦးမြင့်သိန်း

အသစ်တည်ထောင် ဦးလှမောင်ပင်
နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌတည်ကာ
သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်,
သူက ဒုဥက္ကဋ္ဌ ပါကြ ၂၁ ဦး
စူးစူးနစ်နစ် ဖွဲ့စည်းရစ်ခဲ့
ဆိုရှယ်လစ်လမ်းစဉ်ပါတီ မြို့ကောင်စီတို့
သည်မှာဝိုင်းဝန်း အားဖြည့်ညွှန်းခဲ့
ထွန်းကားအားသစ် ပေါ်ပေါက်ဖြစ်၏

✻ ထိုခေတ်ကာလ ထူထောင်ကြ၏
ထိုနှစ်ကာလ စည်းဝေးကြရာ
လစဉ်ပြုလုပ် လွန်ကြိုးကုပ်၏
မဆုတ်မနစ် မေတ္တာစစ်ဖြင့်
ချစ်ဘိုးဘွားလျှင် ပျော်ရွှင်ချမ်းမြေ့



ပျော်ပိုက်မွေ့ရန် နေ့ဘိုးဘွားဟူ
သတ်မှတ်ပြုကာ ထောင့်ကိုးရာ ခုနစ်ဆယ်ကိုး
(၁၉၇၉) စတင်ပျိုးကြ
ထောင့်ကိုးရာရှစ်ဆယ်သုံး (၁၉၈၃)၊ နှစ်အဆုံးတိုင်
အားလုံးသည်လျှင် နှစ်စဉ်နှစ်စဉ်
ပျော်ပွဲရွှင်ပွဲ ကျင်းပနွဲကြ၊
အောင်ပွဲ မြိမ့်မြိမ့် တသိမ့်သိမ့်ပင်
ဆိုပိမ့်ခြင်းရာ မှတ်တမ်းပါ၏
ထိုခါကာလ ဒေသန္တရလျှင်
သွားကြပါ၍
လေ့လာခရီး စီစဉ်ပြီးလျှင်
စိတ်လည်းအေးချမ်း ဆီမီးပန်းနှင့်
ရေချမ်းအလှူ ကုသိုလ်ယူခဲ့
ကြည်ဖြူစိတ်ဝမ်း ရွှင်လန်းစေ
ပြည်သူချစ်ပန်း ပွင့်လန်းစေ။ ။

✻ ပန်းသတင်းလျှင် လေညှင်းဆောင်
လူ့သတင်းလျှင် လူချင်းဆောင်
အောင်မြင်သတင်း၊ ကောင်းသတင်းလျှင်
ဖြန့်ကျင်းမွှေးမြ သင်းပျံ့လှ၍
ဘဝဝန်းကျင် သာမောထင်ခဲ့
လွှမ်းကြင်ဆွတ်ပျံ့ မေတ္တာဖြန့်ဝေ
ချစ်အံ့မဆုံး ကရုဏာပြုံးဝေ
တောလုံးပွင့်အန် မြို့ပွင့်လျှံဝေ
ရေခြားမြေခြား တိုင်းတစ်ပါးမှ
လေ့လာသွားပြန် အင်္ဂလန်နိုင်ငံ
နန်းစံနန်းဖွား မင်းနွယ်ဖွားပင်
အလက်ဇန္ဒြားမင်းသမီး ရှုမငြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းပါဝင် အဖွဲ့ဝင်တို့
သည်တွင်ရောက်ခဲ့ ချိုးမွှမ်းဖွဲ့ရာ
ဆာအာသာဘော့ ဟွမ်မလေ
မြန့်ချစ်ဆွေတည်း ချစ်ဇနီးတို့
ချိုးမွမ်းမဆုံး အလှဖုံးခဲ့
ပြုံးပန်းပွင့်ပန် မိတ်ဆွေမှန်သော
ဂျပန်တက္ကသိုလ် ယိုကိုဟာမ
ပါမောက္ခပင် ရှင်ဂျီအိုကူဒါ
ခေါင်းဆောင်လာသူ လူငယ်အဖွဲ့
လာခဲ့ပြန်ပြီ စီရရီပင်
ချစ်ကြည်စကား လက်ဆောင်ပါးကြ
ပျားသကာသို့ ချိုမြိန်ဘိ
နားဝကြားဖို့ ဆိုပါ၏။ ။

✲ ဘိုးဘွားရိပ်သာ ကွန်းခိုရာပင်
ကမ္ဘာတလွှား စိတ်ဝင်စားသူ
အများတကာ လာရောက်ရာ၌
ကမ္ဘာကြက်ခြေနီ အဖွဲ့စီ၍
ဤသို့လာရောက် လေ့လာရောက်ကြ
အောက်မေ့ဖွယ်ပင် တွေ့ဆုံမြင်ကြ
ချစ်ကြင်ဖွဲ့အုံ မြန်မာဘုံကို
အာရုံညွှတ်နူး အံ့ချီးကျူးကြ
ကမ္ဘာ့ကျန်းမာရေး၊
နွေးထွေးကြိုဆို မေတ္တာပိုကြ
ပုဂ္ဂိုလ်သီးသီး သတင်းကြီး၍
ခရီးကြုံကြိုက် ဆုံသည့်ခိုက်တွင်
လိုက်လှဲနှုတ်ဆက် ဆီးကြိုလျက်တည်း
လက်ဆွဲခင်မင် စိတ်ဖြူစင်သူ၊



ဘင်္ဂလားဒေ့ (ရှ်) ထိုရက်ကာလ
သမ္မတနိုင်ငံ နိုင်ငံဝန်ကြီးချုပ်
ဗိုလ်ချုပ်ကြီးဟူစိန်မိုဟာမက်-အာရှက်အင်ဒီစီ
ပီအက်စီ၏ဇနီး လာပြီးကြည့်ရှု
လေ့လာပြုခဲ့ လူမှုလမ်းမှန်
သိလိုပြန်သူ ဂျပန်လူငယ်
လူရွယ်အဖွဲ့ လာရောက်ခဲ့ကြ
မြန်မာ့စိတ်ဓာတ် ခိုင်မာရပ်ပုံ
တပ်အပ်မြင်သိ အေးမြဘိ၏
သတိရှိထား သိမှတ်သွားကြ
ဘိုးဘွားရှိသေ မြန်ရွှေမြေကို
ကြည်ညိုဆပွား လွန်လေးစားပြီ
ဤကားမြန်ဂုဏ် ထွန်းလင်းပုံ
လူသားလူ့ဘုံ အံ့ဩယုံ။ ။

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးတွားရိပ်သာသို့ လုပ်အားပေးနှင့် လေ့လာရေးအဖွဲ့များ လာရောက်လုပ်အားပေးလေ့လာကြခြင်း

※ ဤဘိုးဤတွား　　ဤသွေးသားတို့
လုပ်အားပေးရန်　　စိတ်ထားမှန်ဖြင့်
ဝန်းရံရောက်ရှိ　　လာကြဘိသည်
အသိပွားများ
စီးပွားရေးဆို　　တက္ကသိုလ်မှ
ထိုထိုကျောင်းသား　　ကျောင်းသူများတည့်
ကထိကဆရာ　　စည်းရုံးလာ၏
နေရာသန့်ရှင်း　　ဖြူစင်ဝင်းစေ
အခင်းအပြန့်　　အသန့်အကောင်း
အကြောင်းကိုဆို　　စေတနာပိုကြ
ဗိုလ်တထောင်ဒေသ　　ကောလိပ်မှလည်း
လာကြကျောင်းသား　　ကျောင်းသူများလည်း
စိတ်အားတက်ကြွ　　ဆောင်ရွက်ကြပြီ
လောကတာဝန်　　ထမ်းကျေပွန်ဘိ
ပြည်၏သားဖြစ်　　တိုင်းပြည်ချစ်သူ
စစ်မှုထမ်းဟောင်း　　ပြည့်သားကောင်းတို့
သောင်းသောင်းမြမြ　　လုပ်ပေးကြပြီ
ဤတွင်မီးသတိ　　တပ်ဖွဲ့စုံစုံ
ယုံယုံကြည်ကြည်　　ကုသိုလ်ရည်၍
ညီညီလုပ်အား　　ပေးအပ်သွားကြ
မနားတမ်းပင်　　ပေါင်းစုယှဉ်၍
လမ်းစဉ်လူငယ်　　အသိကြွယ်သူ
မြို့နယ်ဗဟန်း　　ဤစခန်း၌



ပန်းနှင့်လမ်းနှင့်　　အလွမ်းသင့်ဘိ
သခင်နယ်မြေ　　အလှဝေပါ
မြတ်ဒါနကြွယ်　　ထိုလူငယ်ဖွဲ့
ရောက်ခဲ့မနှေး　　လုပ်အားပေး၏
　　ချွေးနှင့်အားနှင့်　　ရှင်းပြီးမြေ
　　သွေးနှင့်သားနှင့်　　ရင်းနှီးနေ။　　။

## လေ့လာရေးအဖွဲ့များ

※ သက်ကြီးရွယ်အို　　မိဖအိုကို
ရှိသေတုတ်ကွ　　လုပ်ကျွေးကြသော
မြန်မာ့စဉ်အလာ　　တို့ရိုးရာကို
ရင်မှာကိန်းအောင်း　　ကျင့်မြတ်ကောင်းကို
ကောင်းစွာထိန်းသိမ်း　　မြေငြိမ်းချမ်း
စိတ်ဝမ်းကြည်အေး　　ပညာရေးနှင့်
ဆေးတက္ကသိုလ်　　မြို့ဗဟိုမှ
လာကြများပြား
ကျောင်းသားကျောင်းသူ　စံထားယူကြ
အမှုကျင့်ဝတ်　　လေ့လာလတ်၏
မပြတ်ထွက်ဝင်　　ထန်းတပင်နှင့်
သံလျင်မှော်ဘီ　　တိုက်ကြီးစီဝယ်
ကြည့်မြင်တိုင်ချဉ်း　　အင်းစိန်, ဥက္ကံ
တစ်ဖန်မြောင်းတကာ　　ကျေးရွာစုံလင်
မအူပင်မြို့၊ ရိပ်သာသို့လျှင် ပညာသင်ယူ၊
နှစဉ်သူတို့
လာပို့လေ့လာ　　သိစေပါ၏
စဉ်လာလည်းမှန်　　စေတနာမှန်ကို
မချန်မချွင်း　　နှလုံးသွင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင်းကျောင်းပြင် လောကမြင်စေ
အခြေခံမှု သူနာပြုသင်တန်း
ခွင့်လမ်းရယူ သင်တန်းသူတို့
လာပို့ကထိက လေ့လာကြပြီ
ဘဝကျယ်ပြော စိတ်အမောတွင်
ငြိမ်းသောရိပ်သာ ဘိုးဂေဟာတည်း
ရင်မှာချမ်းမြ တွေ့မြင်ကြပြီ
တို့ပြည်ဝန်းဝိုင်း တိုင်းနှင့်ပြည်နယ်
အရွယ်နုပျို မူကြိုနေ့ကျောင်း
ကလေးထိန်းကျောင်းမှ ကထိကများ
ကျောင်းသားများသည် လာရောက်လည်ကြ
သည်မှာပြုံးစု မြန်မာမှုတည်း
လူမှုဝန်ထမ်း ဤမြေနန်းသို့
သင်တန်းအိမ်တွင်းမှု သင်အံပြုသူ
သင်တန်းသူတို့ ကထိကတို့လျှင်
ထိုသို့ရောက်ရှိ လေ့လာကြည့်ကြ
နှိုင်းရှည့်နှိုင်းရှည် မြန့်တိုင်းပြည်၌
ကြည်ဖြူကြည်ယုံ သုခဘုံတည်း
အလုံကျမ်းစာ သင်ကျောင်းမှာလျှင်
ဆရာ, ကျောင်းသား ကျောင်းသူများလည်း
ကြား၍သိ၍ ထိုထိုနေ့က
လေ့လာကြည့်ရှု မှတ်တမ်းပြု၏
ပူမှုကင်းဝေး ယုယထွေး၍
အေးမြချမ်းပို ရိပ်ကွန်းဆိုကြ
ဗဟိုသားဖွား ကျောင်းသူများလည်း
ဘိုးဘွားရိပ်မြုံ နေခိုလှုံရာ
ထိုဘုံရိပ်နန်း အရောက်လှမ်းကြ
လမ်းစဉ်လှိုင်ငယ် အင်းစိန်နယ်က



ကမကထ ကြီးမှူးပြု၍
ဘဝအမြင် မြတ်နိုးကျင်ပုံ
ယဉ်ကျေးလူ့ဘောင် ထောင့်တစ်ချောင်ကို
မြင်အောင်ကြည့်ရှု ဦးဆောင်ပြုပုံ
အိမ်တွင်းမှုသင်တန်း စာသင်ခန်းမှ
စခန်းဤသို့ လာရောက်ပို့၏
သူတို့မြင်စေ သိကြားစေကြ
စေတနာမွန် ဧည့်ကျေပွန်စွာ
တာဝန်ရှိသူ လက်ကမ်းယူလျက်
သူတို့ကြိုဆို နှုတ်ခွန်းချိုမြ
သိလိုသမျှ ရှင်းလင်းပြ၏
မေးသမျှဖြေ တာဝန်ကြေခဲ့
ဤမြေစခန်း လွမ်းတဲ့တင်
မေတ္တာပွင့်လန်း ချမ်းမြစဉ်။

www.burmeseclassic.com

## သမိုင်းဖြစ်စဉ်
## နှင်းဆီကုန်းဘိုးအွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏
## ဓမ္မရတုတိုင်သောကာလရောက်ခဲ့ပြီ
## (၁၉၃၃ ခုနှစ် – ၁၉၈၃ ခုနှစ်)

✕ လွမ်းမောဆွတ်ကြင် အောက်မေ့မြင်လော
သခင်တို့ကွန်း ဤစခန်းလျှင်
ဖြတ်သန်းနှစ်ရှည် ၅၀ တည်ပြီ
နှစ်လည်ဥတု ဓမ္မရတုလျှင်
ပျော်မှုဖန်ခဲ့ ပျော်ကြောင်းဖွဲ့၍
ပျောင်းနွဲ့ဆွေဖေါ် ပျော်ကြောင်းဖော်၍
ပျော်ဖွယ်သတင်း ပျော်ကောင်းခြင်းလျှင်
ဖြန့်ကျင်းဆွဲဝယ် ပါဆောင်သယ်၏
ရည်ရွယ်အချက် အဘက်ဘက်မှ
တိုးတက်လေအောင် တွေးကြံဆောင်ကြ
အောင်မြင်မြင့်မား တို့ကြိုးစား၏
မနားဝန်ထမ်း လာသောလမ်းတွင်
ကိုယ်စွမ်းဉာဏ်စွမ်း အပင်ပမ်းခံ
လှမ်းခဲ့လေသော တရံရောခါ
ပြောပြပါဦး အိပ်မက်ဖူးပင်
ကြည်နူးရွှင်ကြည် မြင်မက်သည်ပင်
ရွှေရည်ပက်ဖျန်း ပျော်ဖွယ်ထွန်းပြီ
ခွန်းချိုတံ့လှုယ် ချစ်စဖွယ်တို့
နားဝယ်ကြားမိ ချိုမြဘိ၏
ပီတိရွှန်းလက် နှလုံးထက်၌
ဆထက်မက ဖြစ်မိရခဲ့
ဘဝရိပ်ကောင်း ဆုမွန်တောင်း။
မြေရိပ်ဆောင်း သာတင့်ကောင်း။ ။



နှင်းဆီကုန်းတိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့

၁၉၈၃–၈၄ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်အထိ

ဆောင်ရွက်ခဲ့ကြပုံ

နှင့်

တရားလွှတ်တော်တရားသူကြီးချုပ် (အငြိမ်းစား)

ဦးချမ်းထွန်းအောင် ဥက္ကဋ္ဌ၊ မိုလ်မှူးမောင်လွင်၊

မိုလ်ကြီးမောင်တင်၊ ဦးသောင်းထွန်း စသောအမှုဆောင်

ကော်မတီဝင် (၁၁) ဦး ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြပုံ

စတုတ္ထကဏ္ဍ၊ မော်ကွန်းကဗျာ

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာဖေဆင့်ရှောက်ရေးအဖွဲ့ သမိုင်းဖြစ်စဉ်၊ ၁၉၈၃–၈၄ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြပုံ

၁၉၈၃–၈၄ ခုနှစ် ၁၉၈၇–၈၈ ခုနှစ်အထိ
အမှုဆောင်ကော်မတီဝင်များ၊ တရားလွှတ်တော်၊
တရားသူကြီးချုပ် အငြိမ်းစား ဦးချန်ထွန်းအောင်၊
မိုလ်မှူးမောင်လွင်၊ မိုလ်ကြီးမောင်တင်၊ ဦးသောင်းထွန်း စသော
အမှုဆောင်များအဖြစ်ဆောင်ရွက်ခြင်း
အပါအဝင် (၁၁) ဦးဖြစ်ပါသည်။

※ ကောင်းမြတ်ရွယ်ရည် ရှေ့ဦးတည်၍
ညီညွတ်စွာလျှင် စေတနာယှဉ်၍
လစဉ်ပုံမှန် စည်းကမ်းမှန်၍
မှန်မှန်စည်းဝေး စဉ်ဆွေးနွေးကြ
အရေးအရာ အခါအခွင့်
အသင့်အလျော် ကောင်ထည်ဖော်ကြ
တွေးခေါ်ဆုံးဖြတ် လုပ်ငန်းရပ်များ
လည်ပတ်နိုင်းညှိ ဆောင်ရွက်ဘိ၏
ခေါ်သည့်နှစ်လည် လေးကြိမ်တည်ခဲ့
ဤငါးနှစ်တွင် လုပ်ငန်းခွင်တွက်
လစဉ်လုပ်ချိန် အဟုန်ရှိန်ဖြင့်
အကြိမ် (၆၀) မှတ်တမ်းသွယ်၏
ကွယ်လွန်နှုတ်ထွက် ရှိသူဆက်ကြ
ဆက်လက်လှုပ်ရှား ရှိအင်အားတည့်
ခါအားလျော်စွာ ဤရိပ်သာတွင်
ယခင်ကာလ ၁၉၄၃ ကပင်
စတင်တည်ကြ နာယက



ဘဒ္ဒန္တဓသိက ပထမရွှေကျောင်တိုက်
ကျိုက္ကဆံဆရာတော်
မွေ့လျော်ဓမ္မ ဟောပြသ၍
ဘဝချမ်းအေး နှလုံးအေးအောင်
တိုက်ကျွေးချီးမြှင့် တရားပွင့်ကြ
ကာလထိုနှစ်၊ ထောင့်ကိုးရာရှစ်ဆယ့်ခွန်
၁၉၈၇
ပျံလွန်တော်မူ နတ်ထံမူပြီ
ပူဆွေးဝမ်းနည်း ပူရှိန်ညီးဘိ
အန္တိမဈာပန ပူဇော်ကြပြီ
ဘဝချုပ်ငြိမ်း တစ်ဇာတ်သိမ်းခဲ့
ထိန်းသိမ်းတာဝန် လွန်ကျေပွန်
မမှတ်ခွန် ထမ်းသည့်ဝန်။ ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ သမိုင်းစဉ်
၁၉၈၇–၁၉၈၈ ခုနှစ် အမှုဆောင်ကော်မတီဝင်များ
ထပ်မံဖွဲ့စည်းရာတွင် မိုလ်မှူးမောင်လွင် (အငြိမ်းစား) ဥက္ကဋ္ဌ
ဗိုလ်ကြီးမောင်တင်၊ ဦးသောင်းထွန်း
စသူများဆက်လက်ပါဝင်သည့်
၈ ဦးအဖွဲ့

※ ထိုငါးနှစ်အတွင်း
နှင်းဆီကုန်းရိပ်သာ　　လက်ခံရာတွင်
(၂၀၀) နှစ်ရာတွင်သာ　　ရှိခဲ့ပါ၏
သေချာစိစစ်　　စည်းကမ်းဖြစ်၍
စံနှစ်တကျ　　လက်ခံကြရာ
ရာဇဝင်ကိုယ်ရေး　　ပုံစံပေး၍
ရေးသွင်း ထောက်ခံ　　အကယ်မှန်ကြောင်း
မှန်ကန်စွာလျှင်　　မှတ်ပုံတင်၍
အစဉ်အတိုင်း　　လက်ခံနိုင်း၏
စိတ်တိုင်းမကျ　　ပြန်လိုလှသူ
ပြန်ကြပါစေ　　နေလိုသူနေ
သားတွေသမီးတွေ　　ခေါ်သူတွေလည်း
ပြန်လေပြန်လင့်　　ပြန်ခေါ်ခွင့်ပြု
ပြုစုနေရင်း　　စောင့်ရှောက်ရင်းဖြင့်
နေမင်းညိုချိန်　　နေဝင်ချိန်မှာ
မီးစာကုန်ခန်း　　ဆီမီးခန်း၍
ပန်းပွင့်ကြွေရ　　အနိစ္စလျှင်
ရောက်ရတွေ့ကြုံ　　သူ့ကံကုန်က
ရေစက်ချပြီး　　သင်္ဂြိုဟ်ပြီးလျှင်
ထိုတွင်သပိတ်သွတ်　　ဆွမ်းလျှင်သွတ်၏
လွမ်းဆွတ်စိတ်ဝမ်း　　မျှော်တရမ်းမိ
သောင်ကမ်းနိဗ္ဗူ　　ပေါက်ပါစေ
ချမ်းဇမ္ဗူ　　ရောက်ပါစေ။



နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အစိုးရထောက်ပံ့ငွေများ
၁၉၈၃–၈၄ မှ ၁၉၇၈–၈၀ အတွင်း နိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း ဝန်ကြီးဌာနမှ လှူဒါန်းပုံ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ်လှူဒါန်းခဲ့ပုံ
လုပ်သားပြည်သူများနှင့် အဖွဲ့အစည်းများ၊ လစဉ်အလှူငွေ၊
သီးခြားအလှူငွေ၊ ထမင်းကျွေးအလှူငွေ၊ အလံမိုးအလှူငွေ၊
ပျော်ပွဲရွှင်ပွဲအလှူငွေ၊ အလှူစုံပုံးများ ငါးနှစ်တာအတွင်း သိန်း
(၅၁) ကျပ်ကျော်ရရှိခဲ့ပုံ

※ နှင်းဆီမွှေးပျံ့　　မေတ္တာနံ့လျှင်
ပတ်လည့်ဝန်းကျင်　　ဆွတ်ပျံ့လွင်နေ
နှစ်စဉ်အစိုးရ　　နိုင်ငံမှလျှင်
ကူမပေးလှူ　　စိတ်ကြည်ဖြူစွာ
လူမှုဝန်ထမ်း　　စဉ်ပေးကမ်းနေ
ငွေငါးသောင်းကျော်　　အလှူတော်ပင်
မြို့တော်စည်ပင်　　လှူဒါန်းဝင်နေ
နှစ်စဉ်တစ်သောင်း　　သွန်းဖြိုးလောင်းကြ
စုပေါင်းဒါန　　ပြုခဲ့ကြရာ
စေတနာရှင်　　ထည့်ပါဝင်ကြ
လစဉ်လှူသွား　　ပြည်သူများနှင့်
များပြားဖွဲ့စည်း　　ကုသိုလ်ကြီးဘိ
သီးခြားလှူပွဲ　　ထမင်းပွဲတွက်
လှူဆဲစေတနာ　　သွန်းမိုးရွာသို့
များစွာလာဆဲ　　လှူမစဲတော့
ပျော်ပွဲရွှင်ပွဲ　　လှူစမြဲပင်
ရဲရဲလှူကုန်　　စွဲမှတ်ယုံလျက်
ဆေးရုံအလှူ　　စုပုံကူကြ
အလှူခံပုံး　　ပြည့်လျှံဖုံးမျှ

www.burmeseclassic.com

www.burmeseclassic.com



စုရုံးထည့်သွား မိုးပေါက်များသို့
များပြားခဲ့ရာ ငါးနှစ်တာဝယ်
သိန်းငါးဆယ်တစ် ကျော်လွန်ဖြစ်၏
စစ်မှန်သဒ္ဓါ တို့ပြည်ရွာဝယ်
ရင်မှာဖြစ်ထွန်း ဖြိုးဝေသွန်း၏
ရွှန်းရွှန်းသစ်သစ် စစ်စစ်မှန်မှန်
ဖန်ဖန်ကြိမ်ကြိမ် ရှိန်ရှိန်လင်းလင်း
ဝင်းဝင်းပပ လှလှစိမ့်စိမ့်
သိမ့်သိမ့်လှိုက်လှိုက် ခိုက်ခိုက်တုန်တုန်
ရင်ခုံပီတိ ဖြစ်ရဘိသည်
စွဲငြိဘဝင် ဇောအစဉ်
ချစ်သည့်သခင် ပြောစေချင်။ ။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ ဝင်ငွေထွက်ငွေစာရင်း အစိုးရမှတ်ပုံတင်စာရင်းစစ် ဦးကိုကိုနှင့်အဖွဲ့ လစဉ်စစ်ဆေးခြင်း


ဤရိပ်သာတွင် ဝင်ငွေထွက်ငွေ
မြစ်ရေသို့စီး တဒီးဒီးလျှင်
ကြီးစွာဝင်ထွက် နေ့ရက်ဆက်ပင်
လဆက်နှစ်ဆက် ရှင်သန်လျက်လျှင်
ဆက်လက်တိုးပွား ထိုငွေများတို့
ဘဏ်ထားစံနစ် သွင်းထားရစ်၏
ဝင်ရစ်ထွက်ရစ် စာရင်းစစ်ဖြင့်
စစ်ဆေးစေရ လွန်ကျနစွာ
အစိုးရမှတ်ပုံတင် တတ်ကျွမ်းကျင်သူ
လစဉ်စစ်ခဲ့ သူ့အဖွဲ့ဖြင့်
လုပ်ခဲ့သမျှ ဇယားချ၍
တစ်လတစ်ကြိမ် လုပ်ငန်းအိမ်တွင်
အချိန်မှန်မှန် အစီရင်ခံ၏
ကြီးဘိလုပ်ငန်း တစ်နှစ်ဆန်းက
ရှင်းတမ်းပြုလုပ် ရှင်းတမ်းထုတ်၍
နှစ်ချုပ်တင်ရာ တင်ပြစာလျှင်
နှစ်စဉ်နှစ်တိုင်း နှစ်နှင့်ပိုင်း၍
မဆိုင်းတင်ပြု မှန်ကန်မှုလျှင်
အမှုဆောင်ဖွဲ့ တည်ပြုခဲ့၏
ပရိဘောဂ သုံးစွဲကြသော
ထိုမှဝတ်ထည် စီရရီလျှင်
တူညီကိုက်ညို မှန်ကန်ရှိစေ
ကြည့်ရှုစစ်ဆေး စာရင်းရေး၏
ဆေးဝါးပစ္စည်း ကုသပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



သုံးပြီးပယ်ဖျက်　　ဝယ်လျက်ထပ်ဖြည့်
ရှိသည့်ကိရိယာ　　မှန်ကန်စွာလျှင်
ရေးခါထည့်သွင်း　　ထပ်ဖြည့်တင်းကြ
　သန့်ရှင်းကြယ်စင်　　ပြစ်မထင်။
　သတင်းမွှေးလွှင်　　ချစ်ဖွယ်ပင်။　　။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉–၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ

ဗိုလ်မှူးမောင်လွင် (အငြိမ်းစား) ဥက္ကဋ္ဌ၊ ဗိုလ်ကြီးမောင်တင်

(အငြိမ်းစား) ဦးသောင်းထွန်း ပါမောက္ခချုပ် (အငြိမ်းစား)

တို့ပါဝင်သော

(၁၁) ဦးအဖွဲ့ ဆက်လက်ထမ်းဆောင်ပုံများ

## ပဉ္စမကဏ္ဍ မော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဆောင်ရွက်ချက်

အဖွဲ့စည်းမျဉ်းအရ အဖွဲ့ဝင် (၅၀) ဦးဖွဲ့စည်း

အမှုဆောင်ကော်မတီမှ အမှုဆောင် ၁၅ ဦး ဖွဲ့စည်း

ဗိုလ်ကြီးမောင်တင် (အငြိမ်းစား) ဥက္ကဋ္ဌ၊

ဒုဗိုလ်မှူးကြီးကျော်ရှိန်၊ ဒုတိယဥက္ကဋ္ဌ၊

ဦးသောင်းထွန်း ပါမောက္ခချုပ် (အငြိမ်းစား)၊

ဗိုလ်မှူးအောင်သန်း (အငြိမ်းစား) တို့ပါဝင်ဖွဲ့စည်း

အဖွဲ့ဝယ် ၉ ဖွဲ့၊ ဖွဲ့စည်း၍ တာဝန်ခွဲဝေ လုပ်ဆောင်ပုံများ

ဆရာမကညွှာ၊ မော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာသမိုင်းဖြစ်စဉ်
## ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဆောင်ရွက်ချက်
## အဖွဲ့စည်းမျဉ်းအရ အဖွဲ့ဝင် ၅၀ ဦး ဖွဲ့စည်း
## အမှုဆောင်ကော်မတီမှ အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်း
## ဗိုလ်ကြီးမောင်တင် ဥက္ကဋ္ဌ၊ ဒုဗိုလ်မှူးကြီးကျော်ရှိန်
## ဒုတိယဥက္ကဋ္ဌ၊ ဦးသောင်းထွန်း ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်မှူးအောင်သန်း
## အတွင်းရေးမှူး တို့ပါဝင်ဖွဲ့စည်း။ အလုပ်အမှုဆောင် ၇ ဦး
## ဖွဲ့စည်း၊ အဖွဲ့ငယ် ၉ ဖွဲ့ ဖွဲ့စည်း၍ တာန်ဝန်ခွဲဝေ
## လုပ်ဆောင်ခြင်း

| | |
|---|---|
| ရွက်အုပ်ဆိုင်းဆိုင်း | ညို့ညို့မှိုင်း၍ |
| သစ်ကိုင်းပင်စည် | ဝေဝေရှိသော |
| ဤသစ်အုပ်တော | လွှမ်းကြင်မောဘွယ် |
| မွေးသောရနံ့ | သတင်းပြန့်ရာ |
| ရိပ်သာစောင့်ရှောက် | ရည်မှန်းပေါက်ရန် |
| တည်ဆောက်ဖွဲ့ငယ် | အသွယ်သွယ်ဖြင့် |
| ရည်ရွယ်လုပ်ခဲ့ | ဖွဲ့ ၉ ဖွဲ့ပင် |
| ဖွဲ့စည်းကျေပွန် | ခွဲတာဝန်တို့ |
| ဝန်ထမ်းရေးရာ | ဘဏ္ဍာ ဆောက်လုပ် |
| အုပ်ချုပ်စီမံရေး | ကျန်းမာရေးနှင့် |
| ဝယ်ယူရေးဖွဲ့စည်း | နီးကပ်ကြီးကြပ် |
| မပြတ်ကြည့်ရစ် | စီစစ်လက်ခံ |
| စာရင်းမှန်စေ | |
| ဝန်ထမ်းအိမ်ခန်းများ | နေရာချထားရေး |
| စုဖွဲ့ပေးလတ် | ရေးသတ်မှတ်၏ |
| လိုအပ်ချက်အရ | လုပ်ကိုင်ကြရန် |
| မြန်ဆန်သွက်လက် | ပိုဆောင်ရွက်ရန် |



| | |
|---|---|
| တာဝန်လုပ်ပိုင်ခွင့် | စည်းမျဉ်းနှင့်လျှင် |
| နှိုင်းချင့်တွက်ဆ | ပေးအပ်ကြ၏ |
| ဘဝပုံရိပ် | နေညိုရိပ်တွင် |
| ကိုယ်စိတ်နှစ်ဖြာ | ကိုယ်ကျန်းမာ၍ |
| ချမ်းသာစိတ်အေး | နေထိုင်ရေးနှင့် |
| စားရေးသောက်ရေး | လူမှုရေးနှင့် |
| ဆေးဝါးကုသ | ချေမ်းမြစေ |
| အလှူငွေရ | လှူသမျှလျှင် |
| ရရှိဘဏ္ဍာ | စာရင်းပါလျက် |
| သေချာသုံးစေ | မဖိတ်စေရန် |
| မှန်မှန်ခြေလှမ်း | ထုံးနည်းလမ်းဖြင့် |
| လုပ်ငန်းချောမော | ရည်ရွယ်သောလျှင် |
| စစ်ကြောသမှူ | ဆောင်ရွက်ပြုဖုာ |
| ယခုအဖွဲ့ | ဖွဲ့ ၉ ဖွဲ့သည် |
| ရည်ရွယ်ဖေါ်ဆောင် | မနှေးအောင်ရန် |
| အကောင်ထည်ဖြစ် | လုပ်ကိုင်ရစ်၏ |
| ဇစ်မြစ်ခိုင်ခိုင် | ချခဲ့ပြီ။ |
| အုတ်မြစ်မှတ်တိုင် | စိုက်ရစ်ပြီ။ ။ |

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ သီရိရတနာစန်းမကြီးဆောက်လုပ်

၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် စတင်၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၃၀ ပြီးစီး၊ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်က ဥက္ကဋ္ဌ ဆောက်လုပ်ရေးအဖွဲ့ဝင် (၈) ဦး ဦးဆောင်၍ ဥက္ကဋ္ဌများ ဦးမောင်တင်က နာယက ပြုလုပ်ဦးစီးခြင်း

နှင်းဆီကုန်းလျှင်　မွေးပျံ့လှိုင်သော
ဂုဏ်အင်သီကွာ　မြင့်မားလာနေ
များစွာ ဘိုးဘွား　စဉ်တိုးပွားနေ
ငါးဆယ်ခြောက်ဆယ်　၂၂၀ လေ
ထိုဝယ်ဓမ္မာရုံ　အဆောက်အအုံလျှင်
ထိုစဉ်ထိုနှစ်　၁၉၅၈ က
ဆောက်ခဲ့ကြသည်　ကြာမြင့်ပြီလေ
ဤနေရာ၌၊
ဦးခိုက်ဝပ်တွား　ကြည်ညိုသွားရာ
အားလုံးအင်အား　လွန်များပြားပြီ
တရားဓမ္မ　ဆောက်တည်ကြ၍
မူလနေရာ　တိုးချဲ့ပါအံ့
ဓမ္မာရုံသစ်　တည်ကုန်ရစ်အံ့
တစ်ခေတ်တစ်ခေတ်　ပြောင်းလဲဖြစ်ကြ
ဉာဏ်သစ် အကြံသစ်　ထုတ်ဖေါ်လှစ်ကြ
စနစ်တကျ　စီစဉ်ကြပြီ
အင်ဂျင်နီယာ　ဗိသုကာတို့
ဖိတ်ခါဆွေးနွေး　အလေးပေး၏
ရှေ့ရေးအတွက်　ဘိုးဘွားတွက်နှင့်
ဆက်လက်လှူဒါန်း　အလှူတန်းတွက်



မြှော်မှန်းပြုမည်　ကောင်းမှုရည်ကြ
ဤဆောက်အုံအစ　လှူဒါန်းကြသော
မူလလှူရှင်　ဒါနရှင်ထံ
တင်ပြခွင့်တောင်း　အကျိုးကြောင်းဖြင့်
ဖျက်ခွင့်ပြောပြ　ရှင်းလင်းကြ၍
စိတ်မှကြိုက်ညီ　ခွင့်ပြုပြီလေ
သည်မှာတင့်လျှမ်း　ဂုဏ်ရောင်လွှမ်းသော
ခမ်းနားကျယ်ဝန်း　ရွှန်းမြရွှန်းသော
သွန်းလောင်းထုဆစ်　ဗိမာန်သစ်လေ
ထွန်းသစ်ပေါ်ပေါက်　သစ်တည်ဆောက်၏
မဆောက်လုပ်မီ၊
သီရိစန္ဒာ　ကျောင်းမဟာမှ
ဆရာတော်က　ဦးသောမနလျှင်
သံဃ ၅ ပါး　ဦးဆောင်ထား၍
တရားပရိတ်တော်　ရွတ်ပူဇော်လျက်
(၇) ရက်တိုင်တိုင်　တရားမြိုင်၏
လှိုင်လှိုင်ဖြိုးဓွေ　တရားဝေခဲ့
ဤမြေသန့်စင်　မင်္ဂလာအခင်း
ကျင်းပဖေါ်ထုတ်　ဆောက်အုံလုပ်မည်
ဤနေရာမှန်　ဘူမိနက်သန်တည်း
နံ့က်ရောက်ပြီ　(၇) နာရီမှာ
" အဂ္ဂမဟာပဏ္ဍိတ၊
တိပိဋကဓရဓမ္မ၊
ဘဏ္ဍာကာရိက　ဘန္ဒန္တသီရိန္ဒာဘိဝံသ "
ယောမှဆရာတော်　မြွက်ကြားဖေါ်သည်
ပရိတ်တော်တရား　သံဃာများနှင့်
ပဟာကြားချီးမြှင့်　ဂုဏ်ပေါင်းမြင့်၏

www.burmeseclassic.com

www.burmeseclassic.com




မိုးနှင့်မြေလွှာ ဟစ်ကြွေးညာခဲ့
သည်မှာပန္နက် ထို ၅ ရက်ပင်
စက်တင်ဘာဖြစ် ၁၉၉၈ လေ
အုတ်မြစ်တော်စီ ဆောက်အုံတည်ကြ
ဤမြေဤရပ် နှစ်ထပ်ပြုရ
ဓမ္မသာလာ ထိုအင်္ဂါနေ့
သံဃာ သံဃ မဟာနာယက အလှည့်ကျသူ
ဥက္ကဋ္ဌမော်ဆရာတော်များ
အတွင်းရေးမှူးများနှင့်
(၁၅) ပါးကြွကာ ချီးမြှင့်ပါသည်
မဟာပရိတ် သံမဆိတ်လေ
ပုံရိပ်နှင်းဆီ မွှေးပျံ့ရိပေါ့
ရွှန်းကြည်သာတောင်း သာတင့်တောင်းပင်
သာပေါင်းဂုဏ်သိန် ဂုဏ်အရှိန်လျှင်
ဂုဏ်ထိန်ဝင်းဝင်း အောင်မြေနင်းခဲ့
ဆောက်ခြင်းလုပ်ငန်း ပြီးဆုံးခန်းသည်
ဧပြီ (၃၀) ဖြစ် ၁၉၉၈ တည်း
အသစ်နာမည် ပေးအပ်ပြီလေ
သီရိရတနာ ခန်းမသာပင်
ပေါ်လာပြီလေ ပန်းပေါင်းဝေပေါ့
ရေသီတာသွန်း နံ့သာမွှန်းပြီ
ခွန်းဆင့်သံချို တေးတွေဆို
ရွှန်းတင့်ခွာညို မွှေးမြချို။ ။



သီရိရတနာ နှစ်ထပ်ပါတည့်
ရိပ်သာခန်းမ လှပဝင့်ထည်
ပွင့်စည်သာမော ချစ်ဖွယ်ပြောထင်
စိတ်စောမိလျှင် အာရုံမြင်မိ
နေ့စဉ်ဝပ်တွား အဘိုးဘွားတို့
ဘုရားဝတ်တက် စဉ်မပျက်ပါ
ဒေသနာပဋ္ဌာန်း ရွတ်စီးဖြန်းရာ
ကမ္မဋ္ဌာန်းဘာဝနာ ဓမ္မစကြာနှင့်
ဝိပဿနာပွား ပရိတ်တရားတို့
ပွားများကျင့်ကြံ ဘဝမှန်၏
မြဲမြံကျင့်နေ အမျှဝေကြ
ဒေသနာပွဲ တရားပွဲတို့
အမြဲကျင်းပ ဤဌာနပင်
နာရမှတ်ရ တရားရနေ
ဘဝမွန်မြတ် အပေါ်ထပ်တည်း
လှူမြတ်လှူဒါန်း သက်န်းလှူအပ်
ကပ်လှူသည့်ပွဲ ဝါဆိုပွဲနှင့်
ပွဲမြတ်ကထိန် ရောင်ရှိန်ဆီမီး
တညီးညီးလင်း တဝင်းဝင်းတည်း
ကျင်းပသည့်ရက် အလှူရက်တို့
ရေစက်ချသွန်း ကုသိုလ်ညွှန်း၏
ထွန်းသစ်ဗိမာန် အောင်ပွဲခံ၏
မိုးယံခြိမ့်ခြိမ့် မြေသိမ့်သိမ့်ပင်
ဆိုပိမ့်ရတု ဤကောင်းမှုသည်
မြေထုပမာ ခိုင်ပါစေ
ဆိုပြုသစ္စာ မြိုင်ပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ကာလ၊ နှင်းဆီကုန်းတိုးဘွားရိပ်သာ
ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိနေသောအခြေအနေ ဖွဲ့ဆိုကဗျာ
စိန်ရတုဂုဏ်ပြုမော်ကွန်းတင်ကဗျာ

# သတ္တမကဏ္ဍ၊ မော်ကွန်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်းမကြီးပေါ်ရှိ ဘက်စုံပွဲ့ဖြိုးတိုးတက်လျက်ရှိသော နှင်းဆီကုန်းအိုးဘွားရိပ်သာ အခြေအနေ

✲ ငြိမ်းချမ်းပွင့်စည် ရွှန်းမြကြည်၍
မြရည်ဆွတ်လိမ်း စိမ်းမြစိမ်းနေ
ခပ်သိမ်းဝန်းကျင် အေးစိမ့်ကြွင်နေ
မင်္ဂလာမည် ကောင်းမြတ်တည်သော
နှင်းဆီကုန်းထိပ် သစ်ပင်ရိပ်ဖြင့်
ရိပ်သာဘိုးဘွား ယနေ့ကားဆိုလျှင်
ဖွံ့ထွားတိုးတက် ခရီးဆက်နေ
ဘက်စုံတက်စုံ လျှော်ခတ်စုန်နေ
ဂုဏ်သိက္ခာမြင့် တင့်တင့်တယ်တယ်
ထယ်ထယ်ဝါဝါ မြန်မာဆန်ဆန်
ဖန်ဖန်သွန်းလောင်း ကောင်းကောင်းထပ်ဆင့်
တိုးမြှင့်ခဲ့ကြ မုန်ဝင်ဝလျှင်
မြန်မာ့အနု သုခုမသည်
လက်ရာပီစွ ရွှေခြည်ဝင်းလက်
ပန်းခက်ပန်းညွန့် ပန်းအတွန့်လိမ်
ပန်းအိမ်ကြီးလျှင် ပန်းနွယ်ဆင်နေ
ပန်းဝေဝေကော့ တမော့မော့ငေး
ရွှေရေးရွှေပန်း အမွမ်းအပြောက်
ကျရောက်နေခြည် ဖိတ်ဖိတ်လည်နေ
ရွှေပြည်ရိပ်မိုး ဖြန့်လွှမ်းစိုးနေ
တိုးပွားအဆောင် ဘုရားဆောင်နှင့်
အောင်မြင်ပေတုံ့ ဓမ္မာရုံကြီးနှင့်
ဆေးရုံအဆောင် ကျွေးမွေးဆောင်နှင့်



ဘိုးဆောင်ဘွားဆောင် ရုံးခန်းဆောင်ဖြင့်
ဆောင်ဆောင်တည်ဆောက် စဉ်စောင့်ရှောက်နေ
တအောက်မေ့မေ့ တမြွေမြွေလွမ်း
တတမ်းတတ ဖြစ်ရလေအောင်
စွမ်းဆောင်ပေးရာ ဤရိပ်သာကား
မြန်မာဘိုးဘွား လွန်အားထားသည်
စိတ်များငြိမ်းချမ်း စိုပြည်လန်းနေ
ခွင့်လမ်းအရာရာ အခွင့်သာလျှင်
မြန်မာနိုင်ငံ
ရပ်ရွာနှံအရပ်ရပ် ရှိလတ်ခဲ့ကြ
ဒေသဖုံဖုံ အစုံစုံမှ
လာကုန်ကြခိုက် ပေါင်းစုလိုက်နေ
စရိုက်မျိုးမျိုး ဘဝမျိုးတွေ
နေထိုင်ခဲ့သည် ခရီးရှည်တွင်
ကျင်လည်သူတို့ အဆောင်တို့တွင်
နှစ်လို့ဝမ်းသာ ချမ်းမြေ့စွာဖြင့်
ဘာဝနာစီးဖြန်း ကမ္မဋ္ဌာန်းဝိပဿနာ
ဒါနသီလ သမထတို့
နေ့ညကြိုးပမ်း အားအင်စွမ်းဖြင့်
ချမ်းသာ, စုဝေး တည်ငြိမ်အေးဘိ
သန္တိသုခ ရှိပြည့်ဝသည်
ဘဝမွန်ရည် စိတ်သန်ကြည်
တမလွန်ဆီ နိဗ္ဗာန်ရည်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ယခနေ့ နှင်းဆီကုန်းဘိုးဘွား (၂၄၀) တို့၏ ဘဝပုံရိပ်များ

နှင်းဆီကုန်းထိပ် လွမ်းပုံရိပ်တွေ
အိပ်မက်လှလှ မွေးမြူမြူတွေ
ဘဝရှယ်အို နေမင်းညိုလည်း
စိတ်ပျိုလန်းဆန်း လွန်ငြိမ်းချမ်းနေ
ပဋ္ဌာန်းဒေသနာ ခမ္မစကြာနှင့်
မေတ္တာပို့လွှတ် ပရိတ်ရွတ်ဆို
ဝတ်တက်ညွှတ်တွား မြတ်ဘုရားထံ
လျှောက်ထားရှိခိုး လွန်ရိုကျိုးကြ
မြတ်နိုးကြည်လင် သဒ္ဓါရွှင်နေ
နေ့စဉ်ကြိုးပမ်း ကမ္မဋ္ဌာန်းတရား
ပွားများကြီးမြင့် ဉာဏ်စဉ်မြှင့်နေ
ရင့်သန်စေတနာ ဤရိပ်သာတွင်
ဘဝနာမှတ်ရှု အာရုံပြုရန်
ဉာဏ်တော်ကိုးတောင် အမြင့်ဆောင်သည်
စေတီတစ်ဆူ တည်ထားလှူကြ
ဌာနဝန်ထမ်း စိတ်လန်းဆန်းစွာ
ဝိုင်းဝန်းဘိုးဘွား ထည့်ဝင်သွားကြ
အများပြည်သူ လှူဒါန်းသည့်ငွေ
ဖြိုးဖြိုးဝေရာ ရိပ်သာအုပ်ချုပ်
ပေါင်းထုပ်လုပ်ကိုင် လှူပန်းတိုင်ပင်
ဤတွင်ပန်းခြံ ပျိုးထောင်ပြန်ခဲ့
ပန်းမာလ်ဆီမီး ထိန်ထိန်ညီးစေ
စိတ်လည်းအေးချမ်း ကြည်နူးလန်းသည်
ပန်းတိုင်ပွင့်နေ ပန်းပွင့်ဝေ
ပွင့်ဝေဝတ်ရည် ချိုမွှေးနေ။ ။



## ၁၃.၉.၂၀၀၁ တွင် ကုသိုလ်ဖြစ်ဆေးခန်းဆောက်လုပ်ခဲ့ခြင်း

⁜ ဘိုးဘွားရိပ်သာ ကွန်းခိုရာတွင်
ကျန်းမာနေရေး အလေးပေးနေ
ဆေးခန်းတစ်ခန်း ငွေလှူဒါန်းဖြင့်
ခန်းနားပန္နက်တင် မင်္ဂလာပြု
တည်ဆောက်မှုလျှင် ကုသိုလ်ဖြစ်ခဲ့၊ အခမဲ့လေ
ဆောက်ခဲ့သည်ပင် လွန်အောင်မြင်နေ
တပ်ဆင်စီရီ သုံးပြုမည်လေ
ခေတ်မီဆေးဝါး ကိရိယာများသည်
အားလုံးဝယ်ယူ အထောက်ကူပြု၊ စီစဉ်မှုဖြင့်
ကုသစမ်းသပ် စောင့်ရှောက်လတ်တည့်
ရလဒ်ပေါ်က ထိုကုန်ကျငွေ
ကျခံစရိတ်ပေး ချမှတ်ပေး၏
ဆေးဆိုင်တစ်ဆိုင် ဖွင့်လှစ်နိုင်ရန်
စီမံလျှာသွား တွဲဖက်ထားလျက်
နှုန်းထားသက်သာ ရောင်းချပါရန်
ချိန်ခါမရွေး ရနိုင်ရေးတွက်
ဆေးဝါးပစ္စည်း ထားဖြည့်ဆည်းမည်
သိပ်သည်းကျစ်လျစ်
ထိုစံနစ်ဖြင့် စီစဉ်နှင့်ပြီ
နှိုင်းချင့်နှိုင်းချိန် သုခမိန်
ဂုဏ်တင့်ဂုဏ်ရှိန် မြင့်ရွှေအိမ်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ရောက်သူတိုင်း စိတ်ချမ်းသာသည် ဘိုးဘွားရိပ်သာဆောင်ပုဒ်နှင့်အညီ မေတ္တာရွှေရည် ဓမ္မးပျို့သင်းသင်းရီ

ရောက်သူတိုင်းမှာ    စိတ်ချမ်းသာသည်
ရိပ်သာဆောင်ပုဒ်    ရွေးစစ်ထုတ်၍
နှုတ်ချိုချိုမြ    ရွတ်ဆိုကြသူ
ကမ္ဘာ့အရပ်ရပ်    သွားလှည့်ပတ်သူ
လာလတ်ကြည့်ရာ    လွန်ဝမ်းသာကြ
မြန်မာနိုင်ငံ    ဒေသခံတို့
ထက်သန်စေတနာ    မြင့်မြတ်စွာသော
ထာဝရဖြစ်ရ    လှူဒါနအတွက်
စိတ်ကကြည်နူး    သဒ္ဓါဦးတွက်
အထူးပွားများ    ကုသိုလ်ထားသော်
ဘိုးဘွားများလျှင်    စိတ်ဝိညာဉ်ဖြင့်
နေ့စဉ်မေတ္တာ    ပို့သပါသည်
ဝေဆာဖူးပွင့်    မေတ္တာပွင့်နေ
တင့်တယ်လန်းဆန်း    ငြိမ်းချမ်းနေ
ဤအခြေအနေကောင်း    ညီညွတ်ကြောင်းဖြင့်
နှစ်ပေါင်းများစွာ    ချိန်ရှည်ကြာတိုင်
ထိန်းလာမပျက်    ခေတ်ဆက်ဆက်ပင်
အစဉ်တာဝန်    ထမ်းကျေပွန်သူ
တံခွန်လွင့်ခဲ့    စောင့်ရှောက်ဖွဲ့များ
ကော်မတီများနှင့်    အားလုံးဝန်ထမ်း
ကြိုးပမ်းရွက်သူ    လက်တွဲကူကြ
ပြည်သူနိုင်ငံတော်    ရွှင်ပျော်ပျော်ပင်
တွေးသော်ပီတိ    ဂွမ်းဆီထိသို့

www.burmeseclassic.com



မြင်မိဝင်းပြက်    တလက်လက်ပင်
ဘက်စုံဖွံ့ဖြိုး    ဆောက်ဦမျိုးစုံ
တိုးတက်ကြီးပွား    တမားမားတည့်
မျက်ဝါးထင်ထင်    လွန်ပေါ်လွင်နေ
တွေ့မြင်သည်ကား    ထိုဘိုးဘွားတို့
အားကိုးမှဲ့ရာ    အားထားရာတည့်
မြန်မာနိုင်ငံ    ဂုဏ်တင့်လျှံကြည်
ဝေဖိတ်စည်နေ    ပြည်သူပြည်သား၊
ဂုဏ်ဝင့်ကြွားနေ
ထူးခြားမြင့်စွ    ကိုးကွယ်ကြသော
ဗုဒ္ဓဘာသာ    သာသနာတော်
မဟာဗျည်ကျေးမှု    စံတင်ပြုနိုင်
သာဓုသာဓု    ဤကောင်းမှုတို့
ပြုသူရိပ်သိမ်း    ချမ်းမြငြိမ်းဘိ
သန္တိသုခ    လူ့ဘဝတွင်
ရကြလေပြီ    ရတုသီခဲ့
အောင်စည်အောင်မောင်း ရိုက်ခညောင်း၍
အောင်ကြောင်းလက်ာ    ဖွဲ့နွဲ့ပါသည်
မြန်မာတည်သရွေ့    တည်စေသော်ဝ်
ကမ္ဘာရှည်သရွေ့    ရှည်စေသော၀်။    ။

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဖြတ်သန်းလာခဲ့သော ၇၅ နှစ်မြောက် စိန်ရတုသဘင်ဆင်ယင် ကျင်းပချိန် မင်္ဂလာအချိန်

နှင်းဆီကုန်းထိပ်　　ဘိုးဘွားရိပ်သာ
မဟာဒါန　　လှူဒါန်းကြသည်
ဘဝရိပ်မြုံ　　သုခဘုံပင်
ခိုလှုံ နားခို　　သက်ရှယ်အိုတို့
ဘာဆိုဘာမှ　　မကြောင့်ကြတော့
လောကအေးချမ်း　　စိတ်ရွှင်လန်းနေ
ဆန်းထွန်း (မန်းတက္ကသိုလ်)　　စာတိုဆိုလျှင်
အားအင်ယုတ်ယို　　သက်ရှယ်အိုအား
ရှိသေသမှု　　ရေးယူပြုသော်
ခုရောနောင်ပါ　　ချီးမွမ်းရာနှင့်
နတ်ရွာနိဗ္ဗာန်　　ရောက်ကြောင်းမှန်၏
ကြိမ်ဖန်ဖန်ပင်　　ကုသိုလ်ရှင်တို့
နေ့စဉ်နေ့တိုင်း　　စိတ်ဖြတ်ပိုင်း၍
မဆိုင်းလာလျက်　　အလှူဆက်ကြ
ရေစက်ချသွန်း　　နိဗ္ဗာန်ညွှန်း၏
ထွန်းပေါက်သဗ္ဗါ　　ဖြူစင်စွာသည်
မြန်မာပြည်ဝှမ်း　　ခြုံ၍လွှမ်းခဲ့
စိတ်ချမ်းမြေ့မြေ့　　တဝေ့ဝေ့လျှင်
မွေ့မွေ့ပီတိ　　ခံစားမိကြ
သတိရှိချိန်　　စံရိပ်ငြိမ်သည်
စိန်ရတုလည်　　ပွင့်မောစည်၍
ကြေးစည်ရိုက်သံ　　ခေါင်းလောင်းသံတို့
လျှံဝေမြည်ခဲ့　　ဆုတောင်းဖွဲ့၏
　　ဖွဲ့နွဲ့ဥာဏ်လျှင်　　ပိုမှပို။
　　လေးတွဲ့သံစဉ်　　ချိုမှချို။ ။



✂　နှင်းဆီကုန်းတွင်　　အောင်ပွဲယင်ပြီ
ဤယနေ့မြို　　စိန်ရတုလေ
ပြည်သူ့ဘိုးဘွား　　ရှယ်အိုများတွက်
ကြိုးစားလုံးပမ်း　　လာသောလမ်းတွင်
ဝမ်းသာဝမ်းနည်း　　ပျော်လည်းပျော်ရွှင်
ငိုလျှင်ငိုလိုက်　　အိပ်ငိုက်အိပ်လေ
စာနေစားသောက်　　မကြောက်မရွံ့
မတွန့်မဆုတ်　　လုပ်မြဲကိုင်မြဲ
ဖွဲ့လည်းဖွဲ့ကောင်း　　စုပေါင်းစုစည်း
အားကြီးအားမာန်　　ဆန်လည်းဆန်တက်
အခက်အခင်း　　ဖြေရှင်းဖြေဖျောက်
ပေါက်ရောက်ခရီး　　ရလဒ်ကြီး၏
စီးရစ်ဝိုက်ရစ်　　လောကမြစ်လျှင်
ခေတ်များနှစ်များ　　ဖြတ်သန်းသွားနေ
ရပ်နားမရှိ　　သွားနေဘိ၏
သတိစိတ်မှာ　　ခိုင်မြဲစွာကား
ငါတို့တတွေ　　သက်ရှင်နေစဉ်
လှူတွင်လုပ်ရပ်　　လုပ်ကိုင်အပ်က
မရပ်လေရာ　　ဗီဇနာပင်
သေချာသုံးချ　　ဆုံးဖြတ်ကြလျက်
လောကကောင်းကျိုး　　သည်ဆောင်ပိုး၏
အမျိုးဝန်ထမ်း　　လက်ဆင့်ကမ်းလျက်
ဤလမ်းတူရှု　　အောင်လံလူလျက်
လွှင့်ထူကိုင်ဆောင်　　ပွဲတိုင်းအောင်၍
အောင်စည်အောင်မောင်း　　ရိုက်ခတ်ညောင်းပြီ
　　ကောင်းကင်မိုးလုံး　　တေးသံလွှင်
　　ကောင်းချီးသံဖုံး　　မဆုံးထင်။ ။

www.burmeseclassic.com

www.burmeseclassic.com



# နှင်းဆီကုန်းဘိုးဘွားရိပ်သာ

# ၇၅ နှစ်မြောက်စိန်ရတုသဘင်

# မော်ကွန်းတင်ကဗျာကြီး ပွဲ့ဆိုမှု

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဆီရနံ့ ဆွတ်ပျံ့မွှေးထုံ ထုံလွှမ်းလေ

※ စစ်ကိုင်းတောင်ရိုး
ဖြူခိုးလွှင်
သခင်လွှမ်းဘိ
စောင်းကြိုးညို
ဆိုသည့်တေးသံလျှင် သံလွင်လွင်။

※ ရောဝတီ
စိမ်းမြရည်
စီးလည်ရစ်ခွေ
လွှမ်းဆွတ်နွေ
ရေလှိုင်းငြိမ့်ငြိမ့် သိမ့်သိမ့်ထင်။

※ ကောင်းကင်မှိုင်းပြာ
ဝတ်ရုံလွှာ
တိမ်ဇာတစ်ပွေ့
တရွေ့ရွေ့
ဝေ့ဝေ့မျှောပြန် အထီးကျန်။

※ မင်းကွန်းနေခြည်
ရှန်းလဲ့ရီ
ဝင်းကြည်ဖိတ်ဖိတ်
တရိပ်ရိပ်
တောင်ထိပ်ရိုက်ခတ် တဖြတ်ဖြတ်။



※ အမေဦးဇွန်း
ဘွားဦးဇွန်း
ထွန်းတောက်သဒ္ဓါ
ဝန်းဖြာပျံ့
ရနံ့မွှေးကြိုင် တလှိုင်လှိုင်
မြိုင်မြိုင်သင်းသင်း တဝေဝေ။

※ နိဒါန်းအစ မင်းကွန်းကလျှင်
ဒါနအဦး ကုသိုလ်ထူးသူ
ဖွားဦးဇွန်းသည် လုပ်ငန်းတည်၍
နှစ်လည်ယခု စိန်ရတုတိုင်
လှူမြဲစီရီ ပန်းကုံးသီသို့
နှင်းဆီကုန်းထက် အလှူဆက်ကြ
ရက်ရက်ရောရော စိတ်မနောဖြင့်
ပြုသောလှူရှင် ဖြူသန့်စင်ဘိ
ရင်ထဲချမ်းမြ စိတ်ချမ်းမြဘိ
အေးမြလင်းကြည် ဝေ့ဝေ့လည်ခဲ့
ပီတိဆွတ်ပျံ့ မွှေးရနံ့လျှင်
အနှံ့ကိုယ်လုံး လွှမ်းခြုံဖုံးနေ
မဆုံးကုသိုလ် မျှဝေဆိုသူ
ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရည်သူ
ပြည်တွင်းပြည်ပ များပြားလှ၏
ဒေသသီးသီး မြစ်ရေစီးလျှင်
စီးဝင်ဆုံရာ သမုဒ္ဒရာသို့
ဒါနဘုံတည်း လွန်လေးစားသော
ဂုဏ်အင်ကြီးမား ဂါတို့ရွာတွင်
ဘိုးဘွားရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ပေါင်း　　သူတော်ကောင်းတို့
ဆုတောင်းပေးပို့　　မေတ္တာပို့ကြ
နှစ်လို့ဝမ်းသာ　　ကြည်ဖြူစွာဖြင့်
သဒ္ဒါပိုလျှမ်း　　စဉ်လှူဒါန်း၍
လွှမ်းမောသာဘွယ်　　စိတ်ထားကြွယ်သည်
တွယ်တာပြုံးရိပ် ထိပ်တင်နိုင်
ဘယ်ခါဆုံးရိပ် မထင်နိုင်။　　။

✻ သင်လည်း၍သို့
အိုရအံ့။
✻ ရောက်သူတိုင်းသည်
စိတ်ချမ်းသာသည်။
✻ ဘိုးဘွားတတွေ
မေတ္တာဝေ
ကျန်းမာချမ်းသာကြပါစေ။
✻ ၁၉၃၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်
စိန်ရတုနှစ် ၇၅ နှစ်။
✻ ယောဘိက္ခဝေ - မံ
ဉပဋ္ဌဟေယျ။
သောဂိလာနံ
ဉပဋ္ဌဟေယျ
✻ ချစ်သားတို့
ငါဘုရားကို
လုပ်ကျွေးလိုသော
ထိုပုဂ္ဂိုလ်သည်
ဂိလာန ဘိုးဘွား
လုပ်ကျွေးသွားလော့။
(မဟာဝါပါဠိတော်)



✻ အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာ ပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊
အာယုဝဏ္ဏော သုခံဗလံ။
(အာရွာနာဋိယသုတ်တော်)

✻ အသက်အရွယ်　　လူ့ဝယ်ကြီးမား
ဘိုးဘွားပြုစု　　ယုယလုပ်ကျွေး
စောင့်ရှောက်ပေးခြင်း　　ကျွေးမွေးခြင်းတွက်
အသက်ရှည်ခြင်း　　ရုပ်ဆင်းဝင်းပ
လှပတင့်မော　　စိတ်ရောကိုယ်ပါ
ချမ်းသာများပြား　　ကိုယ်အင်အားနှင့်
ဉာဏ်အားကြီးခြင်း　　ပြည့်စုံခြင်းတို့
ရခြင်းများပြား　　ကျိုးတရားတို့
ခံစားရရှိ　　ပြည့်စုံဘိ၏
အသိပညာ　　ထင်လင်းသာသည်
မဟာလူသား　　သင်တကား
ကမ္ဘာထင်ရှား　　မြင်တကား။　　။

✻ ၍ဘိုးဘွားရိပ်သာ
ဒါနပေးသူ
အလှူပုဂ္ဂိုလ်
ထိုနိဗ္ဗ
မြစ္စအလှူဟူသတည်း။
✻ ကာလဒါန
မွန်မြတ်စွသော
လှပကုသိုလ်ဟူသတည်း။
✻ လောကတစ်ခွင်　　ကျော်ဇောထင်၏
ချစ်ကြင်မြတ်နိုး　　မေတ္တာစိုးခဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးဘာသာ သာသနာလျှင်
ဝေဖြာပွင့်လင်း ရွှန်းပဝင်းနေ
ချစ်ခြင်းဂုဏ်သိန် တရှိန်ရှိန်ပင်
စိန်ရတုသည် နှစ်ပတ်လည်ပြီ
မြန်ပြည်သိက္ခာ မြင့်မားစွာတည်း
ကမ္ဘာအလည် တို့ရပ်တည်
ဂုဏ်ရည်ထွန်းပြောင် မျိုးဂုဏ်ရောင်
ရောင်ခြည်တထောင် အလင်းဆောင်။
အမှောင်ကင်းရှင်း ပပဝင်း၊ ဝင်းဝင်းဝင်း။


✠ ငါတို့ဘိုးဘွား
စောင့်ရှောက်ထား
အားလုံးကူညီ
တို့မြန်ပြည်
နှစ်ရှည်လတွေ
ဖွံ့ဖြိုးဝေ ဝေ ဝေ ဝေ။

✠ မေတ္တာရွှေရည်
ပွင့်မော့စည်
ကြည်သာအေး
အေးမှအေး အေး အေး အေး။

✠ နေဝန်းနီနီ
ရွှန်းမြကြည်
နေခြည်ဖွေးဖွေး
နွေးမှနွေး နွေး နွေး နွေး

✠ နှင်းဆီနီနီ
ရနံ့ကြည်
ရီရီပျံ့မွှေး
မွှေးမှမွှေး မွှေး မွှေး မွှေး

## ထီလာစစ်သူ၏ ကိုယ်ရေးရာဇဝင်



ထီလာစစ်သူကို ၁၉၃၂ ခုနှစ်တွင် မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ ရွှေစစ်သည်ကျေးရွာတွင် မွေးဖွားသည်။ ကျောင်းဆရာကြီးဦးဘရင်နှင့်ဒေါ်အုန်းရင်တို့၏ သားကြီးဖြစ်သည်။ ရန်ကုန်သက်ကြီးတက္ကသိုလ်တွင် ဉပစာဝိဇ္ဇာ (က) အထိ ပညာသင်ကြားခဲ့သည်။

မိတ္ထီလာမြို့၊ အမျိုးသားအထက်တန်းကျောင်း၊ ကျောင်းသားဘဝ ၁၉၄၉ ခုနှစ်တွင် ကျောင်းသားရဲဘော် တပ်ဖွဲ့တွင်ပါဝင်၍သောင်းကျန်းသူများအား လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့သည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာ့တပ်မတော်ကို ဝင်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပြန်ဝမ်းဝင်အရာရှိအဆင့်သို့ရောက်ရှိခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် စစ်နယ်မြေဒေသအနှံ့အပြားတွင် တိုက်ပွဲကြီးငယ် (၁၀၀) ကျော်ပါဝင်တိုက်ခိုက်ခဲ့သည်။ ရန်သူ (၅၀၀) ကျော်ခန့် သေကြေထိခိုက်ဒဏ်ရာရ ဖမ်းဆီးရမိစေခဲ့သည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတပ်မဟာ (၇) ဗန်းမော်စစ်ဗျူဟာ ခ. လ. ရ (၄၇) ၌ တာဝန်ထမ်းဆောင်စဉ် (၁၉၆၇ ခုနှစ်၊ ဗန်းမော်မြို့နယ် ကိုက်ထိပ်တပ်စခန်းအနီး မြန်မာ/တရုတ်နယ်စပ်လမ်းမကြီးပေါ်တွင် ရန်သူမှောင်ခို ဘိန်းကုန်ကူးအဖွဲ့အား ဖမ်းဆီးရမိခဲ့ရာ မြင်း/လား (၂၅) ကောင်နှင့်အတူ ဘိန်းစိမ်းအလုံးပေါင်း (၁၃၇၅ လုံး (တစ်လုံး တစ်ပိဿာ) အားဖမ်းဆီးရမိပြီး ဗန်းမော်စစ်ဗျူဟာသို့ စနစ်တကျအပ်နှံခဲ့သည်။ (ထိုအချိန်က ရွှေတစ်ကျပ်သားလျှင် ၄၀၀ိ/- ဖြစ်ပြီး ဘိန်းတစ်လုံး၏ တန်ဖိုးနှင့် ညီမျှသည်။) အရှေ့ပိုင်းတိုင်း မိုင်းဆက်နယ်မြေတွင် ရန်သူမှ ဖမ်းဆီးသွားသူရဲဘက် (၂၀) ဦးကို စွန့်စွန့်စားစားကယ်တင်ခဲ့သည်။ ဦးဆောင်ဆင်နွှဲခဲ့သော တိုက်ပွဲများတွင် ရန်သူများကျော် ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ရန်သူထံမှ အဖိုးတန်ရွှေ၊ ငွေ၊ လက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com

ရတနာများ၊ ဘိန်းများနှင့် တရားမဝင်မှောင်ခို ပစ္စည်းစုစုပေါင်း ကျပ် (၅) သန်းဖိုးခန့် သိမ်းဆည်းရမိခဲ့သည်။ အားလုံးကို နိုင်ငံတော်သို့ အပ်နှံခဲ့သည်။

ကျိုက်ထိုမြို့ အမှတ် (၂၆) ခြေလျင်တပ်ရင်း ခြေလျင်တပ်ခွဲမှူး တပ်ရေးတပ်ထောက်တာဝန်ကို ၁၉၆၃ ခုမှစ၍ တာဝန်ယူခဲ့ပြီး ၁၉၆၅-၁၉၆၇ ခုနှစ်တွင် ကျိုက်ထိုမြို့နယ် နလတဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနသို့ ရွှေ့ပြောင်းသည်။ ကျိုက်ထီးရိုး၊ ဝင်းကလောပုက္ခမူ၊ ကျောင်း အလှည်း လမ်းကူး၊ ဘိုးရားကြီး၊ ကျိုက္ကဆံ၊ စလွန်ချောင်း ဒေသတို့တွင် Buldozer ၁၇ စီး Sky Scriperens များဖြင့် တပ်ခွဲတစ်ခွဲ တာဝန်ယူ၍ တောရှင်းပြီး ကြံစိုက်ပျိုးရေးလုပ်ရာ ဧက ၆၀၀၀ ခန့် ရှင်းလင်းနိုင်ခဲ့သည်။ မြေယာရှင်းလင်းပြီးသောအခါ မြေကွက်ချပေးသည်။ ကြံစိုက်ပျိုးမှုသာမက ယခုအခါ ဆီအုန်းများ၊ ရော်ဘာပင်များ စည်ပင်ထွန်းကား၍ အင်္ဂပူရွာတွင် ဆီအုန်းကြိတ် စက်ထူထောင်၍ နိုင်ငံတော်အတွက်စားအုန်းဆီ ထုတ်လုပ်ပေးနေသည်။

စစ်တောင်းစက္ကူစက်အတွက် တောရှိုင်းမြေရှင်းလင်းပြီး မော်လမြိုင်တယက၊ သထုံခယကကြီးကြပ်မှုဖြင့် ကျိုက်ထိုနယ်က တာဝန်ယူ၍ စက်ရုံစတင်တည်ဆောက်သည်။ တရုတ်ပြည်မှ စက္ကူစက်တည်ဆောက်ရေး ပညာရှင်များ မြန်မာဘက်မှ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးတင်ထွန်း၊ ဦးညွန့်တို့နှင့် ၁၉၆၅ မှ ၁၉၆၇ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်သည်။ စက္ကူစက် လည်ပတ်ထုတ်လုပ်သော အခြေအနေသို့ရောက်ခဲ့သည်။

ဟိုပင်မြို့နယ် တကွင်းချောင်းရေနုတ်မြောင်းပိတ်ဆို့ပျက်စီးနေရာ ဆည်မြောင်းအင်ဂျင်နီယာများ၊ ပါတီယူနစ်ဥက္ကဋ္ဌ ဦးမြတ်စိုး၊ နယကဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ တူးဖော်ခဲ့သည်။ မပခ တိုင်းမှူးဗိုလ်မှူးကြီးထွဋ်တင် တက်ရောက်အားပေးသည်။ ကျောင်းသူကျောင်းသားများ၊ တောင်သူလယ်သမားများ ၅၀၀၀ခန့် ပါဝင်အကောင်အထည်ဖော်သည်။ စပါးစိုက်ဧက ၅၀၀၀ ခန့် ရေဖူလုံစွာ ရသွားလေပြီ။

ယခုအခါ ရော်ဘာခြံများ၊ ဆီအုန်းပင်များ အချို့နေရာများ၌ အစားထိုးစိုက်ပျိုး၍ ဖြစ်ထွန်းအောင်မြင်သဖြင့် အင်္ဂဘိုရွာတွင် စားအုန်းဆီစက်တစ်လုံးတည်ဆောက်ပြီး ဆီအုန်းများ ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။

၁၉၆၇ ခုနှစ်တွင် ဗန်းမော်ခရိုင်၊ ရွှေဂူမြို့နယ်၊ အမတ်ကြီးကုန်းကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးစစ်ကြောင်းကြီး (၅) ကြောင်းဖြင့် ကြီးကြပ်ကာ ဆောင်ရွက်ပေးခဲ့သည်။ ခရစ်ယာန်ဘာသာဝင်များအတွက် ဘုရားရှိခိုးကျောင်းတစ်ကျောင်းကိုပါ ဆောက်လုပ်ပေးခဲ့သည်။

၁၉၉၉ ခုနှစ်တွင် မိတ္ထီလာခရိုင်၊ ရွှေစစ်ဆည်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကို မိတ္ထီလာမြို့ အထက (၄) ၏ ကျောင်းခွဲအဖြစ်စတင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ ကျောင်းစတင်တည်ဆောက်ဖွင့်လှစ်သည့်ကာလမှ ၂၀၀၂ ခုနှစ်အထိ ကျပ်သိန်းပေါင်း ၁၀၀၀ိ/- (ကျပ်သိန်းတစ်ထောင်) ခန့်တန် အဆောက်အဦများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ ရှိနေပြီဖြစ်သည်။ ထိုမတည်ရင်းနှီးငွေများတွင် ကဗျာဆရာကြီးက ငွေကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်း) စတင်မတည်၍ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးကလည်းကောင်း၊ တိုင်းမှူးများ၊ မြို့တော်ဝန်များ၊ ဗိုလ်ချုပ်ဋ္ဌေးဦး၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ပြည်သူလူထုမှ လှူဒါန်းသော အလှူငွေများဖြင့် နိုင်ငံတော်ဘတ်ဂျက် မသုံးစွဲဘဲ တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယခင်မူလတန်းကျောင်းသား/ကျောင်းသူ (၄၀) တက်ရောက်သင်ကြားနေရာမှ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ်တွင် (၇၀၀) ခန့်သင်ကြားလျက်ရှိသည်။ ထို့အပြင် ဗြိပ ဆရာ/ဆရာမများကို ငှားရမ်း၍ (၉) တန်း၊ (၁၀) တန်းကိုပါ ပူးတွဲသင်ကြားပေးစေခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ မိတ္ထီလာ၊ ကျောက်ပန်းတောင်းကားလမ်းပေါ်ရှိ ကျောက်ဖူးကျေးရွာမှ ရွှေစစ်သည်ကျေးရွာအထိ လမ်းအရှည် (၄) မိုင်ခွဲအား နယ်စပ်စစ်ပင်သာယာရေးအဖွဲ့၏ အကူအညီဖြင့် ဖေါက်လုပ်ပေးထားပြီးဖြစ်သည်။

၁၉၆၂ ခုနှစ်၊ နီဝင်ဘာလတွင် အမျိုးသားစာပေညီလာခံကြီးကို ဦးဆောင်ကျင်းပပေးခဲ့သည်။ အလားတူ ၁၉၆၃ ခုနှစ်၊ မေလတွင် ဝါဂီနစ် (သဘင်) ပညာသည်များ ညီလာခံကို ကျင်းပပေးခဲ့သည်။

သူ၏ရှည်လျားသော ဝန်ထမ်းသက်ကာလတစ်လျှောက်တွင် အောက်ဖေါ်ပြပါ ဝန်ကြီးဌာနများတွင် တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

- ယဉ်ကျေးမှုဝန်ကြီးဌာန၊
- ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊
- လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊
- ကာကွယ်ရေးဝန်ကြီးဌာန၊
- ပြန်ကြားရေးဝန်ကြီးဌာန၊

ထို့အပြင် ၁၉၈၄ - ၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်သက်တမ်းတွင် ကွေး

www.burmeseclassic.com

www.burmeseclassic.com

တိုင်းမြို့သစ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည်။

တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးဌာနများအနက် မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (၂) ခုတွင် (၃) ကြိမ်စီ ဌာနအကြီးအကဲအဆင့် မှဒုတိယဝန်ကြီးအဆင့်အထိ ထူးခြားစွာ တာဝန်ယူဆောင်ရွက်ခဲ့သည်။

သူသည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ပထမအကြိမ် မြန်မာနိုင်ငံစာပေညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို ဆောင်ရွက်ပေးခဲ့သည်။

စစ်မှုထမ်းကောင်းတံဆိပ်အပါအဝင် ဆုတံဆိပ် (၅) ခု၊ ပြည်သူ့ ဝန်ထမ်းတံဆိပ် (၄) ခု၊ စုစုပေါင်းဘွဲ့ထူးဂုဏ်ထူးဆိုင်ရာဆုတံဆိပ် (၉) ခုရရှိသည်။ စစ်မှုထမ်းကောင်းတံဆိပ် Marshal Tito's Military Third Degree များပါဝင်သည်။ ပြင်းထန်စွာ ဒဏ်ရာနှစ်ကြိမ်ရရှိခဲ့သည်။

ဆရာကြီးဒေါက်တာထီလာစစ်သူသည် ကဗျာကို (၁၄) နှစ်သားအရွယ်ကစ၍ ရေးသားခဲ့သည်။ ယခုအခါ အပုဒ်ရေ (၁၀၀၀) ကျော်ရေးသားခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတို စုစုပေါင်း အပုဒ်ရေ (၁၅၀၀) ကျော် ရေးသားခဲ့ရာ (၂၅၅) ပုဒ်မှာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပြီးဖြစ်သည်။ စာအုပ် အဖြစ် ကဗျာစာအုပ် (၂၄) အုပ်နှင့် ဝတ္ထုစာအုပ် (၁၀) အုပ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်းစာအုပ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြန်လည်ရိုက်နှိပ် ထုတ်ဝေရန် အင်္ဂလိပ်-တရုတ်-ပြင်သစ်-ဂျာမန်-ဂျပန် ဘာသာတို့ဖြင့် ပြန်ဆိုထားပြီးဖြစ်သည်။

သူ၏ထင်ရှားကျော်ကြားလှသော မဲခေါင်မြစ်မှ အိုရွက်ဝါကဗျာစာအုပ်သည် ၁၉၆၂ ခုနှစ်က မြန်မာနိုင်ငံတွင် အစောဆုံး စာပေဆုဖြစ်သောစာပေဗိမာန်ဆုကြီးကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုစာပေဗိမာန်ဆုရ မဲခေါင်မြစ်မှ အိုရွက်ဝါကဗျာစာအုပ်ကို နယ်သာလန်နိုင်ငံ စတီဖင် စာအုပ်တိုက်မှ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ရောင်းချခဲ့သည်။ ဘာသာပြန်ဆိုသူမှာ အရှင်အာနန္ဒာဖြစ်သည်။ တစ်ဖန် ဆရာကြီးဒေါက်တာထီလာစစ်သူသည် (၂၀) ရာစုနှစ် မြန်မာစာဆို၊ မြန်မာကဗျာ (ဂုဏ်ဝင်း) စာအုပ်သည် ၁၉၉၂ ခုနှစ် အမျိုးသား စာပေဆု ချီးမြှင့်ခံရသည်။

သူ၏စာများအနက် စီးဆင်းရစ်လေဦး ဧရာဝတီစာအုပ်နှင့် (၂၁) ရာစု

BURMESE CLASSIC .com

မြန်မာစာပေနှင့် မြန်မာကဗျာများ (ငွေတာရီ၊ နုယဉ်၊ မင်းယုဝေ၊ ဘုတလင်ချစ်လေး၊ ဂုဏ်ဝင်း နောင်) စာအုပ်နှင့် 'လောကအမြင်စာအုပ်သည်လည်း စာပေသမိုင်းမှတ်တိုင်များအဖြစ် ထင်ရှားကျန်ရစ်လျက်ရှိသည်။

ကဗျာဆရာကြီး၏ စစ်သား၏ကဗျာတစ်ပုဒ်ကို မလိခချစ်သူအမည်ဖြင့် ရွှေဟသ်ာရုပ်ရှင်ကုမ္ပဏီမှ ဦးဟန်သိန်း ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ မြတ်လေး၊ အကယ်ဒမီ နေဝင်း၊ အကယ်ဒမီ ခင်ယုမေ ပါဝင်သည်။ နောက်ဝတ္ထုတစ်ပုဒ်မှာ 'ဇော' ဝတ္ထုကို ရွှေဟသ်ာရုပ်ရှင် ကိုညိန်းညိန်းက ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီ ခင်သန်းနုတို့ဦးဆောင်ပါဝင်သည်။

နောက်ဝတ္ထုတစ်ပုဒ်မှာ မြပုလဲသွယ်ဝတ္ထုဖြစ်ပြီး ဒါရိုက်တာ ကိုသိန်းဝင်း ရိုက်ကူးပြီး အကယ်ဒမီ ထွန်းထွန်းဝင် ပါဝင်သရုပ်ဆောင်သည်။

၁၉၉၆ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံ Indochina Ventyure Form အသင်းကြီးက ကမ္ဘာ့စာပေလောကတွင် ထင်ရှားသော မဲခေါင်မြစ်မှ အိုရွက်ဝါကဗျာစာအုပ်အတွက် The Great Poet Laureate ကဗျာသရဖူဘွဲ့ကို ချီးမြှင့်ပေးခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ စာပေယဉ်ကျေးမှုအဖြစ် ဆက်သွယ်ရန် ပေါင်းကူးတံတားခင်းခြင်းဖြစ်သည်။

နိုင်ငံတော်မှ သွားအား အားထုတ်ရေးသားခဲ့သော သတင်းစာအသီးသီး၌ ဖော်ပြပါရှိခဲ့သည့် တိုင်းကျိုးပြည်ပြု ဆောင်းပါးများအတွက် (၂၉. ၄. ၉၇) (အင်္ဂါနေ့) တွင် သီးသန့်ဂုဏ်ပြုချီးကျူးပွဲအခမ်းအနားတစ်ရပ်ကျင်းပ၍ အခြားသတင်းစာဆရာ (၅) ဦးနှင့်အတူ ဂုဏ်ပြုချီးကျူးခြင်းခံခဲ့ရပါသည်။

ဆရာကြီးဒေါက်တာထီလာစစ်သူသည် ၁၉၅၃ ခုနှစ်တွင် ဆွစ်ဇာလန်နှင့် ယူဂိုးဆလားဗီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် အင်္ဂလန်၊ အမေရိကန်၊ ဂျပန်နှင့် ဟောင်ကောင်နိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၈ ခုနှစ်တို့တွင် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၁ တွင် ဂျပန် နိုင်ငံသို့လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ထိုင်း၊ ဂျပန်နှင့် လာအိုနိုင်ငံများသို့ လည်းကောင်းသွားရောက်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ Min-on ၂၀၀၀ ပြည့်နှစ်၊ မတ်လတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ Min-on အနုပညာကဇာတ်အဖွဲ့မှ ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ချီးမြှင့်ခြင်းခံရပါသည်။

2001 The Title Of "Literary Messenger of Frendship" Awarded By Writers Association of The People's Republic of China ၂၀၀၁ ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

စာပေယဉ်ကျေးမှုချစ်ကြည်ရေးသံတမန်ဘွဲ့ထူးဂုဏ်ထူးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံလုံးဆိုင်ရာ စာရေးဆရာအသင်းကြီးက (၁၃. ၄. ၂၀၀၁) ရက်နေ့တွင် ချီးမြှင့်ပေးအပ်သည်၊

၂၀၀၂ ခုနှစ်၊ ဩဂုတ်လတွင် အင်္ဂလန်နိုင်ငံ၊ Cambridge မြို့ရှိ International Biographical Centre (IBC) မှ Literature and Government အတွက် One Thousand Great Asian ဆုတံဆိပ်နှင့် 21 st Century Award for Achievement ဆုတံဆိပ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ လက်ခံရရှိခဲ့ပါသည်၊ ဆရာကြီးဒေါက်တာထီလာစစ်သူ၏ အမည်ရင်းမှာ ဦးစိုးညွန့်ဖြစ်သည်။

ဇနီး ဒေါ်လှယဉ်ယဉ်စိုးနှင့် ၁၉၅၅ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီး (၈) ယောက်ထွန်းကားခဲ့ပါသည်။

## ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးညွန့် အငြိမ်းစား (ထီလာစစ်သူ) ရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးများစာရင်း

ဘွဲ့ထူးဂုဏ်ထူးများ

၁။ ၁၉၉၆ ခုနှစ် (The Great Poet Laureate Japan)
၂။ ၁၉၆၂ ခုနှစ်၊ စာပေဗိမာန်ကဗျာဆု၊
၃။ ၁၉၉၂ ခုနှစ်၊ အမျိုးသားစာပေဆု၊
၄။ ၂၀၀၀ ပြည့်နှစ်၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင်၊ မင်းတွန်အနုပညာအကအဖွဲ့၊ ဂျပန်နိုင်ငံ၊
၅။ The Literary Messenger of Friendship China 2001
၆။ One Thounsand Great Asians, IBC, Cambridge, ENGLAND 2002
၇။ 21st Century Award for Achievement in Literature and Government, IBC Cambridge - 2002
၈။ Award for Excellent Performance in Literature in Myanmar 2003
၉။ The Friendship Medal LPDR. "LAO Government"
၁၀။ This Pictorial Testmonial of Achievement and Disinction, proclaims Through out the world, by International Biographical Centre, Cambridge, England. 2004
၁၁။ The degree of Doctor of Philosophyin Poetry (Dublin Metropolitan University)
၁၂။ Honorary Fellow of Dublin Metropolitan University. The College of Fellow of Dublin Metropolitan University, Ireland, 2004

တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သည့် ဘွဲ့ထူးဂုဏ်ထူးများ

၁။ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်
၂။ ပြည်ပရန်နှိမ်တံဆိပ်
၃။ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်
၄။ စစ်မှုထမ်းကောင်းတံဆိပ်
၅။ Marshal Tito's Military Merits Third Degree ယူဂိုစလားဗီးယား (၁၉၅၃)

နယ်ဘက်တွင် တာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သည့် ဘွဲ့ထူးဂုဏ်ထူးများ

၁။ စီမံထူးချွန် (ပထမ) ဆုတံဆိပ်
၂။ ပြည်သူ့ဝန်ထမ်းတံဆိပ်
၃။ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်
၄။ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်

စုစုပေါင်းရရှိခဲ့သော ဘွဲ့တံဆိပ်များ

| | | |
|---|---|---|
| ၁။ | စစ်ဘက် | ၅ - ခု |
| ၂။ | နယ်ဘက် | ၄ - ခု |
| ၃။ | စာပေဘက် | ၁၄ - ခု |
| | စုစုပေါင်း | ၂၀ - ခု |

## ထီလာစစ်သူ (The Great Laureate) ၏ ထုတ်ဝေပြီး၊ ထုတ်ဝေဆဲ၊ ပုံနှိပ်ဆဲ၊ ထုတ်ဝေမည့် စာအုပ်စာရင်း

မြန်မာဘာသာ၊ ဝတ္ထုထုတ်ဝေပြီး (၁၁) အုပ်

| | | |
|---|---|---|
| ၁။ | ချစ်ကြသည်ဆိုရာဝယ် (ဝတ္ထု) | ၁၉၆၀ ပြည့်နှစ် |
| ၂။ | ချစ်သူနှင့်သာဆိုလျှင် (ဝတ္ထု) | ၁၉၆၄ ခုနှစ် |
| ၃။ | မြပုလဲသွယ် (ဝတ္ထု) | ၁၉၆၅ ခုနှစ် |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၄။ စီးဆင်းရစ်လေဦး ရောဝတီဝတ္ထုကြီး (ပထမတွဲ) ပအကြိမ် — ၁၉၇၀ ခုနှစ်
၅။ လွမ်းငွေ့ယမ်းငွေ့နှင်းငွေ့မှုန်မှုန် (ဝတ္ထု) — ၁၉၇၀ ခုနှစ်
၆။ စီးဆင်းရစ်လေဦး ရောဝတီဝတ္ထုကြီး (ပ+ဒု+တ အတွဲများ) ဒုတိယအကြိမ် — ၁၉၇၇ ခုနှစ်
၇။ ချစ်ကြသူတို့အကြောင်း (ဝတ္ထု) — ၁၉၈၁ ခုနှစ်
၈။ နှလုံးသားမှ မေတ္တာရေစင် (ဝတ္ထု) — ၁၉၈၃ ခုနှစ်
၉။ မောင့်ရင်ထဲမှာ လဝန်းသာစေချင် (ဝတ္ထု) — ၁၉၉၃ ခုနှစ်
၁၀။ ချစ်သောနစ်ကင်စီမှ မိနှင့် အခြားဝတ္ထုလတ်၊ ဝတ္ထုတိုပေါင်းချုပ် — ၁၉၉၇ ခုနှစ်
၁၁။ ကျွန်တော်က သူ့ကိုမမေ့ပါနှင့် အခြားဝတ္ထုလတ်၊ ဝတ္ထုတိုပေါင်းချုပ် — ၁၉၉၉ ခုနှစ်

မြန်မာဘာသာဖြင့် ထုတ်ဝေပြီးကဗျာ (၂၄) အုပ်

၁။ မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများ — ၁၉၆၀ ခုနှစ်
၂။ သွေးနှင့်အလင်္ကာကဗျာများ — ၁၉၆၂ ခုနှစ်
၃။ အောင်ပွဲနှင့် မျက်ရည်ကဗျာရှည် — ၁၉၆၄ ခုနှစ်
၄။ အတွေ့အကြုံနှင့်အတွေးအမြင်ကဗျာများ — ၁၉၆၅ ခုနှစ်
၅။ ရောဝတီပေါ်မှ နေဝန်းနီကဗျာများ — ၁၉၆၈ ခုနှစ်
၆။ ရွက်ဝါမှသည် နေဝန်းနီကဗျာပေါင်းချုပ် — ၁၉၇၀ ခုနှစ်
၇။ ကြယ်ပွင့်တစ်ထောင်ပန်းတစ်ထောင်ကဗျာများ — ၁၉၇၆ ခုနှစ်
၈။ အမိမြေ အမိနိုင်ငံ ကဗျာများ — ၁၉၈၅ ခုနှစ်
၉။ ဘဝရနံ့နှင့် ပဲ့တင်သံကဗျာများ — ၁၉၈၅ ခုနှစ်
၁၀။ လယ်တောထဲက စာချောက်ရုပ်ကလေး (ပထမအကြိမ်) — ၁၉၈၇ ခုနှစ်
၁၁။ အနုပညာပန်းခင်းကဗျာများ — ၁၉၉၅ ခုနှစ်
၁၂။ သင်သည်လောကသူရဲကောင်းနှင့် အခြားကဗျာများ — ၁၉၉၅ ခုနှစ်
၁၃။ ကြာပန်းဝတ်ရည်ကဗျာများ — ၁၉၉၇ ခုနှစ်
၁၄။ ရောဝတီတေးသံကဗျာများ — ၁၉၉၃ ခုနှစ်
၁၅။ ဟိုင်းကြီးကျွန်းနိုင်နှင့် ပန်းဝါနိုင်မော်ကွန်းကဗျာစု — ၁၉၉၉ ခုနှစ်
၁၆။ ရောဝတီ၊ ယန်စီချစ်ကြည်တေးဆိုကဗျာများ — ၂၀၀၀ ခုနှစ်
၁၇။ မြစ်ကြီးအစင်းစင်း တောင်မင်းစီရရီ လွမ်းခွေရစ်သီကဗျာများ — ၂၀၀၃ ခုနှစ်
၁၈။ လင်္ကာချစ်သူကဗျာများ — ၁၉၉၃ ခုနှစ်
၁၉။ ပိတောက်တရုပ်စကားဝါပန်းရနံ့များဖြာ အလင်္ကာကဗျာများ — ၂၀၀၂ ခုနှစ်
၂၀။ ထီလာစစ်သူ၏ ကဗျာပေါင်းချုပ် (ပထမတွဲ) — ၂၀၀၁ ခုနှစ်
၂၁။ တောင်ကြီးတွေမြင့်၊ ပန်းပွင့်ဝေဝေ အလှရွှေမြေ အလင်္ကာကဗျာများ — ၂၀၀၃ ခုနှစ်
၂၂။ ပိတောက်ချယ်ရီမွှေးပျံ့သင်းရီ အလင်္ကာကဗျာများ — ၂၀၀၃ ခုနှစ်
၂၃။ ငှက်ငှက်တို့ပျံသန်းလေရာ၊ ရာဘင်ဖြာနတ်တဂိုး၏ ဘာသာပြန်ကဗျာများ — ၂၀၀၃ ခုနှစ်
၂၄။ နာဂါစကီမှ အိုခေါင်းလောင်းသံကဗျာရှည် — ၂၀၀၄ ခုနှစ်

မြန်မာစာပေကျမ်းများ (၁၁) အုပ်

၁။ ၂၀ ရာစုမြန်မာစာဆို မြန်မာကဗျာစာပေ ငွေတာရီ၊ နုယဉ်၊ မင်းယုဝေ၊ ဘုတလင်ချစ်လေး (စာဆို ၅ ဦး) — ၁၉၈၅ ခုနှစ်
၂။ ၂၀ ရာစု မြန်မာစာဆို မြန်မာကဗျာ (ဂုဏ်ဝင်း) — ၁၉၉၁ ခုနှစ်
၃။ ၂၀ ရာစု မြန်မာစာဆို မြန်မာကဗျာ (နောင်) — ၁၉၉၁ ခုနှစ်
၄။ မြန်မာကဗျာ ဝေဖန်ရေးစာပေ — ၁၉၉၈ ခုနှစ်
၅။ မြန်မာဂန္တဝင်စာတမ်း — ၁၉၉၈ ခုနှစ်
၆။ ဇာတိမာန်ကဗျာစာတမ်း — ၁၉၉၈ ခုနှစ်
၇။ စာပေသမိုင်းယဉ်ကျေးမှုစာစုအထွေထွေ — ၁၉၉၇ ခုနှစ်
၈။ ဆရာကြီးဇော်ဂျီ၏ ကဗျာစာတမ်း — ၂၀၀၃ ခုနှစ်
၉။ ဆုရမြန်မာဝတ္ထုတိုများမိတ်ဆက် (ဟိန်း) — ၁၉၉၄ ခုနှစ်
၁၀။ လောကအမြင်ကဗျာကျမ်း — ၁၉၉၄ ခုနှစ်
၁၁။ ဆရာကြီးဇေယျ၏ ကဗျာစာတမ်း — ၁၉၉၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အခြားကလောင်အမည်ခွဲများနှင့် ရေးသားသောကျမ်းများ (၄၁) အုပ်

၁။ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းကြသည်ဆိုရာဝယ် ၂ တွဲ (ရဲခေါင်ကျော်စွာ) (၁၉၉၀)

၂။ မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော (သုတေသီတစ်ဦး) (၂၀၀၃)

၃။ ဘာကြောင့်စတာလင်ငွေကြေးနယ်ပယ်မှ မြန်မာနိုင်ငံနုတ်ထွက်ခဲ့သလဲ၊ ဘာတွေဂယက်ရိုက်ခဲ့သလဲ (ဗိုလ်သံမဏိ) (၁၉၉၁)

၄။ ဦးနုပြည်ပြေးဘဝက ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲ (ရဲခေါင်ကျော်စွာ) (၁၉၉၁)

၅။ မြန်မာလူမျိုးတို့အပေါ် နယ်ချဲ့ဖက်ဆစ်တို့၏ ကြမ်းတမ်းရက်စက်ယုတ်မာမှုများနှင့် မြန်မာနန်းစဉ်ရတနာများကို အဓမ္မယူဆောင်သွားမှုဖြစ်ရပ်များ (ဗိုလ်သံမဏိ) (၁၉၉၀)

၆။ မိုးလုံးပြည့်မုသာဝါဒ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အော အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ်ချေပချက်များသော တရှင်တစ်ဦး (၁၉၈၈)

၇။ မိုးလုံးပြည့်မုသာဝါဒ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အော ၃၄ အုပ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ (၃၄) အုပ် (ဆောင်းပါးပေါင်းချုပ် ထီလာစစ်သူ + တင်ထွေး + မောင်ရဲတင့် ပူးပေါင်း၍ သောတရှင်တစ်ဦးအမည်ဖြင့် ထုတ်ဝေသည်။ (၁၉၈၈-၁၉၉၀)

BURMESE CLASSIC .com

www.burmeseclassic.com